www.burmeseclassic.com




တက္ကသိုလ်

# နှောလင်းဒေါင်

ကျင်းယုံ၏ဝမ်းဝေကျန်းယု

## ရန်နှိမ်ဓား

ဒုတိယပိုင်း
ဇာတ်သိမ်းပိုင်း

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူ အမြန်ဆုံး ရှောင်တိမ်းရပေတော့မည်။

သို့သော် အတော်ပင် နောက်ကျသွား၏။

လိုဇ်ဂူအပြင်ဘက်မှ စကားသံများကို ကြားလိုက်ရလေသည်။

"ကြယ်တံခွန်ဂိုဏ်းချုပ် ရောက်ရှိလာတယ်၊ နောင်တော်မားကျိုတောက်ရဲ့အပြစ်တွေကို လွတ်ငြိမ်းချမ်းသာခွင့်လည်း ပေးလိုက်ပါပြီ၊ ဒါကြောင့် လိုဇ်ဂူအပြင်ဘက်ထွက်ပြီး ကြိုဆိုပါ"

ချင်ဟူဖေး သက်ပြင်းချလိုက်၏။ သူ ဘာလုပ်ရမည်နည်း။

ထိုစဉ် စကားသံက ထပ်၍ ထွက်ပေါ်လာ၏။

"နောင်တော်မားကျိုတောက်ခင်ဗျာ ... ဂိုဏ်းချုပ်ရဲ့အမိန့်၊ ကြယ်တံခွန်အမိန့်အရ ထွက်ခဲ့ပါ၊ မထွက်လာရင် ကြယ်တံခွန်အဖွဲ့ရဲ့ သစ္စာဖောက်တစ်ဦးအဖြစ် သတ်မှတ်ရပါလိမ့်မယ်"

မားခုံး၏အသံပင် ဖြစ်၏။

မားခုံးသည် ကြယ်တံခွန်အမိန့်ကို အသုံးပြုကာ အကျပ်ကိုင် အမိန့်ပေးနေခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူထဲတွင် ကျဉ်းသောကြောင့် အများနှင့်တိုက်ခိုက်၍ မလွယ်ပါ။ မားခုံးလည်း မဆင်းရဲပါ။

ထို့ကြောင့် မားကျိုတောက်အား အပြင်သို့ ခေါ်ထုတ်လိုက်ခြင်း ဖြစ်သည်။

ချင်ဟူဖေးအား ရှင်းလင်းရန်မှာ မားကျိုတောက် ဘေးဖယ်နေမှသာ ဖြစ်မည်မဟုတ်ပါလား။

လိုဏ်ဂူထဲ၌လည်း ချင်ဟူဖေးက ဒွေးတောနေ၏။

သူသည် ကြယ်တံခွန်ဂိုဏ်းသားများအား မတိုက်ခိုက်ပါဟု မားကျိုတောက်အား ကတိပြုထားခဲ့၏။

အင်အားအပြည့်နှင့် ဝိုင်းရံထားသော ကြယ်တံခွန်သိုင်းသမားများလက်မှ ထွက်ပြေးရန်ကား မလွယ်ပါ။

သို့သော် ယခုအချိန်တွင် မားကျိုတောက်သာ လိုဏ်ဂူထဲမှ ထွက်လာမည်ဟု အားလုံးက ထင်မှတ်ထားကြမည် ဖြစ်၏။

တိုက်ခိုက်ရန် အသင့်အနေအထားတွင် ရှိချင်မှ ရှိပေမည်။

ထို့အပြင် မားကျိုတောက်အား ရှိန်၍နေကြမည်မှာလည်း သေချာ၏။

ထိုအခွင့်အရေးကို သူက အပြည့်အဝအသုံးချနိုင်မှ ဖြစ်ပေမည်။



သူ လိုဏ်ဂူထဲမှ တစ်ရှိန်ထိုးပြေးရမည်။

ချင်ဟူဖေး ဆုံးဖြတ်ချက်ချလိုက်၏။

သူသည် မားကျိုကောက်အား ဦးချကန်တော့လိုက်၏။

ထို့နောက် ... အတွင်းအားကို အပြည့်အဝစုစည်းကာ လက်ဝါးနှစ်ဖက်ကို ရှေ့သို့ တအားရိုက်ထုတ်လိုက်၏။

ပြင်းထန်သော လေလှိုင်းတစ်ခုသည် လိုဏ်ဂူအပြင်ဘက်သို့ ရိုက်ခတ်သွားလေတော့သည်။

❒

မားခုံးသည် လိုဏ်ဂူအတွင်းသို့ စူးစိုက်ကြည့်နေ၏။

ထိုစဉ် ... လိုဏ်ဂူထဲမှ ပြင်းထန်သော လေလှိုင်းတစ်ခုထွက်လာသည်ကို ခံစားလိုက်ရသောအခါ ထိတ်လန့်သွား၏။

"အားလုံးသတိထား၊ နောက်ဆုတ်"

ဟု အော်ဟစ်လိုက်၏။

သူကိုယ်တိုင်လည်း နောက်သို့ အနည်းငယ်ဆုတ်သွားလိုက်သည်။ ကြယ်တံခွန် အဖွဲ့သားများမှာလည်း မားကျိုတောက်ထွက်လာပြီဟု အထင်ရောက်ကာ နောက်သို့ ဆုတ်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုတာဒင်္ဂအတွင်းမှာပင် လိုဏ်ဂူထဲမှ လူရိပ်တစ်ရိပ် ပြေးထွက်လာ၏။

ထို့နောက် ... ပိုင်းရံထားသော ကြယ်တံခွန်သိုင်းသမားများ၏ခေါင်းပေါ်မှ ခုန်ကျော်ကာ ထွက်ပြေးသွားလေသည်။

မထင်မှတ်သောအဖြစ်အပျက်မို့ အားလုံးကြောင်သွားကြ၏။ မဟန့်တားလိုက်နိုင်ပါ။

မားခုံး ဒေါသထွက်သွား၏။

"ဟိုကောင်လေး ပြေးပြီ ... လိုက်ကြစမ်း"

ဟု အော်ဟစ်အမိန့်ပေးလိုက်၏။

ကြယ်တံခွန်အဖွဲ့သားများသည် ချက်ချင်းပင် ချင်ဟူဖေးနောက်သို့ ပြာသံပေးကာ လိုက်လာကြလေသည်။

ချင်ဟူဖေးကား နောက်သို့ လုံးဝလှည့်မကြည့်ပါ။

သူသည် မားကျိုတောက်ညွှန်လိုက်သော လှိုဏ်ဘက်သို့သာ အားကုန်ပြေးလာခဲ့၏။

သူ၏အတွင်းအားကား အံ့မခန်း တိုးတက်နေ၏။

ထို့ကြောင့်လည်း သူ၏လှုပ်ရှားမှုတို့က စိတ်ရှိသလောက် လျင်မြန်နေပေသည်။

တစ်ခဏအတွင်းပင် သူသည် လှိုဏ်ထဲသို့ ရောက်ရှိသွား၏။



ကြယ်တံခွန် အဖွဲ့သားများကား လှိုဏ်ထဲသို့ မဆင်းရဲကြပါ။

အားလုံး လှိုဏ်ထိပ်တွင် ရပ်နေကြ၏။

မားခုံးလည်း ရောက်ရှိလာ၏။

သူ၏မျက်နှာ ပြုံးယောင်သမ်းသွား၏။

"ကောင်းတယ်၊ သူ့သေတွင်း သူဆင်းသွားတာပဲ၊ ဒါပေမဲ့ အားလုံး ဒီမှာ စောင့်ကြပ်ကြဦး"

ထို့နောက် ... သူသည် လှိုဏ်ထိပ်တွင် အစောင့်များချကာ ကျန်လူများကို ပြန်ခေါ်ပြီး မားကျိုတောက်၏လိုဏ်ဂူဘက်သို့ ပြန်သွားလေတော့သည်။

❒

ချင်ဟူဖေး အံ့သြသွား၏။

လှိုဏ်သည် အနည်းငယ်နက်၏။

ထိုလှိုဏ်သည် စင်စင် ရေတွင်းတစ်ခုနှင့် အလားသဏ္ဌာန်တူသည်။ ထွက်ပေါက်မရှိပါ။

လှိုဏ်ထဲမှထွက်လိုက်လျှင် အပေါ်သို့သာ ပြန်တက်ရမည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ချောင်ပိတ်ထားခြင်း ဖြစ်၏။

သို့သော် ... ကြွယ်တံခွန်အဖွဲ့သားများက လှိုဏ်ထဲသို့ ဆင်းမလာကြပါ။

အပေါ်တွင်သာ ရပ်တန့်စောင့်ဆိုင်းနေကြသည်ကို တွေ့ရ၏။

"ဟွန့် ... မင်းတို့က ကျုပ်ပြန်တက်လာအောင် စောင့်နေကြတာကိုး၊ ကောင်းပြီ ... စောင့်နိုင်ရန် စောင့်ကြတော့"

သူသည် ဤလှိုဏ်ထဲ၌ သုံးလခန့်သိုင်းပညာလေ့ကျင့်ရမည်ဟု မားကိုတောက်က မှာလိုက်သည် မဟုတ်ပါလား။

ထို့ကြောင့် သူက လှိုဏ်အောက်ခြေသို့ ဆက်၍သာ ဆင်းလာခဲ့လေတော့သည်။

❒

ချင်ဟုဖေးသည် လှိုဏ်အောက်ခြေသို့ ရောက်ရှိလာ၏။

လှိုဏ်အောက်ခြေမှာ ပေတစ်ရာပတ်လည်ခန့်မျှသာ ကျယ်ဝန်း၏။

သစ်ပင်ချုံနွယ်များ ပိတ်ဖုံးနေပေသည်။



ချင်ဟုဖေးက လှိုဏ်အောက်ခြေသို့ရောက်သည်နှင့် မားကိုတောက် ပြောလိုက်သော လိုဏ်ဂူအောက်ခြေကို လိုက်လံရှာဖွေနေ၏။

သိပ်မရှာလိုက်ရပါ။ ထောင့်နံရံတစ်နေရာတွင် ဂူဝကို တွေ့မြင်လိုက်ရ၏။

ချင်ဟုဖေးက လိုဏ်ဂူဝသို့ရောက်သွားပြီး အတွင်းသို့ ကြည့်ရှုအကဲခတ်လိုက်၏။

အတွင်း၌ မှောင်မည်းနေပြီး ဘာကိုမျှမတွေ့ရပါ။

ထိုစဉ် ... လိုဏ်ဂူအတွင်းမှ တစ်စုံတစ်ရာသောအသံကို ကြားလိုက်ရ၏။

"ဘာသံပါလိမ့်"

ချင်ဟုဖေး နားစွင့်လိုက်၏။

လိုဏ်ဂူအတွင်းမှ လှုပ်ရှားသံသဲ့သဲ့ ကြားနေရ၏။

မည်သည့်အသံမျိုးပဲဟူသည်ကို ဝေခွဲမရပါ။

နှာခေါင်းမှုတ်သံနှင့်လည်း တူလှ၏။

ညှီစို့စို့အနံ့အသက်ကိုလည်း ရှူရှိုက်လိုက်မိ၏။

"တစ်မျိုးပဲ"

ချင်ဟုဖေး၏စိတ်ထဲတွင် တစ်မျိုးတစ်ဖုံ ခံစားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်၏အငွေ့အသက်ဟုလည်း ရှုတ်ခြည်းပင် နားလည်မိ၏။

ရှိုစဉ် ... လိုဏ်ဂူအတွင်းမှ လှုပ်ရှားသံက ပို၍ကျယ်လောင်လာ၏။

မြွေကြီးပင် တုန်ခါသလို ရှိလာ၏။

ချင်ဟူဖေးက ချက်ချင်းပင် ဓားကိုဆွဲထုတ်ကာ အသင့်ပြင်ထားလိုက်၏။

ညီစိုးစိုးအနံ့ကလည်း ပိုထွက်လာ၏။

မကြာမီ လိုဏ်ဂူအတွင်းမှ အရိပ်မည်းကြီးတစ်ခု တိုးထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဟာ"

ချင်ဟူဖေး အံ့သြသွား၏။

အကော်ပင် ထိတ်လန့်သွား၏။

လူမှာလည်း နောက်သို့ အလိုလိုဆုတ်သွားမိလေသည်။

လိုဏ်ဂူအတွင်းမှ ထွက်လာသောအရာအား အံ့သြတုန်လှုပ်စွာဖြင့် ကြည့်နေမိလေသည်။

❒



လျှင်မြန်လွန်းလှသည့် အဖြစ်အပျက်ပင်။

လိုဏ်ဂူအတွင်းမှ ပေါင်လုံးခန့်ရှိသော မြွေကြီးတစ်ကောင်သည် လျှင်မြန်သောအရှိန်အဟုန်ဖြင့် တိုးထွက်လာ၏။

ထိုမြွေကြီးသည် လျှင်မြန်သောအရှိန်အဟုန်ဖြင့် ချင်ဟူဖေး ရစ်ပတ်လိုက်လေသည်။

ချင်ဟူဖေး ရင်ထိတ်သွား၏။ ,

သူသည် လက်ထဲမှ ရန်နှိမ်ဓားဖြင့် ဝှေ့ယမ်းကာကွယ်လိုက်လေသည်။

'ဝှစ်'

'ရှပ်'

ရန်နှိမ်ဓားကား အံ့မခန်းလောက်အောင် ထက်လှသည်။

ပေါင်လုံးခန့်ရှိသောမြွေကြီးသည် အပိုင်းပိုင်းပြတ်တောက်သွားလေသည်။

မြွေကြီးကား နာကျင်မှုကြောင့် လှုပ်ယမ်းကာ တစ်တောလုံးပင် ဟိန်းထွက်သွားသယောင်ထင်ရ၏။

စင်စစ် ထိုမြွေကြီးကိုမူ သာမန်ဓားဖြင့် ခုတ်ထစ်၍မရပါ။

လှိုဏ်ထဲကျလာသူမှန်သမျှ ထိုမြွေကြီး၏အစာသာ ဖြစ်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခု ... ချင်ဟူဖေးအဖို့ အလွန်ပင် ကံကောင်းသည်ဟုဆိုရပေမည်။

သူသည် ရန်နီမိဘားအစွမ်းဖြင့် မြေကြီးကို နှိမ်နင်းနိုင်လိုက်ပြီ မဟုတ်ပါလား။

ချင်ဟူဖေးသည် မြေသေကိုခွကျော်၍ လိုဏ်ဂူအတွင်းသို့ သတိနှင့်ဝင်လာခဲ့၏။

လိုဏ်ဂူအတွင်း ခြေလှမ်းဆယ်လှမ်းစာခန့် မှောင်မည်းနေ၏။ တစ်ဆစ်ချိုးကွေ့ပြီးနောက်ဝယ် လင်းလာလေသည်။

လိုဏ်ဂူအမိုးနံရံတွင် အပေါက်ကလေးများစွာရှိပြီး ထိုအလင်းရောင်ရရှိသည် မဟုတ်ပါလား။

လိုဏ်ဂူအတွင်း၌ ပေသုံးဆယ်ပတ်လည်ခန့်မျှ ကျယ်ဝန်း၏။

မြေကြီးနေထိုင်သွားသဖြင့် ညီစို့စို့အနံ့ကမူ လိုဏ်ဂူတစ်ခုလုံးကို ဖုံးလွှမ်းနေပေသည်။

ချင်ဟူဖေးသည် လိုဏ်ဂူအတွင်း တွေ့ရသော ကျောက်ဖျာတစ်ချပ်ပေါ် ခြေပစ်လက်ပစ် လှဲချလိုက်၏။

မားကျိုတောက်က သူ့အား ဤလိုဏ်ဂူတွင် သုံးလခန့် နေထိုင်ကာ သိုင်းပညာလေ့ကျင့်ဟု မှာကြားခဲ့၏။



သူ မည်သည့်သိုင်းပညာကို လေ့ကျင့်ရမည်နည်း။

ချင်ဟူဖေး ခေါက်ခနဲ ထထိုင်လိုက်၏။

မားကျိုတောက်စကားက အဓိပ္ပာယ်ရှိရမည်။

မာကျိုတောက်သည် သူ့အား သိုင်းပညာ ဆက်လက်သင်ကြားရန် ဤနေရာသို့ ညွှန်လိုက်ခြင်းသာ ဖြစ်ရမည်။

သူ့အား မည်သူက သိုင်းပညာသင်ကြားပေးမည်နည်း။

သူသည် လိုဏ်ဂူအတွင်း ရှာဖွေပြီးသွား၏။

ဤလိုဏ်ဂူတွင်း၌ မိမိမှလွဲ၍ မည်သည့်လူသားတစ်ဦးတစ်ယောက်မှ မရှိပါ။

ထိုအချိန်တွင် အလင်းရောင်က အားနည်းလာ၏။

မကြာခင် မိုးချုပ်တော့မည်။

ချင်ဟူဖေးလည်း စောစောက ကျောက်ဖျာပေါ်တွင်သာ တစ်ညအနားယူအိပ်စက်ရန် ဆုံးဖြတ်လိုက်လေသည်။

❐

ချင်ဟူဖေး အိပ်ရာမှ နိုးလာ၏။

သူ၏ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးလန်းဆန်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူတွင်း၌ လင်းထိန်နေပေသည်။

သူ တစ်ညလုံး နှစ်မြှိုက်စွာပင် အိပ်ပျော်သွားခဲ့ပုံရလေသည်။ ချင်ဟူဖေး အိပ်ရာမှထလိုက်၏။

ထိုစဉ် ... သူ့ဗိုက်ထဲမှ တဂွီဂွီနှင့် အသံမျိုးစုံ ထွက်ပေါ်နေသည်ကို ကြားလိုက်ရလေသည်။

နံနက်အိပ်ရာမှာအထ ဆာလောင်နေပြီ မဟုတ်ပါလား။

ချင်ဟူဖေးသည် ရိက္ခာခြောက်ထုပ်ကို ဖွင့်မည်ပြုပြီးမှ မဖွင့်တော့ပါ။

ရိက္ခာခြောက်များသည် စားစရာဘာမှမရှိမှသာ စားသောက်သင့်၏။

ချင်ဟူဖေး လိုဏ်ဂူအပြင်ဘက်သို့ ထွက်လာခဲ့ပြီး စားသောက်ဖွယ်ရာများ ရှာဖွေကြည့်လိုက်၏။

လျှိုထဲတွင် ချုံနွယ်ပင်များ များပြားသော်လည်း စားစရာများ မဟုတ်ကြပါ။

ချင်ဟူဖေး စိတ်ပျက်စွာဖြင့် လိုဏ်ဂူဘက် ပြန်လှေ့လာခဲ့၏။

ထိုအခါ ... သူ၏မျက်လုံးများက လိုဏ်ဂူဝတွင် သေဆုံးနေသော မြွေကြီးဆီသို့ ကျရောက်သွား၏။

ချင်ဟူဖေး မျက်လုံးများ ဝင်းလက်သွား၏။



"ဟုတ်ပြီ ... ဒီမြွေကြီးအသားပဲ စားမယ်၊ ဒါဆို သုံးလေးလစာတော့ ဘာမှပူစရာရှိမှာ မဟုတ်တော့ဘူး"

သူသည် ချက်ချင်းပင် မြွေကြီးအား အရေခွဲဆုတ်ကာ အပိုင်းပိုင်း ခုတ်ထစ်ပစ်လိုက်၏။

အချို့ကို နေပူလှမ်း၊ အချို့ကို မီးကင်လိုက်လေသည်။

ကြီးမားသောမြွေကြီးသည် ယခုအခါ ချင်ဟူဖေးအတွက် လုံလောက်သောရိက္ခာအဖြစ် ပြောင်းလဲသွားပြီ မဟုတ်ပါလား။

◻

ချင်ဟူဖေးသည် စားသောက်မှုပြဿနာကို ရှင်းပြီးသည်နှင့် လိုဏ်အတွင်း လှည့်ပတ်ကြည့်ရှုလိုက်၏။

ဤလိုဏ်ဂူအတွင်း သူက သိုင်းပညာသင်ကြားရမည်ဖြစ်၏။ မားကျိုတောက်စကားကို သူအလေးထားရမည်သာ ဖြစ်သည်။

ချင်ဟူဖေးက လိုဏ်ဂူအတွင်း စေ့စပ်သေချာစွာ ရှာဖွေကြည့်ရင်းမှ လိုဏ်ဂူနံရံတစ်နေရာတွင် အရုပ်များ ရေးဆွဲထားသည်ကို တွေ့ရှိလိုက်ရလေသည်။

လူရုပ်များ ဖြစ်၏။ စုစုပေါင်း လူရုပ်သုံးဆယ့်ခြောက်ရုပ်

www.burmeseclassic.com

www.burmeseclassic.com



တိတိရှိ၏။ ထိုလူရုပ်များသည် လှုပ်ရှားမှုသဏ္ဌာန် အမျိုးမျိုးဖြင့် ရေးဆွဲထားခြင်း ဖြစ်ပေသည်။

"ဟာ"

ချင်ဟူဖေး အံ့သြဝမ်းသာသွားသည်။

ထိုလူရုပ် သုံးဆယ့်ခြောက်ရုပ်သည် သိုင်းကွက်များကို သရုပ်ဖော်ရေးဆွဲထားခြင်း ဖြစ်သည်ကို ရိပ်စားမိလိုက်သည် မဟုတ်ပါလော။

ချင်ဟူဖေးက ချက်ချင်းပင် လူရိပ်များ၏ပုံသဏ္ဌာန် အနေအထားကို ကြည့်ရှုမှတ်သားလိုက်၏။

သူက ထိုပုံများကို အသေးစိတ်ကြည့်ရှု မှတ်သားနေရာ အချိန်များ ကုန်မှန်းမသိ ကုန်ဆုံးသွားလေတော့သည်။

❒

နောက်တစ်နေ့ ... ချင်ဟူဖေးသည် နံရံပေါ်ရှိ ပုံများအားလုံးကို အလွတ်မှတ်မိသွားပြီ ဖြစ်လေသည်။

ထို့ကြောင့် ... သူက လူရုပ်များ၏ပုံသဏ္ဌာန်အတိုင်း လှုပ်ရှားကာ လေ့ကျင့်လိုက်၏။



တစ်ပုံစီ၏ အနေအထားအတိုင်း မှန်ကန်အောင် မနည်းပင် လေ့ကျင့်ရ၏။

သင်ကြားပြသမည့်ဆရာ မရှိသဖြင့် အတော်ပင် ခက်ခဲဖြစ်နေ၏။ သို့သော် ... ချင်ဟူဖေးကား ဖွဲမလျှော့ပါ။

သူသည် မရရအောင် ကြိုးစားလေ့ကျင့်ခဲ့လေသည်။

ဤသို့ဖြင့် ... ဆယ်ရက်ခန့်ကြာသောအခါ ချင်ဟူဖေးသည် ထိုရုပ်ပုံသုံး ဆယ့်ခြောက်ရုပ်အတိုင်း တစ်သဝေမတိမ်း အတိအကျ ပြုလုပ်လှုပ်ရှားနိုင်ခဲ့၏။

ချင်ဟူဖေး သဘောကျသွား၏။

ထိုရုပ်ပုံများသည် ထိပ်တန်းသိုင်းကွက် ကိုးကွက်ကို သရုပ်ဖော်ထားခြင်းဖြစ်ကြောင်းကိုလည်း တစ်စထက်တစ်စ ကောင်းစွာ နားလည်သဘောပေါက်လာခဲ့၏။

ထို့ကြောင့် ... သူက ရုပ်ပုံများအတိုင်း လေ့ကျင့်မှု တစ်ခုနှင့် တစ်ခု ဆက်စပ်လေ့ကျင့်မှုကို စတင်လိုက်၏။

တစ်ဆက်တည်း လှုပ်ရှားနိုင်မှသာ သိုင်းကွက်များ၏အစွမ်း ပိုထက်မြက်လာမည်။ သိုင်းကွက်ကိုလည်း ပို၍ ပြည့်စုံမည် မဟုတ်ပါလော။

❒

www.burmeseclassic.com

www.burmeseclassic.com



အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာ၏။

ချင်ဟူဖေးသည် ကျောက်ဖျာအနီး စုပုံထားသော ကျောက်ခဲပုံကလေးကို ရေတွက်နေ၏။

သူသည် လိုဏ်ဂူထဲရောက်သည့်နေ့မှ အစပြု၍ တစ်နေ့လျှင် ကျောက်ခဲတစ်လုံးစီ ထားခဲ့၏။

ယခု … ကျောက်ခဲကလေးများ လေးဆယ့်တစ်ခုရှိပြီ ဖြစ်သည်။

သူ လိုဏ်ဂူအတွင်းရောက်ရှိနေသည်မှာ လေးဆယ့်တစ်ရက်တိတိရှိပြီဖြစ်၏။

"ဟူး"

ချင်ဟူဖေး သက်ပြင်းတစ်ချက် လေးပင်စွာ ချလိုက်၏။

သူသည် နံရံပေါ်ရှိ သိုင်းကွက်များကို လေ့လာခဲ့၏။

တိုရုပ်ပုံ သုံးဆယ့်ခြောက်ရုပ်သည် သိုင်းကွက်ကိုးကွက်ကို သရုပ်ဖော်ထားခြင်း ဖြစ်သည်။

လူရုပ်လေးရုပ်လျှင် သိုင်းကွက်တစ်ကွက်စီ ဖြစ်၏။

သူသည် လူရုပ်များ၏လှုပ်ရှားမှုများကို ဆက်စပ်ကာ လေ့ကျင့်ခဲ့၏။



ထိုသို့လေ့ကျင့်ရာတွင် တစ်လရှိခဲ့သော်လည်း ယခုအထိ သိုင်းကွက်တစ်ကွက်ပင် မရသေးပါ။

လူရုပ်တစ်ခုနှင့်တစ်ခု ဆက်စပ်ရာတွင် ဟာနေ၏။

သိုင်းကွက်များက ကမောက်ကမ ဖြစ်နေ၏။

ဘယ်မှညာ အစဉ်အတိုင်း လေ့ကျင့်၏။

သိုင်းကွက်ပုံ ပေါ်မလာပါ။ တစ်စုံတစ်ရာ လွတ်ဟာနေ၏။

တစ်နေရာရာတွင် ထောက်နေ၏။

လျင်မြန်မှုနှင့် အတွင်းအားမြင့်မားမှုကြောင့် သိုင်းကက်အရှိန်က အတော်ပင် မြင့်မားခဲ့သည်။

သို့ရာတွင် … ထိပ်တန်းသိုင်းကွက်၏ ပုံသဏ္ဌာန်ပေါ်လာခြင်း မရှိသည်ကို သူ့အလိုလို သိနေ၏။

ထို့ကြောင့် … ညာမှဘယ် အစဉ်အတိုင်း ပြောင်းလဲလေ့ကျင့်၏။ ထူးမခြားနားပါ။

တစ်ဖန် အထက်မှအောက်၊ အောက်မှအထက် လေ့ကျင့်ပြန်၏။

အချိန်သာကုန်ခဲ့သော်လည်း သိုင်းကွက်တစ်ကွက်မှ ဖြစ်ပေါ်မလာပါ။

ချင်ဟူဖေး စိတ်ဓာတ်ကျသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသိုင်းကွက်များကို သူလေ့ကျင့်နိုင်ခြင်းမရှိဟု တွေးထင်လာ၏။

ဆရာမရှိဘဲ လေ့ကျင့်သင်ကြားရသည်က မလွယ်ပါ။ သူဉာဏ်ရှိသလောက် လေ့ကျင့်ခဲ့၏။ သိုင်းကွက်ပုံ ပေါ်မလာခဲ့ပါ။

သူ့အနေဖြင့် မလေ့ကျင့်နိုင်ဘဲ အချိန်ဖြုန်းသလို ဖြစ်နေ၏။

ထိုသိုင်းကွက်များကို လေ့ကျင့်ရင်းနှင့် အချိန်မကုန်ချင်တော့ပါ။

သူ လိုဏ်ဂူအတွင်းမှထွက်သွားရန် စိတ်ကူးလိုက်၏။

ချင်ဟူဖေးက ချက်ချင်းပင် သူ၏ပစ္စည်းကလေးများကို သိမ်းဆည်းလိုက်လေသည်။

ထိုစဉ် ...

"လူကလေး ... မင်းမှာ ထိပ်တန်းအတွင်းအား ရှိနေပြီ၊ ဒါပေမဲ့ ထိပ်တန်းသိုင်းပညာမရှိရင် ဘာအသုံးကျမှာလဲ"

စကားသံကို ကြားလိုက်ရ၏။

ချင်ဟူဖေး ချက်ချင်းပင် လိုဏ်ဂူအတွင်း ချာခနဲလှည့်ပတ်ကြည့်လိုက်၏။

"ဘဘ"

"ဘဘ ဘယ်မှာလဲ"



ချင်ဟူဖေး၏အသံက လိုဏ်ဂူတွင်း ပဲ့တင်ထပ်ကာ ထွက်ပေါ်လာလေသည်။ မားကျိုတောက်အား မတွေ့ရပါ။

ချင်ဟူဖေး မျက်မှောင်ကြုတ်သွား၏။

"ဘဘမားကျိုတောက် သေပြီပဲ၊ ဒါ ... ဒါဆို ငါ စောစောက ကြားလိုက်တဲ့အသံဟာ"

ချင်ဟူဖေးသည် ပြန်လည်ထိုင်ချလိုက်၏။ သူ အတော်ပင် တွေဝေသွား၏။

မားကျိုတောက်သည် သူကစ်သက်တာ လေ့ကျင့်ခဲ့ရာ မဟာစွမ်းအား အတွင်းအားတို့ကို သူ့အား လွှဲပြောင်းထားခဲ့၏။

သူ၏အသက်ကိုပင် ပမာနမထားဘဲ ကြီးမားလှသော စေတနာကို့ဖြင့် လွှဲပေးသွားခြင်း ဖြစ်၏။

သူသည် ခက်ခဲနက်နဲလှသော မဟာစွမ်းအား အတွင်းအားတို့ကို လေ့ကျင့်မှုမပြုရဘဲ ပိုင်ဆိုင်ခဲ့၏။

မားကျိုတောက်က ထိုမဟာစွမ်းအား အတွင်းအားများ လွှဲပြောင်းပေးသွားခြင်းမှာ သူ့အား သနားချစ်ခင်စိတ်တစ်ခုကြောင့် မဟုတ်ပါ။

သူ၏ထမ်းဆောင်ရမည့် တာဝန်ကြီးလေးမှုကို နားလည်သဘောပေါက်ခဲ့သောကြောင့်သာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတွင်းအားများရအောင် မားကျိုတောက်သည် နှစ်ပေါင်းများစွာ ဒုက္ခခံ အပင်ပန်းခံကာ လေ့ကျင့်ခဲ့၏။

ယခု ... သူက သိုင်းကွက်ကလေးကိုးကွက်ကို မလေ့ကျင့်နိုင်ဘဲ လက်လျှော့ထွက်သွားမည်ကို မားကျိုတောက် လိုလားမည်မဟုတ်ပါ။

မားကျိုတောက် ပေးဆပ်ခဲ့မှုကို သူက တုံ့ပြန်သင့်၏။

စိတ်ဓာတ်မကျသင့်ပါ။

မားကျိုတောက်က သုံးလေးလခန့် လေ့ကျင့်ရမည်ဟု ဆိုခဲ့၏။ ထို့ကြောင့် သိုင်းကွက်သည် ခက်ခဲမည်မှန်၏။

သူ ဘာကြောင့် လက်လျှော့ရသနည်း။

ချင်ဟူဖေး၏ကျဆင်းနေသောစိတ်ဓာတ်များ ပြန်လည်တက်ကြွလာ၏။

ချင်ဟူဖေးက ချက်ချင်းပင် မားကျိုတောက်အား ရည်မှန်းကာ ဦးချကန်တော့လိုက်လေသည်။

"ဘဘ ... ဒီသိုင်းကွက်ကိုးကွက်ကို မတတ်မြောက်မချင်း ဒီလိုဏ်ဂူထဲက ထွက်မသွားပါဘူးလို့ ကတိပြုပါတယ်"

သူက မားကျိုတောက်အား တိုင်တည်ကာ ကတိပြုလိုက်၏။



ထိုသိုင်းကွက်များကို မရရအောင် လေ့ကျင့်မည်ဟုလည်း ခိုင်မာသောဆုံးဖြတ်ချက်တစ်ရပ် ချမှတ်လိုက်လေတော့သည်။

လောကတွင် အလုပ်တစ်ခုပြီးမြောက်ရန်မှာ ဆန္ဒ၊ လုံ့လ၊ ဝီရိယတို့ရှိမှသာ ဖြစ်ပေမည်။

မည်မျှခက်ခဲသော အလုပ်ဖြစ်ပါစေ၊ ဆန္ဒ၊ လုံ့လ၊ ဝီရိယ အချိုးညီစွာရှိခဲ့လျှင် တစ်နေ့ အောင်မြင်ရမည်သာ ဖြစ်၏။

ချင်ဟူဖေးသည် မဆုတ်မနစ်သော ဆန္ဒ၊ လုံ့လ၊ ဝီရိယတို့ဖြင့် သိုင်းကွက်များကို ဆက်၍ လေ့ကျင့်ခဲ့၏။

နောက်ထပ် ဆယ်ရက်ကုန်ဆုံးသွား၏။ အခြေအနေကား တိုးတက်မလာခဲ့ပါ။ ချင်ဟူဖေး တွေးတောလာရပြီဖြစ်၏။

သူ့တွင် ဆန္ဒ၊ လုံ့လ၊ ဝီရိယရှိ၏။

ထိုအရာများနှင့် ပေါင်းစပ်ရန် ဉာဏ်ပညာလိုအပ်သည်။

ရုပ်ပုံများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိရမည်။

လေးရုပ်လျှင် သိုင်းကွက်တစ်ကွက်ဆိုသည်ကို သူသိ[illegible] ဖြစ်၏။ ဆက်စပ်၍သာ မရခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အထက်မှအောက်၊ အောက်မှအထက်၊ ဘယ်မှညာ၊ ညာမှဘယ်၊ အမျိုးမျိုးလှေကျင့်ခဲ့သော်လည်း မဟုတ်သေးပါ။

ဤအတိုင်းဆိုလျှင် ရုပ်ပုံများကို ရောထွေးထားခြင်း ဖြစ်မည်ဟု ဉာဏ်ထဲတွင် ပေါ်လာ၏။

သူသည် လေ့ကျင့်မှုကိုရပ်ကာ ထိုင်၍ နံရံပေါ်မှ ရုပ်ပုံများကိုကြည့်ကာ စဉ်းစားဆင်ခြင်လိုက်၏။

ရုပ်ပုံများ ရောထွေးမှုကို ဖြေရှင်းရမည်။ မည်သို့ဖြေရှင်းရမည်နည်း။ ဉာဏ်ကူရပေမည်။

သူသည် ပထမဆုံး ရုပ်ပုံကို ယူလိုက်၏။

စိတ်ထဲမှ သိုင်းကွက်အတိုင်း လှုပ်ရှားရင်း တတိယပုံနှင့် ဆက်စပ်ကြည့်၏။

ဒုတိယပုံနှင့် ဆက်စပ်ကြည့်ခဲ့ပြီဖြစ်၏။

ထို့ကြောင့် ... တတိယပုံနှင့် ဆက်စပ်ကြည့်ခြင်းဖြစ်၏။

ထိုအခါတွင် လိုအပ်နေပြန်၏။

သူက စတုတ္ထပုံနှင့် ဆက်စပ်ကြည့်လိုက်ပြန်၏။

စိတ်ထဲမှ သိုင်းကွက်များအတိုင်း လှုပ်ရှားကြည့်ပြီး ပုံဖော် ဆက်စပ်ကြည့်ရခြင်း ဖြစ်၏။

ထိုအခါလည်း မရပြန်ပါ။



ချင်ဟူဖေးက အားမလျှော့ပါ။

တစ်ခုပြီးတစ်ခု ဆက်စပ်ကြည့်၏။

လှူသည် ဒသမပုံနှင့် ဆက်စပ်ကြည့်လိုက်ပြန်၏။

ထိုအခါ မထင်မှတ်ဘဲ ချောမွေ့နေသည်ကို တွေ့လိုက်ရ၏။ ချင်ဟူဖေး ဝမ်းသာသွား၏။

ချက်ချင်း ခုနစ်ထကာ ထိုရုပ်ပုံနှစ်ခုကို ဆက်စပ်ကြည့်၏။ ထိုအတိုင်း လှုပ်ရှားလိုက်၏။

"ဟာ ... ဟုတ်ပြီကွ"

သူသည် ထိုရုပ်ပုံနှစ်ခုကို ဆက်စပ်၍ ရသွားပြီ မဟုတ်ပါလား။ ရုပ်ပုံနှစ်ခု ဆက်စပ်၍ရခြင်းသည် သိုင်းကွက်တစ်ကွက် ရခြင်းပင် မဟုတ်ပါလော။

ရုပ်ပုံတစ်ပုံစီလှုပ်ရှားခြင်းထက် ရုပ်ပုံနှစ်ခုကို ဆက်စပ်၍ လှုပ်ရှားသောအခါ စွမ်းအားက လေးဆခန့် တက်လာသည်ကို တွေ့ရ၏။

ရုပ်ပုံလေးပုံ ဆက်စပ်မိ၍ သိုင်းကွက်တစ်ကွက်သာ ဖြစ်လာလျှင် အတော်ပင် အစွမ်းထက်မည်ကို သိလိုက်၏။

သူက ထိုသို့ အစဉ်အတိုင်း တစ်ခုစီနှင့်ထပ်၍ ဆက်စပ်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အမှတ်ဆယ့်ကိုးပုံနှင့် ဆက်စပ်၍ ရပြန်သည်ကို တွေ့လိုက်ရ၏။ ချင်ဟူဖေး၏ဉာဏ်ဝယ် အထင်းသားတွေ့မြင်သွား၏။

"ဪ ... ငါသိပြီကွ၊ သိုင်းကွက်ကို ငါ သိပြီကွ"

ချင်ဟူဖေး ဝမ်းသာအားရ ထအော်လိုက်၏။ သူ၏အသံမှာ လိုဏ်ဂူအတွင်း ဟိန်းထွက်သွားလေသည်။

ချင်ဟူဖေးမှာ အလွန်ပင် ဝမ်းသာနေလေသည်။

သူ တကယ်ပင် ရုပ်ပုံများ၏ဆက်စပ်မှုကို နားလည်သဘောပေါက်ခဲ့ပြီ မဟုတ်ပါလော။

ရုပ်ပုံအမှတ်တစ်မှ အမှတ်ကိုးအထိသည် သိုင်းကွက်ကိုးကွက်၏ပထမပုံများပင် ဖြစ်၏။

အမှတ်တစ်ဆယ်မှ ဆယ့်ရှစ်သည် သိုင်းကွက်ကိုးကွက်၏ ဒုတိယအကွက်များ ဖြစ်၏။

အမှတ်ဆယ့်ကိုးမှ နှစ်ဆယ့်ခုနစ်အထိသည် သိုင်းကွက်ကိုးကွက်၏ တတိယအကွက်ဖြစ်ပြီး ...

အမှတ်နှစ်ဆယ့်ရှစ်မှ သုံးဆယ့်ခြောက်အထိ သိုင်းကွက်ကိုးကွက်၏စတုတ္ထအကွက်ပင်ဖြစ်သည်ကို သိလိုက်ရပြီမဟုတ်ပါလေ။

ချင်ဟူဖေး ဝမ်းသာပျော်ရွှင်သွား၏။



မလျှော့သော ဖွဲ၊ လုံ့လ၊ ဝီရိယတို့၏အကျိုးပင် မဟုတ်ပါလော။

ချင်ဟူဖေးသည် ရုပ်ပုံများကို ဆက်စပ်၍ရသွားသဖြင့် သိုင်းကွက်များကို စတင်လေ့ကျင့်လိုက်လေတော့သည်။

❐

"လေးဆယ့်ကိုး ... ငါးဆယ် ... ငါးဆယ့်တစ်"

"ခုနစ်ဆယ်၊ ခုနစ်ဆယ့်တစ်၊ ခုနစ်ဆယ့်နှစ်"

"ခုနစ်ဆယ့်ငါး ... ခုနစ်ဆယ့်ခြောက်"

ချင်ဟူဖေး၏ရေတွက်သံသည် ခုနစ်ဆယ့်ခြောက်အရောက်တွင် ဆုံးသွား၏။

ချင်ဟူဖေး ကျောက်တုံးများကို ရေတွက်ကြည့်နေခြင်းပင် ဖြစ်ပါသည်။

"ငါ ... ဒီလိုဏ်ဂူထဲရောက်တာ ခု တစ်ဆယ့်ခြောက်ရက်ရှိခဲ့ပြီပဲ"

သူသည် မားကျိုတောက်အား ရည်မှန်းကာ ဦးချကန်တော့လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘဘရဲ့ကျေးဇူးတွေ အလွန်ပဲ ကြီးမားလှပါတယ်၊ ကျွန်တော်ဟာ ဘဘရဲ့သိုင်းပညာနဲ့ အတွင်းအားတို့ကို မှန်ကန်တဲ့တရားမျှတတဲ့ဘက်ကကော ထာဝရအသုံးပြုသွားပါမယ်လို့ အလေးအနက်ကတိပြုပါတယ်"

ချင်ဟူဖေးက ထရပ်လိုက်၏။ သူသည် လိုဏ်ဂူထဲမှ တစ်လှမ်းချင်း ထွက်လာခဲ့လေသည်။

သူသည် ဉာဏ်ကောင်းသလို ဖွဲ၊ လုံ့လ၊ ဝီရိယလည်း ရှိ၏။

ထို့ကြောင့် ... သိုင်းကွက်များကို ဆက်စပ်နိုင်သည်နှင့် လေ့ကျင့်မှုက မကြာခဲတော့ပါ။

မြင့်မားသော အတွင်းအားကြောင့်လည်း သူက သိုင်းကွက်များကို ကောင်းစွာလေ့ကျင့်နိုင်ခဲ့၏။

အပင်ပန်းခံနိုင်၏။

ထို့ကြောင့်လည်း ... သိုင်းကွက်ကိုးကွက်ကို မကြာမီပင် အောင်မြင်အောင် လေ့ကျင့်နိုင်ခြင်း ဖြစ်ပေသည်။

ချင်ဟူဖေးသည် ပေါ့ပါးသောခြေလှမ်းများဖြင့် လိုဏ်ဂူထဲမှ ထွက်လာခဲ့၏။

သူသည် လျှိုပေါ်သို့ရောက်အောင် တွယ်၍တက်လာခဲ့လေသည်။



လျှိုပေါ်ရောက်သည်နှင့် ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်ရှုလိုက်၏။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။

"ကြယ်တံခွန်သိုင်းသမားတွေ ရှိမနေတာ ကံကောင်းတာပဲ၊ ငါ မြန်မြန်သွားမှ"

သူသည် တောလမ်းအတိုင်း လျင်မြန်စွာပင် ပြေးလွှားသွားလိုက်လေသည်။

ချင်ဟူဖေးက ကြယ်တံခွန်သိုင်းသမားများမရှိဟု ထင်ခဲ့သော်လည်း စင်စစ် ကြယ်တံခွန်သိုင်းသမားနှစ်ယောက် ရှိနေ၏။

သူတို့သည် လျှိုထဲမှ ချင်ဟူဖေး ပြန်တက်လာနိုင်ခြင်း မရှိကို စောင့်ကြည့်ရန် တာဝန်ယူထားရ၏။

လျှိုထဲရှိ မြွေကြီးကြောင့် ချင်ဟူဖေး သေဆုံးသွားနိုင်သည်ဟု အထင်ရှိသော်လည်း စိတ်မချပါ။

ထို့ကြောင့် ... သုံးလခန့်အထိ စောင့်ကြည့်ရန် တာဝန်ချထားခြင်း ဖြစ်၏။

ယခု ... သုံးလပင် မပြည့်သေးပါ။ လျှိုထဲမှ ချင်ဟူဖေး တက်လာသည်ကို တွေ့လိုက်ရ၏။

မူလက ကြယ်တံခွန်သိုင်းသမားနှစ်ယောက်သည် ချင်ဟူဖေးအား တိုက်ခိုက်ဖမ်းဆီးရန် စိတ်ကူးခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... ချင်ဟူဖေး၏လှုပ်ရှားမှုက ပေါ့ပါးလှသဖြင့် မတိုက်မိုက်ရဲပါ။

ထို့ကြောင့် ... ကြယ်တံခွန်ဌာနချုပ်သို့သာ သတင်းပေးပို့လိုက်ကြလေသည်။

❒

တောလမ်းကလေး ...။

တောလမ်းကလေးသည် တိတ်ဆိတ်နေ၏။

ချင်ဟူဖေးသည် တောလမ်းအတိုင်း လျင်မြန်စွာ ပြေးလာ၏။ မကြာမီ ... သူသည် လွင်ပြင်ကလေးတစ်ခုသို့ ရောက်ရှိလာ၏။

ထိုလွင်ပြင်အား ကျော်ဖြတ်ပြီးလျှင် တောင်အောက်ဆင်းသောလမ်းသို့ ရောက်တော့မည်ဖြစ်သည်။

ကြယ်တံခွန်နယ်မြေအတွင်းမှ ထွက်သွားနိုင်တော့မည် ဖြစ်သည်။ ချင်ဟူဖေးသည် တောလမ်းကလေးအဆုံးတွင် ရပ်တန့်လိုက်၏။

သူသည် မြင်ခင်းလွင်ပြင်အား ဖြတ်မည်ပြုပြီးမှ စိတ်တွင် စနိုးစနောင့်ဖြစ်သွားရပြီး ရပ်တန့်လိုက်ခြင်း ဖြစ်သည်။



မြက်ခင်းလွင်ပြင်ကား အနည်းငယ် ကျယ်ဝန်း၏။

မြက်ပင်ရှည်များက ခါးနီးပါးအထိ ပေါက်ရောက်နေ၏။

သူ ဤနေရာသို့လာစဉ်က ထိုမြက်ခင်းလွင်ပြင်တွင် ကျေးငှက်တိရစ္ဆာန်များစွာကို တွေ့မြင်ခဲ့၏။

ယခုကား ... ငှက်ကလေးများ တစ်ကောင်မှ မတွေ့ပါ။ ဤအချက်က သူ့အား စနိုးစနောင့်ဖြစ်စေခြင်း ဖြစ်၏။

ချင်ဟူဖေး၏မျက်လုံးများက ပတ်ဝန်းကျင်တစ်ခုလုံးကို မလွတ်တမ်း အကဲခတ်ကြည့်ရှုလိုက်၏။ ဘာကိုမျှ မတွေ့ရပါ။

သို့သော် ... တိုမြက်ခင်းထဲ၌ အန္တရာယ်ရှိနေသည်ဆိုသော အသိက သူ၏ရင်တွင်း ပို၍တိုးဝင်လာ၏။

ထို့ကြောင့် ... ရှေ့ဆက်မတိုးဖြစ်ဘဲ နေရာတွင်သာ ရပ်နေ၏။ ထိုစဉ်မှာပင် ...

"ဟား ... ဟား ... ဟား မင်း ပြေးလို့မလွတ်ပါဘူး"

စကားသံနှင့်အတူ လူကစ်စု ပြေးလွှားလာနေသံကို သူ၏နောက်ကျောမှ ကြားလိုက်ရလေသည်။

ချင်ဟူဖေး ချာခနဲ လှည့်ကြည့်လိုက်၏။

မားခုံးနှင့်ကြယ်တံခွန်သိုင်းသမား ငါးဦးခန့် ပြေးလွှားလာနေသည်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်ဟူဖေး ထိတ်လန့်သွား၏။

မားခုံးသည် သူ့အား မည်သို့မျှ အလွတ်ပေးမည် မထင်ပါ။

သူသည် မိမိအား အပြီးတိုင် သုတ်သင်ချင်သည့်စိတ်သဘောရှိနေသည်ကိုလည်း သူသိရှိထား၏။

ချင်ဟူဖေး ရပ်မနေရဲတော့ပါ။ ရှေ့သို့ ပြေးလွှားသွားလိုက်၏။ သူက မားခုံးလက်မှလွတ်အောင် ရှေ့သို့ ပြေးသွားရာ မြက်ခင်းလွင်ပြင်ထဲ ရောက်ရှိသွား၏။

ထိုအခိုက်မှာပင် မြက်ခင်းလွင်ပြင်ထဲ၌ ကြယ်တံခွန်အဖွဲ့သားများ တစ်ယောက်ပြီးတစ်ယောက် ပေါ်ထွက်လာလေသည်။

ချင်ဟူဖေး ပြေးမရတော့ပါ။

သူသည် ခါးမှ ရန်နှိမ်ဓားကို ဆုပ်ကိုင်လိုက်၏။ သို့သော် ... ရန်နှိမ်ဓားသည် နေရာတကာတွင် အသုံးမပြုသင့်ဟု တွေးလိုက်မိပြီး ပြန်ရုပ်လိုက်၏။

ချင်ဟူဖေးက ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်၏။

သူသည် ကြယ်တံခွန်သိုင်းသမား ခုနစ်ဆယ့်နှစ်ဦး၏ အလယ်တွင် ရောက်ရှိနေခြင်း ဖြစ်ပေသည်။

ကြယ်တံခွန်သိုင်းသမားများ နေရာယူထားပုံအရ ဝက်ပါတစ်ခုနှယ် ခင်းကျင်းထားကြောင်း ရိပ်မိလိုက်၏။



သူတို့သည် ချင်ဟူဖေးအား တိုက်ခိုက်ခြင်း မရှိပါ။ ဝိုင်းရံထားခြင်းသာ ဖြစ်၏။

မားခုံးတို့ မြက်ခင်းအစပ်သို့ ရောက်ရှိလာ၏။ မားခုံးက...

"ဟေ့ကောင်လေး ... မင်း လက်နက်ချ အညံ့ခံစမ်း"

ဟု ငေါက်ငမ်းလိုက်၏။ ချင်ဟူဖေးက ...

"ကျုပ်နဲ့ခင်ဗျား ဘာရန်ငြိုးရှိလို့လဲ၊ ကျုပ်လမ်း ကျုပ်သွားပါရစေ၊ ခွင့်ပြုပါဦး"

ဟု တောင်းပန်လိုက်၏။ မားခုံးက နှာခေါင်းရှုံ့လိုက်၏။

"မင်းက ကြယ်တံခွန်နယ်မြေထဲ ကျူးကျော်ဝင်လာပြီးမှ လွယ်လွယ်ကူကူနဲ့ ပြန်ထက်သွားလို့ရမလား"

ချင်ဟူဖေးက လက်နှစ်ဖက်ဆုပ်ဦးညွှတ်လိုက်ပြီး ...

"ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော်ဟာ ကြယ်တံခွန်အဖွဲ့နဲ့ ရန်သူမဟုတ်ပါဘူး၊ ရန်ပြုဖို့လည်း စိတ်ကူးမရှိပါဘူး"

"မင်းက ရန်ပြုတော့ကော ကျုပ်က ဂရုစိုက်ရမှာလား"

"ဒီလိုသဘောနဲ့ ပြောတာမဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်ဟာ မိတ်ဆွေအဖြစ် ရောက်လာတာပါ၊ ကြယ်တံခွန်အဖွဲ့ကိုလည်း မနှောင့်ယှက်လိုပါဘူး၊ ခွင့်ပြုပါလို့ တောင်းပန်ပါတယ်"

မားခုံးက ပြုံးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ... ဒီက တကယ်ပဲ အေးအေးဆေးဆေး ထွက်သွားချင်သလား"

ချင်ဟူဖေးက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့"

မားခုံးက ...

"ကောင်းပြီ၊ ဒါဆိုရင် မင်းရဲ့လက်နှစ်ဖက် ထားခဲ့ပါ"

"ဗျာ"

ချင်ဟူဖေး ပါးစပ်အဟောင်းသား ဖြစ်သွား၏။

မားခုံးက အေးတိအေးစက်လေသံဖြင့် ထပ်ပြောလိုက်၏။

"ဟုတ်တယ်၊ မင်းရဲ့လက်နှစ်ဖက်ကို ထားခဲ့ပြီးရင် မင်းဆီက ထွက်သွားလို့ရပါပြီ"

ချင်ဟူဖေးက ခေါင်းခါယမ်းလိုက်၏။

"မဟုတ်သေးပါဘူးဗျာ၊ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ"

မားခုံးက ...

"ကျုပ်တို့ ကြယ်တံခွန်အဖွဲ့ဟာ ပြင်ပလောကနဲ့ အဆက်အသွယ်မရှိဘူး။ ဘယ်သူမှလည်း ပြင်ပလောကကို သွားခွင့်မရှိဘူး၊ ကျုပ်တို့ရဲ့ပညာရပ်တွေဟာလည်း ပြင်ပလောကမှာ အသုံးပြုခွင့်မရှိပါဘူး၊ အခု မင်းက နှောင်တော်မားကျိဟောက်ထံက အတွင်းအားနဲ့



သိုင်းပညာတချို့ ရရှိထားတယ်ဆိုတာ ကျုပ်သိတယ်၊ မင်းကို ဘယ်လိုမှ လွှတ်မပေးနိုင်ဘူး"

သူက ပြောရင်းမှ ချင်ဟူဖေးအား စိုက်ကြည့်လိုက်ပြီး ဆက်ပြောလိုက်၏။

"ဒါကြောင့် မင်း အေးအေးဆေးဆေး အဖမ်းခံပါ၊ မဟုတ်ရင် မင်းကို ကျုပ်တို့က တိုက်ခိုက်ရှင်းလင်းရလိမ့်မယ်"

သူ၏စကားက ရှင်းလင်းပြတ်သားလှ၏။ ချင်ဟူဖေးအတွက် တိုက်ပွဲကို ရှောင်လွှဲ၍ မရနိုင်တော့ပါ။

မားခုံးစကားက ရင့်သီး၏။ ရက်စက်ကြမ်းကြုတ်လှ၏။

ချင်ဟူဖေးသည် မားခုံးအား တိုက်ခိုက်လိုစိတ်များ တဖွားဖွားပေါ်ပေါက်လာလေသည်။

သို့သော် ... သူက မားကျိဟောက်အား ကတိပေးခဲ့၏။

သူသည် ကြယ်တံခွန်အဖွဲ့သားများအား မည်သည့်အခါမှ မတိုက်ခိုက်ပါဟူသော ကတိပင် ဖြစ်သည်။

အခြေအနေက သူ့အတွက် အလွန်ပင် အကျပ်အတည်း ဖြစ်လာခဲ့၏။

ထိုစဉ် ... မားခုံးက ရှေ့သို့ တက်လာ၏။

ချင်ဟူဖေး ဘာလုပ်ရမှန်း မသိတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



မားခုံးသည် ရုတ်ခြည်းပင် ရှေ့သို့ လျင်မြန်စွာ တိုးတက်လာပြီး ချင်ဟူဖေး၏ရင်ဝသို့ လက်ဝါးသုံးချက်ဆင့်ကာ ရိုက်ချလိုက်၏။

သူ၏တိုက်ခိုက်မှုက ကြောက်ခမန်းလိလိ ပြင်းထန်လှ၏။

မားကျိုတောက် အကူအညီမပေးနိုင်တော့သဖြင့် ချင်ဟူဖေးမှာ သူ၏လက်ဝါးချက်ကို ခုခံနိုင်စွမ်းမရှိဟု တွက်ဆထား၏။

ထို့ကြောင့် ... တိုက်ကွက်အစမှာပင် ချင်ဟူဖေးအား အသေသတ်လိုက်ခြင်းပင် ဖြစ်သည်။

သို့သော် ... ချင်ဟူဖေးသည် လွန်ခဲ့သည့်နှစ်လကျော်ကနှင့် လုံးဝမတူတော့ဘဲ ပြောင်းလဲနေပြီ ဖြစ်၏။

ယခုအခါ သူသည် ထိပ်တန်းအတွင်းအားကို ပိုင်ဆိုင်ထား၏။ အဆင့်မြင့်လှသော သိုင်းပညာကိုလည်း တတ်မြောက်ထား၏။

ထို့ကြောင့် ... တစ်ဖက်လူက တိုက်ခိုက်လာသောအခါ ငေးငိုင်မနေတော့ပါ။

အလိုအလျောက်ပင် လျင်မြန်စွာ ရှောင်ရှားသွားနိုင်ခဲ့သည်။

'ဗိုး'

မားခုံး၏လက်ဝါးချက်များကား လေသို့သာ ရိုက်ချမိသွားလေသည်။



မားခုံးမျက်နှာ နီရဲသွား၏။

ချင်ဟူဖေးက သူ၏လက်ဝါးချက်ကို ကပ်၍ရှောင်သွားခဲ့ရာ သူသည် အရှိန်လွန်ထွက်သွား၏။

ဂိုဏ်းချုပ်တစ်ဦးအဖို့ ရုပ်ပျက်လှသည်ဟု ဆိုရပေမည်။

မားခုံး ဒေါသအလိပ်လိုက် တက်လာ၏။

သူသည် ခန္ဓာကိုယ်အား ရှာခနဲလှည့်ကာ လက်ငါးချောင်းဖြင့် ချင်ဟူဖေး၏ငယ်ထိပ်အား ကုတ်ချလိုက်၏။

ချင်ဟူဖေးလည်း ထိတ်လန့်သွား၏။

သူသည် လေထဲသို့ လက်ဝါးတစ်ချက် ရိုက်ထုတ်ဟန်တားကာ နောက်ဆုတ်သွားလေသည်။

'ဗိုး'

ပြင်းထန်သော လေလှိုင်းကြောင့် မားခုံး ရှေ့ဆက်မတိုးရဲဘဲ ရပ်တန့်သွားရ၏။

မားခုံး ရင်ထိတ်သွား၏။

"ဟာ ... ဒီကောင်လေးရဲ့အတွင်းအားက ကြောက်ခမန်းလိလိပါလား"

သူသည် ချင်ဟူဖေးအား ဆက်လက်တိုက်ခိုက်ရန်လည်း မဝံ့မရဲ ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ပြင်းထန်သောတိုက်ကွက်နှစ်ကွက်စလုံးကို ချင်ဟူဖေးက ရှောင်တိမ်းခဲ့ရာတွင် နှစ်ကြိမ်စလုံး အရှက်ရစရာချည်း ဖြစ်ခဲ့၏။

ဆက်လက်တိုက်ခိုက်မည်ဆိုလျှင် အဖွဲ့သားများအလယ်တွင် သူ၏သိက္ခာ ကျဆင်းရတော့မည်သာ ဖြစ်၏။

ထို့အပြင် ...

ချင်ဟူဖေး၏အသက်အရွယ်နှင့် ရောက်ရှိနေသောအတွင်းအားကား အံ့သြစရာကောင်းလှ၏။

ချင်ဟူဖေးသည် မိမိတို့အဖွဲ့၏ လျှို့ဝှက်ကျင့်စဉ်ဖြစ်သော မဟာစွမ်းအား အတွင်းအားပညာကို တတ်မြောက်သွားပြီလောဟု သံသယဝင်မိ၏။

မားကိုတောက်သည် မဟာစွမ်းအား အတွင်းအားပညာကို တတ်မြောက်အောင်မြင်ခဲ့၏။

သူ့အား သင်ကြားပေးရန် တောင်းဆိုသော်လည်း မသင်ကြားပေးခဲ့ပါ။

ယခု ... ပြင်ပမှ လူစိမ်းလူငယ်တစ်ယောက်ကို သင်ကြားပေးခဲ့လေ။ မားခုံး တွေးရင်း ဒေါသခြောင်းခြောင်း ထွက်လာ၏။

ချင်ဟူဖေးအား မဖြစ်မနေ သုတ်သင်ပစ်ရတော့မည်ဟူသော ဆုံးဖြတ်ချက်ကလည်း ပိုမို၍ခိုင်မာလာ၏။



မားခုံး အံကိုကြိတ်လိုက်ပြီး ...

"အားလုံးအသင့်ပြင်၊ ဒီကောင်လေးကို မလွှတ်စေနဲ့"

ဟု အမိန့်ပေးလိုက်၏။

ကြယ်တံခွန်အဖွဲ့သား ခုနစ်ဆယ့်နှစ်ယောက်တို့သည် နေရာကို လျင်မြန်စွာရွေ့လျားလိုက်ကြလေသည်။

ချင်ဟူဖေးကား ဝင်္ကပါ၏အလယ်ဗဟိုသို့ တစ်မုဟုတ်ချင်း ကျရောက်သွားလေသည်။

မားခုံးက ကျေနပ်စွာ ပြုံးလိုက်၏။ ကြယ်တံခွန်ဝင်္ကပါသည် လျှို့ဝှက်သိုင်းပညာတစ်ခု ဖြစ်၏။

နက္ခတ်ခုနစ်ဆယ့်နှစ်လုံးအား အခြေပြုဖန်တီးထားခြင်းဖြစ်၏။ ထိုဝင်္ကပါအလယ်ဗဟိုသို့ ရောက်ရှိသွားသူ မည်သူမဆို သေဆုံးရမည်သာ ဖြစ်၏။

မည်မျှ သိုင်းပညာအဆင့်မြင့်ပါစေ နက္ခတ်ခုနစ်ဆယ့်နှစ်လုံး ဝင်္ကပါအား မဖောက်နိုင်ဟုလည်း ယုံကြည်ထားကြလေသည်။

သိုင်းလောကတွင် နက္ခခုနစ်ဆယ့်နှစ်လုံး ဝင်္ကပါလို ထိုးဖောက်နိုင်သူမရှိဟု ဂိုဏ်းချုပ်အဆက်ဆက်က ပြောဆိုခဲ့၏။

အလွန်အရေးကြီးသော အခြေအနေမျိုးနှင့် ကြုံတွေ့မှသာ ထိုဝင်္ကပါကို အသုံးပြုရမည်ဟုလည်း စည်းကမ်းထားရှိခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ... မားခုံးက နက္ခခုနစ်လုံးဝက်ပါကို အသုံးပြုရန် ဆုံးဖြတ်လိုက်ပြီဖြစ်ပါသည်။

မားခုံးက ကျယ်လောင်စွာ အော်ဟစ်အမိန့်ပေးလိုက်၏။

"တိုက်"

သူ၏အမိန့်သံသည် အဆုံးဝယ် နက္ခခုနစ်ဆယ့်နှစ်လုံးဝက်ပါသည် စတင်အသက်ဝင်လာခဲ့လေတော့သည်။

❒

ကြယ်တံခွန်အဖွဲ့သား ခုနစ်ဆယ့်နှစ်ယောက်တို့သည် ချင်ဟူဖေးအား လှည့်ပတ်ကာ ပြေးလွှားနေကြ၏။

သူတို့၏လှုပ်ရှားမှုများက လွန်စွာပင် မြန်ဆန်လှသည်။

ချင်ဟူဖေးမှာ ကြယ်တံခွန်သိုင်းသမားများကိုကြည့်ရင်း အနောက်လာသကဲ့သို့ ရှိ၏။

ထို့ကြောင့် ... လိုက်မကြည့်တော့ပါ။

ထိုစဉ် ... ကြယ်တံခွန်သိုင်းသမားတစ်ဦးက ချင်ဟူဖေးအား လက်ဝါးဖြင့် လှမ်း၍ရိုက်ချလိုက်၏။

ချင်ဟူဖေး ထိတ်လန့်တုန်လှုပ်သွား၏။



သူတို့၏လှုပ်ရှားမှုက မြန်ဆန်သဖြင့် တိုက်ခိုက်မှုကလည်း မြန်လှ၏။

သူက တစ်ဦး၏လက်ဝါးကိုရှောင်နေစဉ် ကျန်လူများ၏ လက်ဝါးချက်များကလည်း အရိပ်နှယ် လိုက်ပါလာသည် မဟုတ်ပါလား။ ချင်ဟူဖေးမှာ ကျွမ်းပစ်ရှောင်ထွက်လိုက်ရ၏။

သို့သော် ... သူသည် ဝက်ပါ၏အလယ်သို့သာ ပြန်ရောက်သွား၏။ ချင်ဟူဖေးက နောက်တစ်ကြိမ် ထပ်ခုန်လိုက်၏။

ကြယ်တံခွန်အဖွဲ့သားများကလည်း လျင်မြန်စွာ နေရာလိုက်ရွှေ့ရာ ချင်ဟူဖေးမှာ ဝက်ပါအလယ်တွင်သာ ရှိနေပေသည်။

ကြယ်တံခွန်အဖွဲ့သားတို့သည် ချင်ဟူဖေးအား ဝက်ပါအလယ်သို့သာ ရောက်အောင်ပို့ဆောင်ပြီး တိုက်ခိုက်နေခြင်း ဖြစ်သည်။

ချင်ဟူဖေးမှာ တိုက်ခိုက်မှုများကို တစ်ဖက်သတ်ခံနေရ၏။

သူသည် ကြယ်တံခွန်အဖွဲ့သားများကို တိုက်ခိုက်လျှင် မားကျိုတောက်အား ပေးထားသောကတိပျက်မည်ကို စိုးရိမ်မိ၏။

ထို့ကြောင့် သူက ဝက်ပါအတွင်းမှ လွတ်အောင်သာ ရုန်းထွက်၏။ ဤသို့ဖြင့် အချိန်များ တရွေ့ရွေ့ကြာလာ၏။

ချင်ဟူဖေးမှာ အနည်းငယ်ခုမာပန်းလာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အတွင်းအားကလည်း သူမတူအောင် မြင့်မားနေ၍သာ ယခုအချိန်အထိ ကောင်းစွာခံနိုင်ခြင်းဖြစ်၏။

ချင်ဟူဖေးမှာ မည်သို့ပင် ကြိုးစားကြိုးစား မလွတ်မြောက်ဘဲ ရှိနေ၏။ သူသည် ဝက်ပါထဲမှ လွတ်မြောက်လိုလျှင် ဤအတိုင်း ရုန်းထွက်နေ၍မရဘဲ ဝက်ပါကို ဖျက်ဆီးမှသာ ဖြစ်ပေမည်။

ဝက်ပါကို ဖျက်ဆီးရန်မှာ ကြယ်တံခွန်သိုင်းသမားများအား မတိုက်ခိုက်ဘဲနှင့် ဖျက်ဆီး၍မရပါ။

ချင်ဟူဖေး မားကျိုတောက်အား တိုင်တည်လိုက်၏။

“ဘဘ ... ကျွန်တော်ဟာ ကြယ်တံခွန်ဝက်ပါကို ထိုးဖောက်ထွက်ရပါလိမ့်မယ်၊ မထွက်ရင် ကျွန်တော် သေရမှာဖြစ်ပါတယ်၊ ဘဘ သင်ကြားပေးတဲ့ သိုင်းပညာတွေကိုလည်း တိုင်းပြည်နဲ့လူမျိုးအတွက် အသုံးချနိုင်မှာ မဟုတ်ပါဘူး၊ ဒါကြောင့် ကျွန်တော်ဟာ မလွှဲမရှောင်သာနိုင်တဲ့အတွက် ကြယ်တံခွန်ဝက်ပါကို ဖျက်ဆီးခွင့်ပြုပါ၊ ဘဘ ကျွန်တော့်ရဲ့အခက်အခဲကို နားလည်လိမ့်မယ်လို့လည်း ကျွန်တော် ယုံကြည်ပါတယ်”

ချင်ဟူဖေးက မားကျိုတောက်အား တိုင်တည်ရွတ်ပြီး သည်နှင့် လက်ဝါးနှစ်ဖက်တွင် အတွင်းအားများ အပြည့်အဝ စုစည်းလိုက်၏။



ထို့နောက် ... ကြယ်တံခွန်ဝက်ပါ၏အစွန်းမှ သိုင်းသမားများထံ ပြေးဝင်ကာ လက်ဝါးနှစ်ဖက်ဖြင့် တိုက်ခိုက်လိုက်၏။

‘ဒိုး ... ဒိုး’

ချင်ဟူဖေး၏လက်ဝါးနှစ်ဖက်မှ တဒိုးဒိုးနှင့် အသံမြည်လာ၏။ ကြယ်တံခွန်သိုင်းသမားများ ထိတ်လန့်သွား၏။

အစွန်းရှိကြယ်တံခွန်သိုင်းသမား ခုနစ်ယောက်မှာ ချင်ဟူဖေး၏ပြင်းထန်လှသော လက်ဝါးချက်အား ရင်မဆိုင်ဝံ့ကြပါ။

နောက်ကျွမ်းပစ်ကာ ရှောင်ထွက်သွား၏။ ချင်ဟူဖေးက ချက်ချင်းပင် ဝက်ပါအလယ်သို့ လက်ဝါးချက်များ ခုနစ်ချက်တိတိ ဆင့်ကာရိုက်ချလိုက်၏။

ချင်ဟူဖေး၏လက်ဝါးချက်ခုနစ်ချက်အနက် နှစ်ချက်က ကြယ်တံခွန်သိုင်သမားအချို့ကို ထိမှန်သွားခဲ့လေသည်။

‘ဝုန်း’

“အား”

“အမယ်လေး”

ကြယ်တံခွန်သိုင်းသမားတို့ အထိတ်တလန့်နှင့် နောက်ဆုတ်သွား၏။ ဝက်ပါမှာလည်း ဖရိုဖရဲနှင့် ပျက်စီးသွားလေသည်။ ချင်ဟူဖေးက ရလာသောအခွင့်အရေးအား လက်လွတ်မခံပါ။ သူသည်

www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးချက်များ အဆက်မပြတ် ရိုက်ထုတ်ပြီး ဝက်ပါထဲမှ ထိုးဖောက်ထွက်လိုက်၏။

ဤတစ်ကြိမ်တွင် ဝက်ပါမှာ ပျက်စီးနေသဖြင့် ချင်ဟူဖေးအား ဝက်ပါထဲ ပြန်ထည့်ပိတ်ဆို့၍ မရတော့ပါ။ ချင်ဟူဖေးမှာ အလွယ်တကူပင် လွတ်မြောက်သွားလေသည်။

စင်စစ် ကြယ်တံခွန် သိုင်းသမားတို့သည် ချင်ဟူဖေး၏ လက်ဝါးချက်ကို ရင်မဆိုင်ဝံ့ဘဲ ရှောင်တိမ်းကြ၍ ဝက်ပါပျက်စီးကာ ချင်ဟူဖေး ထွက်ပြေးသွားနိုင်ခဲ့ခြင်း ဖြစ်၏။

နက္ခခုနစ်ဆယ့်နှစ်လုံး ဝက်ပါသဘောအရ သူတို့၏ပူးပေါင်းခုခံမှုအားသည် ချင်ဟူဖေး၏အတွင်းအားထက် သာလွန်အောင် ပြု၍ရ၏။ ချင်ဟူဖေး တိုက်ခိုက်သမျှကို ကြံ့ကြံ့ခံ၍ ရနေ၏။

ယခုမူ သူတို့က မခုခံရဲသဖြင့် လွတ်မြောက်သွားခြင်းပင် ဖြစ်သည်။

ချင်ဟူဖေးသည် နက္ခတ်ခုနစ်ဆယ့်နှစ်လုံးဝက်ပါထဲမှ လွတ်မြောက်သည်နှင့် နောက်ပင်လှည့်မကြည့်တော့ဘဲ အားကုန်ပြေးသွားလေတော့သည်။

❒



နေသည် ခြစ်ခြစ်တောက် ပူပြင်း၏။

မြေပြန့်လွင်ပြင်သည် အတော်ပင် ကျယ်ပေသည်။

လွင်ပြင်ကျယ်ကြီးထဲတွင် သစ်ပင်အုပ်ကလေးများ၊ ချုံပုတ်ကလေးများသည် ဟိုတစ်စုသည်တစ်စုနှင့် ရှိနေကြ၏။

ကြယ်တံခွန်သိုင်းအဖွဲ့တည်ရှိရာ တောင်တန်းပေါ်မှ ချင်ဟူဖေး ဆင်းလာနိုင်ခဲ့ပြီ ဖြစ်၏။

သူ့နောက်ကို ကြယ်တံခွန်သိုင်းသမားများ လိုက်လာတော့မည် မဟုတ်ဟုလည်း ယုံကြည်ထား၏။

ကြယ်တံခွန် သိုင်းသမားများသည် တောင်တန်းပေါ်မှ တောင်အောက်သို့ ဆင်းခွင့်မရှိကြပါချေ။

နောက်ကရန်သူ လိုက်မလာသော်လည်း ပြည်မသို့ရောက်ရန် အရေးကြီးသဖြင့် ချင်ဟူဖေးက ခပ်သွက်သွက်ပင် လှမ်းလာခဲ့လေသည်။

သူ့တွင် အဝတ်တစ်စုံ၊ ဓားရှည်တစ်လက်နှင့် ငွေအိတ်ကလေးတစ်ခုသာ ပါ၏။ ရိက္ခာခြောက်အထုပ်မှာ မည်သည့်နေရာတွင် ကျကျန်ရစ်ခဲ့မှန်း မသိပါ။

ချင်ဟူဖေးမှာ ရိက္ခာပြတ်လပ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သုံးလေးရက် မနားတမ်းလာခဲ့ပြီးနောက် တွေ့ရာစားလာခဲ့၏။ တောင်ပေါ်တွင် သစ်ပင်ဝါးပင်မျိုးစုံရှိ၍ ဆာလောင်မှုကို ဖြေဖျောက်နိုင်ရန် အတော်ပင် လွယ်ကူသည်။

လွင်ပြင်ထဲရောက်သောအခါ စတင် အခက်အခဲတွေ့လာရ၏။ ယခုလည်း ဗိုက်က တဂွီဂွီမြည်နေ၏။

အကယ်၍ လူနေအိမ်ခြေ တစ်စုံတစ်ရာကို တွေ့ရလျှင် သူ့တွင် ပါလာသောငွေကြေးဖြင့် ဝယ်ယူစားသောက်နိုင်မည်ဖြစ်၏။

ယခုတော့ လူနေအိမ်ခြေတစ်လုံးမျှ မတွေ့ရသေးပါ။ သူ့တွင် ပါလာသောငွေကြေးတို့သည် မည်သို့မျှ အသုံးမဝင်တော့ပါ။

သူသည် တောကျွမ်းသူတစ်ယောက်ဖြစ်လျှင်လည်း အစားအသောက်ကိစ္စကို ဖြေရှင်းနိုင်ဦးမည် ဖြစ်၏။

ယခုမူ အတွေ့အကြုံလည်း မရှိသဖြင့် အတော်ပင် အခက်အခဲ တွေ့နေရ၏။ ယမန်နေ့ကမူ သူသည် ဘဲဥတစ်လုံးစားခဲ့ရ၏။

ယနေ့မူ မိုးလင်းကတည်းက ဘာမျှမစားသောက်ရသေးပါ။

ဗိုက်က အလွန်ပင် ဆာလောင်နေလေသည်။

သူရောက်နေသောနေရာတွင် ရေလည်း မတွေ့ပါ။

တွေ့နိုးတွေ့နိုးနှင့် ဆက်လက်၍ လျှောက်လာခဲ့ရာ မွန်းလွဲချိန်သို့ပင် ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။



စားသောက်စရာ ဘာတစ်ခုမှ မတွေ့ပါ။ နေပူလွန်း၍ ရေက ငတ်နေ၏။ ရေဆာသည့်ဝေဒနာက ပို၍ဆိုးပေသည်။

ရေဆာမှုကို သတိပြုမိလေ ပို၍ဆာလာလေပင်။

နှုတ်ခမ်းများ ခြောက်ကပ်လာ၏။ လည်ပင်းများ နာလာ၏။ ခြေလက်များလည်း မသယ်ချင်အောင် ဖြစ်လာမိ၏။

တွေ့ရာနေရာတွင် ပစ်လှဲချင်မိ၏။ သို့သော် ... ထိုသို့ပစ်လှဲမိသည်နှင့် သူက ပြန်ထလာနိုင်မည်မဟုတ်ဟုလည်း ယုံကြည်ထားမိသည်။ ချင်ဟူဖေးသည် အံကိုတင်းတင်းကြိတ်လိုက်၏။

ရန်သူ့လက်ချက်နှင့် မသေဘဲ ရေငတ်သေရတော့မည်လား။ ဤအဖြစ်မျိုး သူအရောက်မခံနိုင်ပါ။

ချင်ဟူဖေး စိတ်တင်းလိုက်ပြီး ရှေ့သို့ ဆက်၍လျှောက်လာခဲ့၏။ မကြာမီ ခပ်ဝေးဝေးမှ မှိုင်းညို့ညို့ တောအုပ်ကလေးတစ်ခုကို တွေ့လိုက်ရ၏။

"အင်း ... ဒီတောအုပ်ကလေးကို အရောက်သွားနိုင်ရင် ငါ့အတွက် ရေနဲ့စားစရာတစ်ခုခုတော့ ရနိုင်တယ်"

အတွေးတို့ကြောင့် အားတက်လာ၏။ သူသည် တောအုပ်ကလေးဆီသို့ အပြေးတစ်ပိုင်းနှစ်ပိုင်း လျှောက်လာခဲ့ရာ တဖြည်းဖြည်း နီးကပ်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ... တောအုပ်ကလေးထဲမှ မီးခိုးတန်းတစ်ခု ကောင်းကင်ပေါ်သို့ တလူလူတက်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဟာ ... မီးခိုး ... မီး ... မီး ... မီးခိုး"

"မီးခိုးရှိရင် လူရှိရမယ်"

"လူရှိရင် စားစရာရပြီ"

ချင်ဟူဖေး အလွန်ဝမ်းသာသွား၏။

သူသည် မီးခိုးငွေ့ထွက်ရာဘက်သို့ ဦးတည်ကာ ခြေလှမ်းသွက်သွက်ဖြင့် လှမ်းလာခဲ့လေသည်။

တစ်နာရီခန့်ကြာသောအခါ သူသည် မီးခိုးများ ထွက်နေသည့်နေရာသို့ ရောက်ရှိလာလေသည်။

❐

သစ်တောအုပ်ကလေးအတွင်းမှ မီးခိုးများ တလူလူထွက်နေ၏။ ထိုမီးခိုးထွက်နေသောနေရာသည် ဝါးရုံတောကလေးမှ ဖြစ်၏။ ဝါးရုံတောလေးအတွင်း၌ ရေအိုင်ငယ်ကလေးတစ်ခု ရှိ၏။

ရေအိုင်ငယ်ကလေးအနောက်ဘက်တွင် ဝါးဖြင့်ဆောက်လုပ်ထားသော အိမ်ကလေးတစ်လုံးရှိ၏။



ဝါးအိမ်ကလေး၏ဘေးတစ်ဖက်တစ်ချက်တွင် ဟင်းသီးဟင်းရွက်စိုက်ခင်းငယ်ကလေး ရှိပေသည်။

ရွာမဟုတ်ပါ။ တောအုပ်ကလေးအတွင်း တစ်ခုတည်းသောအိမ်ကလေး ဖြစ်၏။

မည်သို့ဆိုစေ ယခုလိုအချိန်တွင် အိမ်တစ်လုံးတွေ့ရခြင်းကသူ့အတွက် အလွန်ကံကောင်းသည်ဟု ဆိုရပေမည်။

ချင်ဟူဖေးက ဝါးရုံတောအနီး ရပ်တန့်၍ ဝါးအိမ်ကလေးကိုအကဲခတ်ကြည့်လိုက်လေသည်။

ဝါးအိမ်ကလေးသည် ပကတိ ငြိမ်သက်နေ၏။ လူရိပ်လူယောင်မတွေ့ရသလို လူသံလည်း မကြားရပါ။

သို့သော် ... မီးခိုးငွေ့ကလေးများသည် ထိုဝါးအိမ်ကလေးအတွင်းမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

လူ ရှိကိုရှိရပေမည်။ ချင်ဟူဖေးက ဝါးအိမ်ကလေးရှေ့သို့လျှောက်လာခဲ့၏။

သူ ဝါးအိမ်ကလေးရှေ့သို့အရောက်မှာပင် ဝါးအိမ်ကလေးထဲမှ လူတစ်ယောက်ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



ဝါးအိမ်ကလေးအတွင်းမှ လူတစ်ယောက်ထွက်လာ၏။

ထိုလူအားတွေ့သောအခါ ချင်ဟူဖေး မျက်မှောင်ကုတ်သွား၏။ ထိုလူသည် တောလိုက်မုဆိုးတစ်ယောက်ကဲ့သို့ ဝတ်ဆင်ထား၏။

သို့သော် ... ကြမ်းတမ်းသော ယောကျ်ားမုဆိုးမဟုတ်ပါ။

မုဆိုးဝတ်စုံမျိုး ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက် ဖြစ်၏။ အသက်အရွယ်ကို ခန့်မှန်းရခက်၏။ အသက်သိပ်တော့ကြီးသေးဟန်မပေါ်ပါ။

မုဆိုးတစ်ဦးကဲ့သို့လည်း ကြမ်းကြမ်းတမ်းတမ်းဟန်အပြည့်တော့ ရှိ၏။

ထိုအမျိုးသမီးမုဆိုးသည် အိမ်ထဲမှထွက်အလာတွင် အိမ်ရှေ့တွင် ရပ်နေသော ချင်ဟူဖေးအား တွေ့သောအခါ အနည်းငယ်အံ့သြသွားပုံရ၏။ ပြီးမှ ပြုံးပြလိုက်ပြီး ...

"ဩော် ... ခရီးသွားထင်ပါရဲ့၊ လာလေ ... ဝင်ထိုင်ပါဦး"

ဤနေရာသည် အတော်ပင် ခေါင်သောနေရာဖြစ်၏။

ခရီးသွားဟုဆိုရအောင် ဤနေရာမှဖြတ်သန်း၍ ခရီးသွားစရာမရှိပါ။



တစ်မြို့နှင့်တစ်မြို့ ဖြတ်သန်းသောလမ်းလည်း မဟုတ်ပါ။

မမျှော်လင့်ဘဲ ရောက်ရှိလာသော ချင်ဟူဖေးကိုတွေ့ရလျှင်တော်ရုံလူအဖို့ အတော်အံ့အားသင့်စရာဖြစ်ပေလိမ့်မည်။

အမျိုးသမီးကား အနည်းငယ်သာ အံ့သြပုံပြ၏။ ခရီးသွားဟုဆိုကာ ကြိုဆို၏။

ဤအချက်ကိုထောက်ရှုလျှင် အမျိုးသမီးသည် ချင်ဟူဖေးရောက်လာမည်ကို သိနေပုံရကြောင်း ထင်ရှား၏။

ချင်ဟူဖေးသာ အတွေ့အကြုံရင့်ကျက်သောသူဆိုလျှင်ချက်ချင်းပင် ရိပ်စားမိမည် ဖြစ်၏။ သို့သော် ... ချင်ဟူဖေးသည်အတွေ့အကြုံ လုံးဝမရှိပါ။

ထို့ကြောင့် ... အမျိုးသမီးကို သူက အကဲပင်မခတ်မိပါ။

အစာရေစာပြတ်လပ်နေချိန် အလွန်အမင်းဆာလောင်နေချိန်တွင် လူနေအိမ်ကို တွေ့ရသည့်အတွက် ဝမ်းသာအားတက်နေ၏။

သူက အမျိုးသမီး၏ဖိတ်ခေါ်မှုအရ ဝါးအိမ်ကလေးအတွင်းလှမ်းဝင်လိုက်၏။ အမျိုးသမီးက ချင်ဟူဖေးကို အိမ်ရှေ့ခန်းတွင်နေရာထိုင်ခင်းပေးလိုက်ပြီးနောက် စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်ဟူဖေးမှာ အလွန်ပင်ဆာလောင်နေသဖြင့် ဟန်ဆောင်ငြင်းပယ်ခြင်းပင် မပြုနိုင်ပါ။

သိုင်းလောကသားတစ်ဦးသည် မိမိနှင့် သိကျွမ်းသူတစ်ယောက်က ကျွေးမွေးသောအစားအသောက်များကို သည်အတိုင်းမစားသောက်တတ်ကြပါ။

အဆိပ်ပါ၊မပါ မသိမသာစမ်းသပ်ပြီးမှ စားကြ၏။ ယခု ... ချင်ဟူဖေးကမူ ဘာမျှစမ်းသပ်ခြင်းမရှိပါ။

အားရပါးရပင် စားသောက်လိုက်ရာ အစားအသောက်အားလုံး ပြောင်စင်သွားလေသည်။ ထိုအခါမှ သူက အားနာသောစိတ်ဝင်လာ၏။

"စားကောင်းလိုက်တာဗျာ၊ ကျုပ် အတော်ကို ဆာနေတာ၊ ကျွေးသမျှ အကုန်စားသောက်မိတာ အားနာဖို့တော့ အတော်ကောင်းပါတယ်၊ ခင်ဗျားကို အလွန်ပဲ ကျေးဇူးတင်ပါတယ်"

သူသည် အမျိုးသမီးအား လှိုက်လှိုက်လှဲလှဲပင် ကျေးဇူးတင်စကား ပြောဆိုလိုက်လေသည်။

အမျိုးသမီးက ရယ်မောလိုက်၏။

အမျိုးသမီး၏ရယ်သံသည် ဆည်းလည်းသံကဲ့သို့ ချိုလွင်နေ၏။



"ကိစ္စမရှိပါဘူးရှင်၊ ဒီလမ်းခရီးဟာ ခရီးသွားအတော်ကို နည်းပါးပါတယ်၊ ဒီအိမ်ကို ဧည့်သည်တစ်ယောက် ရောက်ဖို့ဆိုတာ မလွယ်ပါဘူး၊ အခု အခါအခွင့်ကြုံတုန်း ဧည့်ခံပြုစုကျွေးမွေးရတာပဲ ဝမ်းသာလှပါပြီ၊ ရှင်ရှေ့ဆက်သွားရမယ့် ခရီးအတွက်လည်း ရိက္ခာထုတ်ယူသွားနိုင်ပါတယ်၊ ဘာမှအားနာစရာမရှိပါဘူး"

အမျိုးသမီးက ပြောပြောဆိုဆိုနှင့် အိမ်တွင်းခန်းဘက်လှည့်ဝင်သွား၏။ မကြာမီ ... အမျိုးသမီးသည် အထုပ်တစ်ထုပ်ကိုင်ကာ ပြန်ထွက်လာ၏။

ခရီးဆောင်ရိက္ခာထုပ်ဖြစ်၏။ သားရေနှင့်ချုပ်ထားပြီး အတော်ပင်သပ်ရပ်၏။

အာမခံဌာနသားတို့ အသုံးပြုလေ့ရှိသော ရိက္ခာပင်ဖြစ်၏။

တောခေါင်ခေါင်တွင် ယခုလိုရိက္ခာအိတ်မျိုး ရှိနေသည်မှာ အမျိုးသမီး၏ ပေ့ါဆလစ်ဟာမှုတစ်ခုပင် ဖြစ်၏။

သို့သော် ... ထိုဟာကွက်ကိုလည်း ချင်ဟူဖေး သတိမပြုမိပြန်ပါ။ သူသည် အစားသောက်ပြီးနောက် ရိက္ခာထုပ်ကို ထပ်ယူရန်အတွက် များစွာပင် အားနာနေ၏။

"ဟာ ... နေပါစေဗျာ၊ မယူပါရစေနဲ့"

သူက ငြင်းပယ်လိုက်၏။ အမျိုးသမီးက ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီကနေ ဆက်သွားလို့ရှိရင် လမ်းမှာ နှစ်ရက်လောက်ကြာဦးမယ်၊ လမ်းမှာ မြို့ရွာမရှိဘူး၊ ရှင့်အတွက် အစားအသောက်ရဖို့ အတော်ကို ခဲယဉ်းမယ်ရှင့်"

ချင်ဟူဖေးက ...

"ကိစ္စမရှိပါဘူးဗျာ၊ အခုလို ကျွေးမွေးတာကိုပဲ ကျေးဇူးတင်လှပါပြီ"

အမျိုးသမီးက လှပစွာပြုံးလိုက်ပြီး ...

"ဘာလဲ ရှင်က အားနာလို့လား"

ချင်ဟူဖေးက ပါးစပ်ပိတ်ထားလိုက်၏။ အမျိုးသမီးက ...

"ဒါဆို ဒီလိုလုပ်၊ ရိက္ခာထုပ်အတွက် ကျသင့်ငွေကို ရှင်ပေးသွားပေါ့၊ ဘယ်လိုလဲ"

ထိုစကားသည် အလွန်ပင်သင့်တော်သော စကားဖြစ်၏။

"အား ... ဒီအကြံကောင်းတယ်၊ မဆိုးဘူး၊ ကဲ ... ရိက္ခာထုပ်အတွက် ကျုပ် ဘယ်လောက်ပေးရမလဲ"

အမျိုးသမီးက ...

"ကျွန်မက ငွေနဲ့မရောင်းတတ်ဘူး၊ ရှင်ပဲ ဘယ်လောက်တန်တယ်ဆိုတာ ကြည့်ပြီးပေးသွားပေါ့ရှင်"

ချင်ဟူဖေးကိုယ်တိုင်လည်း ဈေးမဖြတ်တတ်ပါ။



သို့သော် ... ဈေးဆိုင်မရှိ၊ လူနေအိမ်ခြေမရှိသော ဤလိုနေရာမျိုးတွင် အစားအစာသည် ငွေထက် ပို၍တန်ဖိုးရှိ၏။

သူသည် ခေတ္တမျှစဉ်းစားပြီးနောက် ငါးဆယ်ခန့် ထုတ်ကာ အမျိုးသမီးအား ပေးလိုက်၏။

အမျိုးသမီးက ချင်ဟူဖေးပေးသော ငွေကို နည်းသည် များသည်ဟု မပြောပါ။ အိတ်ထဲထည့်ပြီး ...

"ကဲ ... ကျွန်မလည်း တောထဲသွားရဦးမယ်၊ ရှင် ဒီမှာ ခဏနားချင်သေးရင် နားနိုင်ပါတယ်"

ချင်ဟူဖေးအား နှင်လိုက်ခြင်းပင်။ အိမ်ရှင်မရှိသော အိမ်တစ်အိမ်တွင် မည်သို့သောဧည့်သည်က ဆက်၍နေနိုင်ပါမည်နည်း။

"ကျုပ် မနားတော့ပါဘူး၊ အချိန်ရှိတုန်း ခရီးဆက်လိုက်ပါဦးမယ်၊ ကျေးဇူးတင်ပါတယ်၊ ကျုပ်ကို ခွင့်ပြုပါဦး"

ချင်ဟူဖေးသည် အမျိုးသမီးအား နှုတ်ဆက်ပြီးနောက် ဝါးအိမ်ကလေးအတွင်းမှ ထွက်လာခဲ့လေတော့သည်။

❒

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးအမျိုးသမီးသည် ဝါးအိမ်ကလေးရှေ့တွင် ရပ်ကာ ချင်ဟူဖေး ထွက်ခွာသွားသည်ကို ကြည့်နေ၏။

ချင်ဟူဖေး ပျောက်ကွယ်သွားတော့မှ အိမ်ထဲ ပြန်လှည့်ဝင်သွား၏။ မကြာမီ အမျိုးသမီးပြန်ထွက်လာ၏။

သူမသည် မုဆိုးအဝတ်အစားနှင့် မဟုတ်တော့ပါ။ အဝတ်အစားလဲလှယ်လာ၏။

ရိက္ခာထုပ်ကိုလည်း ခါးတွင်ချိတ်ထား၏။

တစ်ဖန် ပုဆိန်တစ်လက်ကိုလည်း ကျောတွင် လွယ်ပိုးလိုက်၏။ သူမ၏ပုဆိန်မှာ အခြားပုဆိန်များနှင့်မတူဘဲ ပုံစံက ထူးခြားလှ၏။ ထို့နောက် ... သူမသည် ဝါးအိမ်ရှေ့မှ ထွက်လာခဲ့၏။

သူမ ဦးတည်ရာသည် တောအုပ်ဘက် မဟုတ်ပါ။ ချင်ဟူဖေးသွားရာဘက်သို့ပင် ဖြစ်ပါတော့သည်။

❐

နောက်သုံးရက်ခန့်အကြာ ... ချင်ဟူဖေးသည် သုံးရက်လုံးလုံး ခရီးကြမ်းနှင်လာခဲ့ပြီးနောက် မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာလေသည်။



သူသည် ပထမဆုံး လူနေရပ်ကွက်တစ်ခုသို့ ရောက်ရှိလာခြင်းဖြစ်၏။ သူယူလာသောရိက္ခာထုပ်မှာ လေးရက်စာခန့် အလုံအလောက်ပါရှိသဖြင့် လမ်းတွင် အစားအသောက်အတွက် ပူစရာမရှိခဲ့ပါ။

ထို့အတွက် ... ထိုအမျိုးသမီးကို အထူးပင် ကျေးဇူးတင်မိသည်။ သို့သော် ... သူက ထိုအမျိုးသမီး၏အမည်ကို မမေးခဲ့ပါ။

ကျေးဇူးရှင်တစ်ဦး၏အမည်ကို မမေးမိသဖြင့် သူ့ကိုယ်သူ အပြစ်တင်နေမိလေသည်။

အကြောင်းဆုံ၍ ထိုနေရာသို့ တစ်ခါတစ်ခေါက်ပြန်ရောက်ခဲ့ပါလျှင် ထိုအမျိုးသမီးကို ကျေးဇူးဆပ်ရမည်ဟုလည်း စိတ်ထဲတွင် မှတ်သားထားလိုက်လေသည်။

ချင်ဟူဖေးသည် မြို့ကလေးသို့ရောက်ရှိသည်နှင့် ပထမဆုံးတွေ့သော တည်းခိုခန်းတွင်ဝင်ကာ အခန်းတစ်ခန်း ငှားရမ်းလိုက်၏။

သူ ပင်ပန်းနေပြီဖြစ်၍ အားရပါးရ နားလိုလှ၏။

ထို့ကြောင့် သူသည် ဘယ်မှမထွက်တော့ဘဲ အခန်းတွင်း၌ လဲလျောင်းကာ အနားယူအိပ်စက်လိုက်လေသည်။

သူ နှစ်ခြိုက်စွာပင် အိပ်ပျော်သွားခဲ့၏။

သူနိုးလာသောအခါ ညအချိန်ပင် ရောက်နေပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ချင်ဟူဖေးသည် ညစာကို အခန်းတွင်း၌ပင် မှာယူစားသောက်လိုက်၏။

ညစာစားပြီးနောက် အခန်းတံခါးကို အလုံပိတ်ကာ ရန်နှိမ်ဓားကိုထုတ်၍ ကြည့်ရှုလိုက်လေသည်။

ရန်နှိမ်ဓား သူ့ထံရောက်နေသည်မှာ သုံးလခန့်ရှိခဲ့ပြီ ဖြစ်သည်။ သို့သော် ... သူ တစ်ကြိမ်တစ်ခါမှပင် သေသေချာချာ မကြည့်ဖြစ်ခဲ့ပါ။ ယခု သတိရသွားပြီး သူက ထုတ်ကြည့်ခြင်း ဖြစ်၏။

သူသည် လမ်းတစ်လျှောက်တွင်လည်း ယင်းရန်နှိမ်ဓားကို သိုသိုသိပ်သိပ်ဖြင့် ထားရှိခဲ့၏။

ရန်နှိမ်ဓား သူ့ထံရှိသည်ဟူသောသတင်း ပေါက်ကြားသွားခဲ့လျှင် မကြာမီကာလတစ်ခုအတွင်း သိုင်းလောကသားများ အပါအဝင် သိုင်းသမားပေါင်းစုံတို့ ကစ်ဦးပြီးတစ်ဦး သူ့ထံရောက်ရှိလာပြီး ရန်နှိမ်ဓားကို လုယူကြမည်ဖြစ်လေသည်။

ချင်ဟူဖေးသည် မီးရောင်အောက်ဝယ် ဓားကိုကြည့်လိုက်သည်။ ဓားအိမ်မှာ အတော်ပင် ဟောင်းနွမ်းနေ၏။ သာမန်ဓားတစ်လက်၏ဓားအိမ်နှင့် မထူးခြားလှပါ။

ချင်ဟူဖေးက ဓားကို ဓားအိမ်အတွင်းမှ အသာဆွဲထုတ်လိုက်၏။



'ခွမ်'

ဓားရောင်သည် အခန်းတွင်း လင်းလက်သွား၏။ ချင်ဟူဖေးသည် ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ထား၏။

ဓားမှအားအင်များ မိမိခန္ဓာကိုယ်အတွင်းသို့ စီးဝင်သလိုလည်း ခံစားနေရလေသည်။

ကြက်သီးများလည်း တဖြန်းဖြန်းထလာ၏။ ချင်ဟူဖေးက ဓားကို အသာဝှေ့ယမ်းလိုက်၏။

ဓားကိုင်ထားရသည်မှာ ဖက်ရွက်တစ်ရွက်အလား ပေါ့ပါးလွန်းလှ၏။ သို့သော် ... ဝှေ့ယမ်းလိုက်သည့်အခါတွင်မူ အင်အားက ပြင်းထန်လှ၏။

ဓားမှထွက်ပေါ်လာသော လေတိုးသံများကား တဝှီးဝှီးနှင့် မြည်ဟည်းနေသည်။

ချင်ဟူဖေးသည် ဓားကို ဝှေ့ယမ်းရုံနှင့် အားမရသလိုဖြစ်လာ၏။ သူသည် စားပွဲပေါ်ရှိ ရေတကောင်းကို လှမ်း၍ ခုတ်ချလိုက်၏။

'ခွမ်'

ရေတကောင်း တစ်ချက်လှုပ်သွား၏။ လွင့်ထွက်မသွားပါ။ ကွဲကြေမသွားပါ။

www.burmeseclassic.com

www.burmeseclassic.com



ချင်ဟူဖေး မျက်မှောင်ကုတ်သွား၏။

မိမိခုတ်လိုက်သောဓားချက်သည် ထိုရေတကောင်းကို ထိပင် မထိလေသလားဟု တွေးမိ၏။ ချင်ဟူဖေးမှာ ဇဝေဇဝါစိတ်နှင့် ရေတကောင်းကို လှမ်းယူလိုက်၏။

'ဖွမ်း'

ရေတကောင်းအတွင်းမှ ရေများ စီးကျလာ၏။

ရေတကောင်း၏အပေါ်ပိုင်းသည် သူ၏လက်တွင်း ပါလာ၏။ စားပွဲပေါ်တွင် ရေတကောင်း ဖင်ပိုင်းကျန်ရစ်ခဲ့ပြီး ရေများ လျှံထွက်လာခြင်း ဖြစ်၏။

"ဟင်"

ချင်ဟူဖေး မျက်လုံးပြူးသွား၏။

ဓားချက်သည် ရေတကောင်းအား ထက်ပိုင်းပြတ်ခဲ့သည် မဟုတ်ပါလား။ ချင်ဟူဖေး တအံ့တဩ ရေရွတ်လိုက်၏။

"ထက်လိုက်တဲ့ဓား၊ အင်း ... တကယ့်ကို ဓားကောင်းတစ်လက်ပါပဲ၊ အင်းလေ ... ဒါကြောင့်လည်း သိုင်းလောကတစ်ခုလုံးမှာ တန်ဖိုးအကြီးဆုံးဓား၊ အလေးအမြတ်ပြုရတဲ့ဓား ဖြစ်နေတာကိုး"

ချင်ဟူဖေးသည် ရန်နှိမ်ဓား၏အစွမ်းကို သိရှိနားလည်လာသည်။



သူသည် ဓားကို ဓားအိတ်ထဲထည့်လိုက်၏။

ထို့နောက် ... အဝတ်စဖြင့် ရစ်ပတ်ကာ သေသေချာချာ သိမ်းဆည်းလိုက်၏။ ပြီးမှ ခုတင်ပေါ်တွင် လဲလျောင်းကာ အနားယူလိုက်လေတော့သည်။

❐

ညသည် တိတ်ဆိတ်ငြိမ်သက်နေ၏။

ညဉ့်နက်လာပြီ ဖြစ်သည်။

ချင်ဟူဖေးကား အိပ်မပျော်ပါ။ မည်သို့ အိပ်ပျော်နိုင်မည်နည်း။ သူသည် နေ့လယ်မှစ၍ ညဦးတိုင်အောင် နှစ်ခြိုက်အိပ်မောကျခဲ့သည် မဟုတ်ပါလော။

ချင်ဟူဖေးမှာ ခုတင်ပေါ်တွင် လဲလျောင်းအနားယူရင်း ဟိုတွေး သည်တွေး တွေးနေလေသည်။ အတွေးများကား ဟိုရောက် သည်ရောက်နှင့် ရှိနေ၏။

ထိုစဉ် ... ခေါင်မိုးပေါ်မှ လှုပ်ရှားသံသဲ့သဲ့ကို အမှတ်မထင် ကြားလိုက်ရ၏။ တစ်ဆက်တည်းပင် အခန်းပြတင်းပေါက်သို့ တစ်စုံတစ်ရာ ထိမှန်သံကိုလည်း ကြားလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်ဟူဖေး ဝေါက်ခနဲထထိုင်လိုက်၏။ သူ၏လက်ကလည်း ရန်နို့မ်ဓားကို ကောက်ကိုင်မိလျက်သား ဖြစ်သွား၏။

'ဒေါက်'

'ဒေါက်'

ခေါင်မိုးပေါ်မှ လှုပ်ရှားသံ၊ ပြတင်းပေါက်သို့ တစ်စုံတစ်ခု ထိမှန်သံတို့က ဒုတိယအကြိမ် ထွက်ပေါ်လာပြန်၏။

မိမိအား တစ်စုံတစ်ယောက်က အချက်ပေးနေခြင်းလော။

အပြင်လောကတွင် မိမိနှင့်သိကျွမ်းသူ မရှိပါ။ မိတ်ဆွေလည်း မရခဲ့သေးပါ။ ဤသို့ဆိုလျှင် ရန်သူတစ်ဦးတစ်ယောက်သည် မိမိအား အခန်းတွင်းမှ ထွက်လာအောင် မျှားခေါ်ခြင်းလော။

သို့သော် ... မိမိတွင် မိတ်ဆွေမရှိသလို ရန်သူလည်း မရှိသေးပါ။ မည်သို့သောအကြောင်း ရှိနေသနည်း။ သူတွေးနေ၍ အဖြေရလာမည် မထင်ပါ။

မည်သူဖြစ်သည်၊ မည်သည့်ကိစ္စဖြစ်သည်ကို သူ အပြင်ထွက်ကြည့်မှသာ သိရှိရမည်ဖြစ်သည်။

ချင်ဟူဖေးက အပြင်ထွက်ကြည့်ရန် ဆုံးဖြတ်လိုက်၏။ ရန်နို့မ်ဓားအား အဝတ်နှင့်ပတ်ထားသည့်အတိုင်း ကျောတွင် လွယ်ပိုးလိုက်၏။



ထို့နောက် အခန်းထဲမှ တိတ်တဆိတ်ထွက်လာခဲ့၏။

တည်းခိုခန်းအနောက်ဘက် ပြတင်းပေါက်မှတစ်ဆင့် ခေါင်မိုးပေါ်သို့ တက်လိုက်လေတော့သည်။

ချင်ဟူဖေး ခေါင်မိုးပေါ်သို့ ရောက်ရှိလာ၏။ ထိုအခါ ... လူရိပ်တစ်ရိပ်သည် လှစ်ခနဲ ပြေးထွက်သွား၏။

ထိုလူရိပ်ပြေးသွားပုံမှာ လျင်မြန်လှ၏။

ညအမှောင်ကြောင့် ထိုလူ၏ပုံပန်းသဏ္ဌာန်ကို သူ မတွေ့လိုက်ရပါ။ ချင်ဟူဖေးလည်း တုံ့ဆိုင်းမနေဘဲ ထိုလူရိပ်နောက်သို့ ထက်ကြပ်မကွာ ပြေးလိုက်သွားလေသည်။

ထိုလူရိပ်သည် ချင်ဟူဖေး သူ့နောက်မှလိုက်လာသည်ကို ရိပ်စားမိသွားပုံရလေသည်။

ပြေးရှိန်ကို ပို၍တိုးမြှင့်လိုက်၏။ ချင်ဟူဖေးက မဲ့လိုက်၏။

သူသည် ထိုလူရိပ်နောက်သို့ အမီလိုက်သွားလေသည်။

ညကား နက်နေပြီဖြစ်၏။

တစ်မြို့လုံး လူသွားလူလာပင် မရှိဘဲ တိတ်ဆိတ်နေ၏။

ချင်ဟူဖေးသည် ထိုလူရိပ်နောက်လိုက်ရင်းမှ တစ်စထက်တစ်စ မြို့ပြင်ဘက်သို့ ရောက်ရှိလာ၏။

မြို့အပြင်ဘက်တွင် ပန်းခြံကြီးတစ်ခုရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှလူရိပ်က ပန်းခြံထဲ ဝင်ပြေးသွားသည်ကို တွေ့မြင်လိုက်သဖြင့် ချင်ဟူဖေးသည် ပန်းခြံထဲ လိုက်ဝင်သည်။

ပန်းခြံတွင်းရောက်သောအခါ ရှေ့မှလူရိပ်အား မတွေ့ရတော့ပါ။ ထို့ကြောင့် ချင်ဟူဖေးသည် ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားခဲ့ရလေသည်။

ပန်းခြံတွင်း၌ လူသားဟူ၍ သူတစ်ယောက်တည်းသာ ရှိသလို ဖြစ်နေ၏။ ထိုစဉ် ...

"ဝူ ... အူ"

မြို့ထဲမှ ခွေးအူသံက ဆွဲဆွဲငင်ငင်နှင့် ထွက်ပေါ်လာ၏။

ချင်ဟူဖေး ကြက်သီးများ ဖြန်းခနဲထသွား၏။

ကြောက်ရွံ့သောစိတ်များက ဘယ်ထောင့်က တိုးထွက်လာမှန်းမသိပါ။ သူ၏စိတ်ထဲ၌ စိုးရွံ့လာ၏။ ရှေ့ဆက် မဝင်ဝံ့တော့ပါ။

နောက်ကြောင်းပြန်လှည့်ရန် စိတ်ကူးလိုက်လေသည်။

ဤသည်ကသာ အကောင်းဆုံးဖြစ်မည်ဟုလည်း ချင်ဟူဖေး ယုံကြည်မိ၏။ ချက်ချင်းပင် သူက နောက်ပြန်လှည့်လိုက်၏။

ထိုစဉ်မှာပင် ...

'ခစ် ... ခစ် ... ခစ်'

ရုတ်တရက် ရယ်မောသံကြားလိုက်ရ၏။



မိန်းကလေးတစ်ယောက်၏ရယ်မောသံ ဖြစ်သည်။

ရယ်သံသည် ချိုလွင်သာယာသည်။

သို့သော် ... တိတ်ဆိတ်မှောင်မိုက်နေသော ပတ်ဝန်းကျင်တွင် ရုတ်တရက် ပေါ်ထွက်လာသော ရယ်သံဖြစ်ခြင်းကြောင့် သာယာမှုအစား ချောက်ချားမှုကိုသာ ဖြစ်စေခဲ့လေသည်။

ရယ်မောသံသည် သူ၏ညာဘက် ပန်းပင်များဘက်မှ ဖြစ်၏။

"ရယ်သံပဲ၊ ဒါ ... မိန်းကလေးရယ်တဲ့အသံ၊ ညကြီးမင်းကြီး ဘယ်က မိန်းကလေးရယ်သံလဲ၊ လူမှဟုတ်ရဲ့လား"

အတွေးများက ပုံမှန်မရှိတော့ပါ။

ကြောက်ရွံ့စိတ်ကြောင့် အတွေးများလည်း မှားယွင်းလာ၏။ သူသည် စိတ်ကိုတင်းလိုက်၏။

မြေကြီးတစ်ခဲကောက်ယူကာ ရယ်မောသံကြားရာ ပန်းပင်များဘက်သို့ လှမ်း၍ပစ်ပေါက်လိုက်၏။

ကြောက်ရွံ့စိတ်ကို ဖြေလိုက်ခြင်း ဖြစ်သည်။

'ဒေါက်'

မာကျောသောအရာတစ်ခုနှင့် ထိတွေ့သွားပုံရ၏။

ရယ်သံလည်း တိခနဲပြတ်တောက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ချင်ဟူဖေးက မြေကြီးခဲတစ်ခဲ ထပ်မံကောက်ယူလိုက်၏။

ထိုစဉ် ပန်းပင်များ ယိမ်းနွဲ့လှုပ်ရှားလာ၏။

ချင်ဟူဖေးမှာ မြေကြီးခဲနှင့်ပစ်ရန် ချိန်ရွယ်လျက်က မပစ်နိုင်ဘဲ ငေးကြည့်နေမိလေသည်။

ထိုသို့ကြည့်နေစဉ် အတွင်းမှာပင် ပန်းပင်များကြားမှ အဖြူရိပ်တစ်ရိပ် တိုးထွက်လာသည်ကို တွေ့လိုက်ရ၏။

ဝတ်ရုံဖြူပွပွရှည်ရှည် ဝတ်ဆင်ထားသူ မိန်းကလေးတစ်ယောက်ပင် ဖြစ်ပါသည်။

နက်မှောင်ရှည်လျားသောဆံပင်များ ဖားလျားချထား၏။

ဆံပင်ရှည်များက ထိုမိန်းကလေး၏မျက်နှာကို ဖုံးကွယ်ထား၏။ အမျိုးသမီးသည် ချုံထဲမှ တိုးထွက်လာခြင်းဆိုသည်ထက် ခုန်ထွက်လာခြင်းဟုဆိုက ပိုမှန်ပေမည်။

အမျိုးသမီးသည် လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်တန်းထား၏။ သူမ၏လက်များက ဖြူဖွေးလှပ၏။

အမျိုးသမီးသည် ခေါင်းငုံ့လျက် ရှေ့တိုးလာ၏။

အမျိုးသမီး၏လှုပ်ရှားမှုကို အတိအကျဖော်ပြရလျှင် ခေါင်းငုံ့ထားပြီး လက်နှစ်ဖက်ရှေ့တန်းထုတ်ကာ ခြေစုံခုန်၍ ခုန်၍လာခြင်းမျိုးဖြစ်သည်။



လမ်းလျှောက်လာခြင်း မဟုတ်ပါ။ ချင်ဟူဖေး မျက်လုံးပြူးလာ၏။ လက်၌ မြေကြီးခဲကိုကိုင်ထားသော်လည်း မပစ်မိပါ။

ကြောက်ရွံ့ထိတ်လန့်မှုကြောင့် ဘာလုပ်ရမှန်းမသိပါ။

ထိုဝတ်ရုံဖြူအမျိုးသမီးကိုပါ မျက်လုံးပြူး၍ ကြည့်နေမိ၏။ ချင်ဟူဖေးက ...

"မင်း ... မင်း ... ဘယ်သူလဲ၊ ရပ် ... ရပ်စမ်း၊ ကျုပ်လက်ထဲက ခဲနဲ့ပစ်လိုက်ရမလား"

သူသည် အထစ်ထစ်အငေ့ါငေ့ါဖြင့် ပြောလိုက်၏။

ထိတ်လန့်မှုကြောင့် သူ၏အသံမှာ အနည်းငယ် တုန်ယင်နေ၏။ အမျိုးသမီးက ချင်ဟူဖေး၏စကားကို အရေးမစိုက်ပါ။

ရှေ့သို့ခုန်၍ ခုန်၍ လာနေဆဲဖြစ်၏။

ခြေနှစ်လှမ်းစာခန့်ကို တစ်ကြိမ်တည်း စုခုန်ကျလာခြင်းဖြစ်၏။

ထို့ကြောင့် ... ချင်ဟူဖေးနှင့် ဝါးတစ်ရိုက်ခန့်အကွာကို တစ်ခဏအတွင်းမှာပင် ရောက်ရှိလာလေသည်။

ထိုနေရာသို့ရောက်မှ အမျိုးသမီးက ခေါင်းတစ်ချက် ခါယမ်းလိုက်၏။ နက်မှောင်သောဆံကေသာများ ဝဲပျံသွား၏။

ထိုအခါ အမျိုးသမီး၏မျက်နှာပေါ် အုပ်နေသောဆံပင်များ

www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ ဝဲပုံသွားပြီး အမျိုးသမီး၏မျက်နှာပေါ် ထွက်လာ၏။

ချင်ဟူဖေး တစ်ခဏအတွင်း အမျိုးသမီး၏မျက်နှာကို ကောင်းစွာ မြင်တွေ့လိုက်ရလေသည်။

"ခစ် ... ခစ် ... ဟီး ... ဟီး ... ဟား ... ဟား"

အမျိုးသမီးက အသံစုံဖြင့် ရယ်မောလိုက်၏။

ရယ်သံက ,ရူးရူကာ အဝေးမှလာသကဲ့သို့ ရှိ၏။

ချင်ဟူဖေး၏မျက်လုံးအစုံသည် ရှေ့သို့ အစွမ်းကုန် ပြူးထွက်လာ၏။

ချင်ဟူဖေး မြင်လိုက်ရသော အမျိုးသမီး၏မျက်နှာကား အဖုအထစ်များ ပြည့်နှက်နေ၏။ ပါးစပ်က ပြဲလှ၏။

ထိုပါးစပ်ပြဲကြီးအတွင်းမှ နှစ်လက်မခန့်အစွယ်နှစ်ချောင်းက ရှေ့သို့ ငေါ်၍ထွက်နေသည်။ ကြောက်လန့်စရာမျက်နှာကြီး ဖြစ်၏။

ထိုထိတ်လန့်ချောက်ချားဖွယ်မျက်နှာနှင့်အတူ အေးစက်သောရယ်မောသံကို တစ်ပြိုင်တည်း မြင်ကြားလိုက်ရသောအခါ ချင်ဟူဖေး ခြေများလက်များ အေးစိမ့်သွား၏။

ကြောက်ရွံ့မှုတို့က ဆံစတိုင်အောင် ရောက်ရှိလာ၏။

သူသည် ကြက်သေသေကာ မျက်လုံးအပြူးသားနှင့် ရပ်နေ၏။



ထိုအချိန်မှာပင် အမျိုးသမီး၏ရှေ့ဆန့်တန်းထားသော လက်နှစ်ဖက်က လှုပ်ယမ်းလာလေသည်။ ချင်ဟူဖေးက ရှောင်တိမ်းခြင်း မပြုမိပါ။

ထို့အတူ ထွက်ပြေးခြင်းလည်း မပြုမိပါ။

သူသည် မမျှော်လင့်ထားသော အဖြစ်အပျက်ကြောင့် ထိတ်လန့်ချောက်ချားနေပြီး သည်အတိုင်းပင် ရပ်နေမိ၏။

လေထဲ၌ ပန်းရနံ့တို့ ပို၍မွှေးကြိုင်လာသလို ခံစားရ၏။

ချင်ဟူဖေးသည် ထိုအမျိုးသမီးအားကြည့်ရင်းမှ အမျိုးသမီး၏အရိပ်များ နှစ်ခုသုံးခု တိုးပွားလာသည်ကို တွေ့ရ၏။

မကြာမီ သူ့ပတ်လည်တွင် အမျိုးသမီး၏အရိပ်များ ပြည့်နှက်လာ၏။ ခေါင်းများ မူးဝေလာ၏။

"အား"

ချင်ဟူဖေးသည် ကြောက်လန့်စွာ အော်ဟစ်လိုက်ပြီးနောက် မြေပေါ်သို့ ပြိုလဲကျသွားလေသည်။

အမျိုးသမီးက ချင်ဟူဖေး၏အဖြစ်အပျက်ကိုကြည့်ကာ သဘောကျစွာဖြင့် ရယ်မောလိုက်လေသည်။

ထို့နောက် လဲကျနေသော ချင်ဟူဖေးထံ လျှောက်လာပြီး ချင်ဟူဖေး၏ကျောပေါ်မှ ရန်နှိမ်ဓားကို ဖြုတ်ယူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် အမျိုးသမီးသည် ပန်းခြံအတွင်းမှ လျှင်မြန်စွာ ထွက်သွားလေသည်။

❐

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။

ချင်ဟူဖေးကား ပန်းခြံအတွင်း၌ သတိလစ်နေဆဲဖြစ်၏။

ထိုစဉ် ပေါ့ပါးသောခြေသံထွက်ပေါ်လာ၏။

မကြာမီ ပန်းခြံအတွင်းသို့ အဖြူရိပ်တစ်ရိပ် ဝင်ရောက်လာ၏။ အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ဖြစ်၏။

ထိုမိန်းကလေးသည် စောစောက အဖြူရောင်မိန်းကလေးနှင့် ဆန့်ကျင်ဘက်ပင် ဖြစ်ပါသည်။

ငယ်ရွယ်၍ ချောမောလှပသောမိန်းကလေး ဖြစ်၏။

ထိုမိန်းကလေးကား စုစုပင် ဖြစ်ပါသည်။

စုစုသည် ချင်ဟူဖေးအား ရွှန်းလဲ့သောမျက်ဝန်းအစုံဖြင့် စိုက်ကြည့်လိုက်၏။

ထို့နောက် ...



ချင်ဟူဖေးအား ပွေ့ချီကာ ပန်းခြံအတွင်းမှ လျှင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

❐

အချိန်များ မည်မျှကြာသွားသည်မသိပါ။ ချင်ဟူဖေး သတိရလာ၏။ သူ၏ခေါင်းထဲ၌ ကြည်လင်မှုမရှိပါ။ ခေါင်းအုံကာ ကိုက်ခဲနေ၏။

သူသည် မျက်လုံးမဖွင့်နိုင်တော့ဘဲ အတွင်းအားလှည့်ပတ်ကာ စစ်ဆေးလိုက်၏။ သူ၏အတွင်းအားများ ပကတိကောင်းမွန်နေ၏။

အတွင်းအားဖြင့် သွေးကြောများကို သုံးလေးကြိမ်မျှ လှည့်ပတ်လိုက်သောအခါ ခေါင်းအုံကိုက်ခဲမှုများ လျော့ကျသွား၏။

ထိုအခါမှ သူက မျက်လုံးကို အသာဖွင့်ကြည့်လိုက်၏။ ချင်ဟူဖေး အံ့အားသင့်သွား၏။

သူသည် အခန်းတစ်ခုအတွင်း ရောက်ရှိနေခြင်းဖြစ်သည်။ သပ်ရပ်သောအခန်းတစ်ခုဖြစ်၏။ သို့သော် သူနှင့် ရင်းနှီးသောအခန်း မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘယ်နေရာရောက်နေပါလိမ့်"

ထိုစဉ်မှာပင် စကားသံကို ကြားလိုက်ရလေသည်။

"ဟော ... ရှင် သတိရလာပြီကိုး"

မိန်းကလေးတစ်ယောက်၏ ကြည်လင်ချိုအေးသော နှုတ်ဆက်စကားပင် ဖြစ်ပါသည်။

ချင်ဟူဖေးက အသံလာရာသို့ လှမ်းကြည့်လိုက်၏။

တံခါးဝမှတစ်ဆင့် အခန်းတွင်းသို့ ဝင်လာသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရလေသည်။

မိန်းကလေးသည် သူနှင့်အသက်အရွယ်ခြင်း သိပ်မကွာခြားလှပါ။ မျက်ဝန်းနက်နက်ကလေး၊ မျက်တောင်ကော့ကော့လေး၊ နှုတ်ခမ်းပါးလျလျ လှပသောမိန်းကလေးတစ်ယောက်ဖြစ်၏။

ချင်ဟူဖေးမှာ ထိုမိန်းကလေးအား မသိပါ။ တစ်ကြိမ်တစ်ခါမှလည်း မမြင်ဘူးပါ။ သူသည် အိပ်ရာထက်မှ လူးလဲထလိုက်၏။

လက်ကလည်း ကျောသို့ အလိုလို စမ်းလိုက်၏။

"ဟာ ... ဒုက္ခပဲ"

ချင်ဟူဖေး အလန့်တကြား ရေရွတ်လိုက်၏။

မိန်းကလေးက မျက်လုံးဝိုင်းသွားပြီး ...

"ဟင် ... ရှင် ဘာဖြစ်လို့လဲ၊ ဘာဒုက္ခများလဲ"



မိန်းကလေးက ထိတ်ထိတ်ပျာပျာနှင့် မေးလိုက်၏။

ချင်ဟူဖေးက ...

"ဒုက္ခပါပဲ"

"ရှင်က ဒုက္ခပဲ ညည်းနေတယ်၊ ဘာဖြစ်လို့လဲ ပြောစမ်းပါဦး"

"ဒီလိုဗျ ... ကျုပ်ဓား မရှိတော့ဘူး၊ ခင်ဗျား ယူထားသေးသလား"

မိန်းကလေးက နှုတ်ခမ်းစူသွားပြီး ...

"ရှင် ဘယ်လိုပြောလိုက်တာလဲ၊ ရှင့်လည်း ကယ်ရသေးတယ်၊ ရှင်ကပဲ ပြန်ပြီးစွပ်စွဲနေတယ်"

"မဟုတ်ပါဘူးဗျာ၊ ကျုပ်ဓား တွေ့မိသလားလို့ မေးတာပါ၊ ကျုပ် စကားမှားသွားရင် ခွင့်လွှတ်ပါဗျာ"

မိန်းကလေးက ...

"ရှင် ပန်းခြံထဲမှာ လဲနေတာတွေ့လို့ တော်တော်ကြာ ဒုက္ခဖြစ်မှာစိုးပြီး ခေါ်လာတာ၊ ရှင့်ကိုယ်မှာ ဘာဓားမှ ပါလာတာ မတွေ့ပါဘူး"

ချင်ဟူဖေး တစ်ကိုယ်လုံး ထူပူသွား၏။

"ဒါ့ဒါဆို ကျုပ် သတိလစ်နေတုန်း လူတစ်ယောက်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကောက်ယူသွားတာ ဖြစ်မယ်"

"ဖြစ်တော့ ဖြစ်နိုင်တယ်၊ ဒါပေမဲ့ ရှင့်ကို ကျွန်မခေါ်လာပြီး မကြာဘူး ရှင် သတိရလာတာ"

ချင်ဟူဖေး အပြင်ဘက်သို့ ကြည့်လိုက်၏။

အပြင်ဘက်တွင် မှောင်မည်းနေဆဲ ဖြစ်၏။ ချင်ဟူဖေးက

"ဒါဆို ကျုပ်ပန်းခြံဘက် ပြန်သွားဦးမယ်"

မိန်းကလေးက ...

"ညမှောင်နေတယ်၊ ရှင်ပြန်မသွားသင့်ဘူး၊ ဓားတစ်လက်ဘာများအရေးကြီးသလဲ"

ချင်ဟူဖေးက ...

"မဖြစ်ဘူးဗျ"

သူက ထိုမျှသာ ပြောနိုင်၏။

ရန်နှိမ်ဓားအကြောင်း မပြောနိုင်ပါ။

မိန်းကလေးက ...

"ကောင်းပြီလေ၊ ဒါဆိုလည်း ကျွန်မတို့နှစ်ယောက် ပန်းခြံထဲကို ပြန်သွားကြည့်ကြတာပေါ့၊ ကျွန်နေခဲ့တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

ချင်ဟူဖေး ဘာမျှမပြောတော့ပါ။



သူသည် မိန်းကလေးနှင့်အတူ ပန်းခြံဘက်သို့ ပြန်လျှောက်လာခဲ့လေသည်။

❒

ကောင်းကင်၌ လကွေးကလေးသည် ချိတ်ဆွဲထားသကဲ့သို့ ရှိနေ၏။ လရောင်သည် လင်းထိန်နေသော်လည်း အတော်အတန် အလင်းရောင်ကို ဖြန့်ဝေပေးနေ၏။

ချင်ဟူဖေးသည် မိန်းကလေးနှင့်အတူ ပန်းခြံထဲ ခပ်သွက်သွက်ဝင်လာ၏။

သူသည် ပန်းခြံအတွင်း လှည့်ပတ်ရှာဖွေလိုက်၏။

ဘာမျှမတွေ့ရပါ။ အခြားလူရိပ်လူယောင်လည်း မတွေ့ပါ။

မိန်းကလေးက ...

"ရှင့်ဓားကို တစ်ယောက်ယောက်ယူသွားတာ ဖြစ်နိုင်တယ်"

ဟု မှတ်ချက်ပြုလိုက်၏။ ချင်ဟူဖေး မျက်နှာပျက်သွား၏။ မိန်းကလေးစကားကို သူ ငြင်းစရာမရှိပါ။ မိန်းကလေး ပြောသလိုပင် သူ့ထံမှ တစ်စုံတစ်ယောက်က ဓားကို ခိုးယူသွားခဲ့ပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုတစ်စုံတစ်ယောက်မှာ အခြားသူမဖြစ်နိုင်ပါ။

ပန်းခြံထဲတွင် သူတွေ့ခဲ့သည့် အမျိုးသမီးပင် ဖြစ်ရမည်။

သူ့အား သရဲဟန်ဆောင်ကာ ချောက်လှန့်ပြီး မေ့ဆေးအသုံးပြုကာ ဓားလုသွားခြင်း ဖြစ်ရမည်ဟု ဆင်ခြင်မိ၏။

ချင်ဟူဖေး စိတ်ဓာတ်ကျကာ ပန်းခြံအတွင်းမှ ပြန်ထွက်လာခဲ့၏။

ထိုသရဲဟန်ဆောင်ထားသော အမျိုးသမီး မည်သူဖြစ်မည်နည်း။ သူမသိပါ။ တွေးမရပါ။

ရန်နှိမ်ဓား သူ့ထံရှိနေသည်ကို မည်သို့ သိနေပါသနည်း။ အဖြေကား မရလာခဲ့ပါ။

ချင်ဟူဖေးနှင့်မိန်းကလေးတို့သည် မြို့ပြင်လမ်းမအတိုင်း တိတ်တိတ်ဆိတ်ဆိတ်ပင် လျှောက်လာကြလေသည်။

ခဏကြာမှ ချင်ဟူဖေးက မိန်းကလေးဘက် ကြည့်လိုက်သည်။ ထိုမိန်းကလေးသည် သူ့အား ကူညီခဲ့သူဖြစ်၏။

ဤတစ်ကြိမ်တွင် သူက နာမည်မေးထားသင့်သည်ဟု တွေးလိုက်ပြီး ...

"ညီမနာမည် ဘယ်လိုခေါ်သလဲ"

ဟု ရုတ်တရက် မေးလိုက်၏။



မိန်းကလေးက ပြုံးလိုက်ပြီး ...

"ရှင့်နာမည် အရင်ပြောသင့်တာပေါ့"

ချင်ဟူဖေးက ...

"ဟုတ်သားပဲ၊ ကျုပ်က ချင်ဟူဖေးပါ၊ ဒီည ကျုပ်ကို ကူညီခဲ့တဲ့အတွက် ညီမကို ကျေးဇူးတင်ပါတယ်"

မိန်းကလေးက ...

"ရှင့်ကြည့်ရတာ သိုင်းလောကသားတစ်ယောက် ပုံစံပဲ၊ ဘယ်အဖွဲ့အစည်းကများလဲ ပြောနိုင်မလား"

ချင်ဟူဖေး တွေဝေသွား၏။ ရဲမာန်အဖွဲ့ဝင်များသည် နေရာတကာတွင် လှုပ်ရှားကာ ကျော်ကြားကြ၏။

သူသည် ရဲမာန်အဖွဲ့ဝင်ဖြစ်ကြောင်း ထုတ်မပြောလိုသေးပါ။ ထို့ကြောင့် သူက ...

"ဘယ်လိုမှမထင်ပါနဲ့ဗျာ၊ လောလောဆယ်တော့ ကျုပ်က တစ်ကိုယ်တော် သွားလာလှုပ်ရှားနေပါတယ်"

ဟုသာ ပြောလိုက်လေသည်။ မိန်းကလေးက ...

"ကျွန်မနာမည် စုစုပါ၊ ကျွန်မလည်း ရှင့်လိုပဲပေါ့၊ သိုင်းလောကထဲ ဗဟုသုတရအောင် တစ်ကိုယ်တော် သွားလာနေပါတယ်"

သူက ရယ်မောရင်း ပြောလိုက်ခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ချင်ဟူဖေးသည် မိန်းကလေးရယ်လိုက်သောအခါ သွားတက်ကလေးနှစ်ခုနှင့် အတော်ပင်လှပကြောင်း သတိပြုမိ၏။

တောထဲ၌တွေ့ခဲ့သော မုဆိုးအမျိုးသမီးတွင်လည်း ထိုသို့သော သွားတက်မျိုးရှိကြောင်း သတိရသွား၏။ စုစုက ...

"စောစောက ပန်းခြံထဲမှာ စစ်ဆေးကြည့်တော့ ရှင် ဘာသတိထားမိသလဲ"

ချင်ဟူဖေးက ခေါင်းခါယမ်းလိုက်ပြီး ...

"ဘာမှသတိမထားမိဘူး၊ ညီမကကော ဘာတွေမြင်လို့လဲ"

"မှေ့ဆေး"

"မှေ့ဆေး ဟုတ်လား"

"ဟုတ်တယ်၊ ရှင့်ကို မှေ့ဆေးအသုံးပြုတိုက်ခိုက်သွားတာပဲ၊ နေပါဦး ... ရှင်က မှေ့ဆေးမယ်တော် ချူးချူးနဲ့ ရန်ငြိုးရှိလို့လား"

"ဘယ်က မှေ့ဆေးမယ်တော် ချူးချူးလဲ"

"အလို ... ရှင်ကပဲ ပြန်မေးရသေးတယ်၊ အခု ရှင့်ကို မှေ့ဆေးနဲ့ တိုက်ခိုက်သွားတာ မှေ့ဆေးမယ်တော် ချူးချူးပေါ့"

"ကျုပ်နဲ့ ဘာရန်ငြိုးမှ မရှိပါဘူး"

"ဒါဆို ရှင့်ကို ဘာကြောင့်တိုက်ခိုက်တာလဲ"

"ကျုပ်ရဲ့ဓားကို လုယူချင်လို့ပေါ့"



"ရှင့်ဓားကို လုယူဖို့ ဟုတ်လား"

"ဟုတ်တယ်၊ သူဟာ ဘာကြောင့်များ ကျုပ်ရဲ့ဓားကို လုယူသွားရတာလဲ"

"တစ်ခုပဲရှိတယ်၊ ရှင့်ရဲ့ဓားက အဖိုးတန်ဓား ဖြစ်နေမှာပေါ့ ဟုတ်လား"

"ဓားက အဖိုးတန်တော့ မဟုတ်ပါဘူး၊ အဲ ... သာမန်ဓားထက်တော့ နည်းနည်းပိုပြီး အဖိုးတန်တယ်လို့ ပြောနိုင်ပါတယ်"

သူက လိမ်ညာဖုံးဖိကာ ပြောလိုက်၏။

အစဉ်ရိုးသားသော ချင်ဟူဖေးမှာ ထိုသို့ လိမ်ညာပြောဆိုရသည်ကို မလုံမလဲဖြစ်နေ၏။ စုစု ကျိတ်ပြုံးလိုက်၏။

ချင်ဟူဖေးသည် မလိမ်မညာတတ်ဘဲနှင့် လိမ်ညာပြောနေသည်ကို သူမက ကောင်းစွာ ရိပ်မိ၏။

သူတို့သည် စကားတပြောပြောနှင့် လျှောက်လာခဲ့ကြရာ မကြာမီ ခြံဝင်းတစ်ခုအနီးသို့ ရောက်ရှိလာလေတော့သည်။

❐

ခြံဝင်းမှာ တိတ်ဆိတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



စုစုသည် ထိုခြံဝင်းထဲသို့ လှမ်းဝင်လိုက်၏။

ချင်ဟူဖေးက ကမန်းကတန်း ဟန့်တားလိုက်၏။

"ဟော့ ... ဟော့ ... ညကြီးအချိန်မတော် သူများအိမ်ထဲ အရမ်းဝင်သွားလို့ မသင့်တော်ဘူးထင်တယ်"

စုစု ပြုံးသွား၏။

"ရှင်က သိုင်းသမားတစ်ယောက်ကော ဟုတ်ရဲ့လား၊ ဒီအိမ်ကြီးဟာ လူမနေဘူးဆိုတာ သေသေချာချာအကဲခတ်ကြည့်စမ်းပါဦး"

ချင်ဟူဖေး ခြံဝင်းထဲရှိအိမ်ကြီးကို အကဲခတ်ကြည့်လိုက်မိ၏။

အိမ်ကြီးမှာ အတော်ပင် ယိုယွင်းပျက်စီးစပြုနေသည်။

"အင်း ... ညီမပြောတာ ဟုတ်သားပဲ၊ အိမ်ထဲမှာ လူနေပုံမရဘူး၊ ကဲလာ အထဲဝင်ကြည့်ကြစို့"

စုစုက ပြောပြောဆိုဆိုနှင့် အိမ်ကြီးဆီသို့ ဦးတည်လျှောက်သွားလိုက်လေတော့သည်။

❒



ချင်ဟူဖေးနှင့်စုစုတို့နှစ်ယောက် အိမ်ကြီးထဲသို့ ရောက်လာကြ၏။ အိမ်ကြီးထဲ၌ မှောင်မည်းနေ၏။

စုစုသည် ချင်ဟူဖေး၏လက်ကိုဆွဲလိုက်ပြီး ...

"လူကွဲသွားဦးမယ် သတိထား"

သူမက ပြောပြောဆိုဆို ချင်ဟူဖေး၏လက်ကိုဆွဲကာ ရှေ့သို့ဆက်၍ ဝင်လာခဲ့လေသည်။ မိန်းကလေးတစ်ယောက်၏ နူးညံ့သော လက်ဖဝါးကို ဆုပ်ကိုင်လိုက်သည့်အတွက် ချင်ဟူဖေးရင်ထဲ၌ လှုပ်ရှားသွားလေသည်။ ရင်များလည်း တဒိတ်ဒိတ်ခုန်လာ၏။

အထိအတွေ့က သူ၏နှလုံးသားကို လှုပ်ရှားလာစေသည်။

စုစုကား အလင်းရောင်မရှိဘဲ မှောင်မိုက်နေသည့် အိမ်ကြီးအတွင်း ခြေလှမ်းသွက်သွက်နှင့် လျှောက်လှမ်းသွားနေဆဲ ဖြစ်၏။

သူမအပြုအမူကြောင့် ချင်ဟူဖေး အကြီးအကျယ်စိတ်လှုပ်ရှားနေရသည်ကို သတိပင်မပြုမိပါ။

မကြာမီ သူတို့နှစ်ယောက်သည် အခန်းတစ်ခုအတွင်းသို့ ရောက်ရှိလာကြလေသည်။

မှောင်နေသောကြောင့် အခန်းတွင်း ဘာကိုမျှ ထင်ရှားစွာ မမြင်ရပါ။ ထိုစဉ် ချင်ဟူဖေးသည် သင်းပျံ့သောပန်းရနံ့ကို ရှူရှိုက်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



စုစုက ...

"ရှင် စိုးရိမ်နေသလား၊ ဒီအိမ်ထဲ ကျွန်မ မကြာခဏရောက်ဘူးတယ်၊ ဒီအခန်းမှာ ကျွန်မ နားခိုနေကြပါ"

ချင်ဟူဖေး တွေဝေသွား၏။

စုစုသည် သူ့အား ပရိယာယ်ဆင်ကာ ခေါ်လာခြင်းလော။

သူတွေးနေစဉ် မီးခတ်ကျောက်ခြစ်သံ ထွက်ပေါ်လာ၏။

မကြာမီ မီးအိမ်တစ်လုံး လင်းလာ၏။

ဒီအိမ်မှ အလင်းရောင်ကြောင့် အခန်းထဲမှ မြင်ကွင်းကို ကောင်းစွာပင် မြင်တွေ့လိုက်ရလေသည်။

❒

မီးအိမ်အလင်းရောင်သည် အခန်းတွင်း၌ လင်းထိန်နေ၏။ အခန်းမှာ မကျဉ်းလွန်း မကျယ်လွန်းပါ။

အခန်းနံရံထောင့်တစ်နေရာတွင် ခုတင်တစ်လုံးရှိ၏။ ခုတင်အနီးတွင် စားပွဲတစ်လုံးနှင့် ခုံတစ်လုံးရှိ၏။

စားပွဲပေါ်တွင် ပန်းအိုးတစ်လုံးရှိ၏။

ပန်းအိုးထဲတွင် လှပသောပန်းများ ထိုးစိုက်ထား၏။



ပန်းကလေးများကား လှပသော်လည်း မည်သည့်ပန်းအိုးဖြစ်သည်ကို ချင်ဟူဖေးက မသိပါ။

သူသည် အခန်းတွင်း၌ မိန်းကလေးတစ်ဦးနှင့်အတူ ရှိနေရသည်ကို သတိပြုမိပြီး မနေတတ်သလိုဖြစ်နေ၏။

အနေရအထိုင်ရ ခက်နေ၏။ မျက်နှာလည်း ထူထူပူပူဖြစ်နေ၏။ စုစုမှာ ချင်ဟူဖေး၏ရှက်ကိုးရှက်ကန်းအမူအရာကို ကြည့်ကာ ကျိတ်၍သဘောကျနေမိ၏။

သူစိတ်ဝင်စားသောသူသည်၊ အလွန်ပင်ရိုးသားဖြူစင်လှသည် မဟုတ်ပါလော။ ချင်ဟူဖေး၏ရိုးသားဖြူစင်မှုကြောင့် ပို၍လေးစားမိ၏။ စုစုက ...

"ထိုင်လေ"

ချင်ဟူဖေးက ကုလားထိုင်တွင် ထိုင်လိုက်၏။

စုစုကမူ ခုတင်စောင်းတွင် ဝင်ထိုင်လိုက်ပြီး ...

"ချူးချူးဟာ နှယ်နှယ်ရရ အမျိုးသမီးတစ်ယောက် မဟုတ်ဘူးရှင့်"

ဟု စကားစလိုက်၏။ ချင်ဟူဖေးက ...

"သူ့အကြောင်း ညီမသိရင် ပြောပြပါလား"

စုစုက ခေါင်းညိတ်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ချူးချူးဟာ သိုင်းလောကမှာ နာမည်ကြီးတယ်၊ သူဟာ အဆိပ်အမျိုးမျိုးကို ကျွမ်းကျင်သလို၊ သိုင်းပညာလည်း အဆင့်မြင့်တယ်၊ ပြီးတော့ ... လျှို့ဝှက်တယ်၊ သူ ဘယ်မှာနေတယ်ဆိုတာ သိဖို့ခက်ခဲတယ်၊ အခင်း ... သူ့ကိုတွေ့ရင်လည်း ရင်ဆိုင်ဖို့ အတော်ခက်ခဲတယ်ရှင့်"

ချင်ဟူဖေးက ...

"ကျုပ် သူနဲ့ရင်ဆိုင်ရမှာ မကြောက်ပါဘူး၊ သူရှိတဲ့နေရာကိုသာ ညွှန်ပြနိုင်ရင် ညွှန်ပြပါ"

စုစုက ...

"ကျွန်မ အတိအကျတော့မသိဘူး၊ ဒါပေမဲ့ သူရှိတဲ့နေရာကို ကျွန်မ စုံစမ်းရှာဖွေရင်တော့ ရမယ်ထင်ပါတယ်"

ချင်ဟူဖေးက ...

"ဒါဆို ကျုပ်ကို ချူးချူးရှာပေးဖို့ ကူညီပေးပါလား"

"ရပါတယ်ရှင်၊ ဒါပေမဲ့ ... ချူးချူးဟာ သိုင်းပညာအဆင့်မြင့်တယ်၊ ရှင့်ကို အထင်သေးလို့ မဟုတ်ဘူးနော်၊ ရှင့်သိုင်းပညာအဆင့်နဲ့ ယှဉ်လို့ဖြစ်ပါ့မလား"

ချင်ဟူဖေးက သက်ပြင်းချလိုက်ပြီး ...

"ညီမရဲ့စေတနာကို ကျုပ် နားလည်ပါတယ်၊ ကျုပ်ဟာ



ချူးချူးကို ကောင်းကောင်းရင်ဆိုင်နိုင်မယ်လို့ ယုံကြည်ပါတယ်"

ဟု ပြောလိုက်၏။ စုစုက ...

"ရှင့်ရဲ့သိုင်းပညာအဆင့်ကို သိရရင်တော့ ရှင် သူ့ကို ယှဉ်နိုင်မယ် မယှဉ်နိုင်ဘူးဆိုတာ ကျွန်မ ခန့်မှန်းနိုင်မယ်၊ ဒီတော့ ဒီလို လုပ်ရင်ကောင်းမယ်ထင်တယ်"

"ဘယ်လိုလုပ်ရမှာလဲ"

"ရှင့်ရဲ့သိုင်းပညာ ဘယ်လောက်အဆင့် ရောက်နေသလဲဆိုတာကို ကျွန်မ စမ်းသပ်ကြည့်မယ်"

သူမက ပြောပြောဆိုဆို ချင်ဟူဖေးအား လက်ဖါးနှင့်ရိုက်ချလိုက်လေသည်။

❒

စုစုသည် ချင်ဟူဖေးနောက်မှ တစ်ချိန်လုံး လိုက်ပါလာခဲ့၏။ ရွှေလုံတပ်ဖွဲ့အား မန်ချူးများ ဝင်ရောက်တိုက်ခိုက်ခဲ့စဉ်ကလည်း သူမက အကူအညီပေး၍ လွတ်မြောက်စေခဲ့၏။

ချင်ဟူဖေးသည် ကြယ်တံခွန်အဖွဲ့နယ်မြေအတွင်း ဝင်သွားသောအခါတွင်မူ သူမက လိုက်မဝင်ဘဲ ကျန်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ချင်ဟူဖေးသည် ကြယ်တံခွန်အဖွဲ့တွင် သိုင်းပညာသင်ယူမည်ဖြစ်ကြောင်း သူမ ရိပ်စားမိခဲ့၏။

သူမ စိတ်ရှည်ရှည်နှင့်ပင် ချင်ဟူဖေး ကြယ်တံခွန်အဖွဲ့မှ ထွက်လာသည်အထိ စောင့်ဆိုင်းခဲ့၏။

ယခု ချင်ဟူဖေးသည် သိုင်းပညာ မည်မျှအဆင့်မြင့်လာသနည်းဟု သိလိုသောကြောင့် သူမက စမ်းသပ်လိုက်ခြင်းဖြစ်ပေသည်။

ချင်ဟူဖေး မဲ့လိုက်၏။

စုစုသည် သူ၏သိုင်းပညာအဆင့်ကို အထင်သေးဟန်ရှိသည်ဟု သူ တွက်ဆမိခဲ့၏။

ထို့ကြောင့် သူက စုစုအား ပညာပြမည်ဟု ဆုံးဖြတ်လိုက်၏။ သူသည် စုစုရိုက်ချလာသော လက်ဝါးချက်အား မရှောင်တိမ်းပါ။ သူသည် လက်ညှိုးဖြင့် စုစု၏လက်ဝါးအလယ်သို့သာ ထောက်၍ ပိတ်ဆို့ဟန့်တားလိုက်၏။

စုစုမှာ လက်ဝါးကို ချက်ချင်းရုပ်ပြီး ဆက်တိုက်ပင် လက်ဝါးနှစ်ဖက်ဖြင့် ပြင်းထန်စွာ တိုက်ခိုက်လိုက်၏။

ချင်ဟူဖေးက ထိုင်ရာမှမထပါ။

သူသည် လက်ညှိုးတစ်ချောင်းတည်းကို အသုံးပြုကာ စုစု၏ သိုင်းကွက်များကို ဟန့်တားပိတ်ဆို့ထား၏။



စုစုမှာ သိုင်းကွက်ဆယ်ကွက်ခန့်စလုံးပင် ရုပ်သိမ်းခဲ့ရ၏။

ထိုအခါမှ ချင်ဟူဖေးက ရုတ်တရက် စုစု၏လက်ကောက်ဝတ်ကို ဖမ်းချုပ်လိုက်လေသည်။

တစ်ဆက်တည်းပင် သွေးကြောပေါ်တွင် လက်ညှိုးဖြင့် ထောက်ထားလိုက်၏။

ချင်ဟူဖေး၏တိုက်ခိုက်မှုကား မြန်ဆန်လွန်းလှ၏။

စုစု ဘာမျှမတတ်နိုင်လိုက်ပါ။ ချင်ဟူဖေး၏လက်တွင်း ကျရောက်သွား၏။ ရုန်းဖယ်၍ပင် မရပါချေ။

ချင်ဟူဖေးက ပြုံးလျက် လက်ကို ပြန်လွှတ်ပေးလိုက်၏။ စုစု၏သိုင်းပညာအဆင့်ကား မနိမ့်ပါ။

ယခုမူ ချင်ဟူဖေး၏သိုင်းတစ်ကွက်နှင့်ပင် ရှုံးသွားရ၏။

ချင်ဟူဖေး၏သိုင်းပညာသည် အလွန်ပင်မြင့်မားတိုးတက်လာကြောင်း စုစု ကောင်းစွာ ရိပ်စားမိလိုက်လေသည်။

"သူ့ရဲ့သိုင်းပညာ အတော်ကိုမြင့်မားလာတာပဲ၊ အရင်နဲ့ ဘာမှမဆိုင်တော့ဘူး၊ သူဟာ စိတ်ထားလည်း ကောင်းတယ်၊ ရုပ်ရည်လည်း မဆိုးဘူး"

သူမက ပီတိဖြာသွား၏။ ချင်ဟူဖေးအပေါ်လည်း ပို၍ချစ်လာမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စုစုက ချင်ဟူဖေးအား ရွှန်းလဲ့သော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်ပြီး ...

"ရှင့်ရဲ့သိုင်းပညာ တကယ်ပဲ ကောင်းပါတယ်၊ ရှင်ဟာ မေ့ဆေးမယ်ချူးချူးကို ကောင်းကောင်းရင်ဆိုင်နိုင်ပါတယ်ရှင်"

ချင်ဟူဖေး ကျေနပ်စွာ ပြုံးလိုက်၏။

"ကျုပ်ကို မေ့ဆေးမယ်တော့ ချူးချူးနောက်ကို ဘယ်လိုလိုက်ကြမလဲ"

"ဒီအတွက် မပူပါနဲ့၊ ကျွန်မက ရှင့်ကိုကူညီပြီး ချူးချူးကို တွေ့အောင် ရှာပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

"ကဲ ... ရှင်နားချင်ရင် နားလိုက်ဦး၊ ကျွန်မ ပြန်လာခဲ့မယ်၊ နောက်ကျမှပဲ သွားကြတာပေါ့"

စုစုက ချင်ဟူဖေးအာ နှုတ်ဆက်ကာ အိမ်ကြီးတွင်းမှ ထွက်ခွာသွားလေသည်။

ချင်ဟူဖေးလည်း ခုတင်ပေါ် လဲလျောင်းလိုက်၏။

အိပ်ရာထက်တွင် သင်းပျံ့သောကိုယ်ရနံ့တစ်ခု ရှိ၏။

စုစု၏ကိုယ်ရနံ့ပင် ဖြစ်ပါသည်။ ချင်ဟူဖေးမှာ ရင်ခုန်သွား၏။



စုစု အိမ်ကြီးအတွင်းမှ ထွက်သွားပြီ ဖြစ်၏။

သို့သော် စုစုသည် သူ၏ရင်တွင်းကိုးဝင်လာသလို ခံစားနေရတော့လေသည်။

❒

နောက်တစ်နေ့နံနက်။

ချင်ဟူဖေးသည် အိမ်ကြီးရှေ့မှနေ၍ စုစုအလာကို စောင့်ဆိုင်းနေမိ၏။

စုစုအား စောင့်ရင်း သူသည် စုစုအကြောင်းကို စဉ်းစားနေ၏။

"စုစုဆိုတဲ့ မိန်းကလေးဟာ ထူးဆန်းတဲ့မိန်းကလေးတစ်ယောက်ပဲ၊ တစ်ယောက်တည်း သွားလာလှုပ်ရှားနေတာကတော့ ဘဝင်မကျစရာပဲ၊ အင်း ... ငါနဲ့ အခုမှစပြီး တွေ့တာဖြစ်ပေမယ့် သူ့ကိုကြည့်ရတာ ငါ့ကို သိဟောင်းကျွမ်းဟောင်း တစ်ယောက်လို သဘောထားနေပုံပဲ၊ သူ့အကြောင်းကိုလည်း ငါ ဘာတစ်ခုမှ ရေရေရာရာ မသိသေးဘူး၊ ဒါပေမဲ့ သူ့ရဲ့အပြုံးနဲ့ သူ့ရဲ့သွားတက်တွေကိုတော့ ငါမြင်ဖူးသလိုပဲ၊ ဘယ်မှာပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



သူသည် စုစုအကြောင်း တွေးရင်း စောင့်စားခဲ့ရာ အချိန်များ တဖြည်းဖြည်း ကုန်လွန်လာ၏။

နေပင် ထွက်လာပြီဖြစ်၏။ စုစုကား ရောက်မလာသေးပါ။

"စုစုလည်း ရောက်မလာပါလား၊ ဘာဖြစ်လို့လဲ"

"ငါ့ကို တမင်လိမ်ညာပြောသွားသလား"

"အို ... မဖြစ်နိုင်ပါဘူး၊ စုစုဟာ ငါ့ကို လိမ်ညာပြောသွားမယ် မဟုတ်ပါဘူး"

အချိန်များ တရွေ့ရွေ့ ကုန်လွန်လာ၏။

နေလည်း မြင့်လာ၏။ စုစု၏အရိပ်အယောင်ကိုလည်း မတွေ့ရပါချေ။

ချင်ဟူဖေး စိတ်လျှော့လိုက်၏။ စုစုလာတော့မည်မဟုတ်ဟု ယူဆလိုက်၏။

သူသည် အိမ်ကြီးထဲမှ ထွက်လာခဲ့လေတော့သည်။

ချင်ဟူဖေးသည် လမ်းအတိုင်း လျှောက်လာခဲ့၏။

အတန်ကြာ လျှောက်လာပြီးချိန်ဝယ် အရှေ့ဘက်လှမ်းလှမ်းမှ တိုက်ခိုက်သံများ ထွက်ပေါ်နေသည်ကို ကြားလိုက်ရ၏။

ချင်ဟူဖေး မျက်မှောင်ကြုတ်သွား၏။

"တိုက်ခိုက်သံပါလား"



ချက်ချင်းပင် တိုက်ခိုက်သံ ထွက်ပေါ်လာရာဘက်သို့ ချဉ်းကပ်သွားရာ ... သစ်ပင်များကြားတွင် တိုက်ခိုက်နေသူနှစ်ယောက်အား တွေ့မြင်လိုက်ရ၏။

တစ်ယောက်မှာ စုစုပင် ဖြစ်၏။

စုစုအား တိုက်ခိုက်နေသူမှာ ခရမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသော အဘိုးအိုတစ်ဦး ဖြစ်သည်။

အသက်ခြောက်ဆယ်ခန့်ရှိပြီး အရပ်က အတော်မြင့်မား၏။

သူ၏အရပ်က မြင့်မားလှသကဲ့သို့ ခန္ဓာကိုယ်က ပိန်သယောင် ရှိ၏။

ထိုအဘိုးအိုသည် စုစုအား အသာစီးမှနေ၍ စိတ်တိုင်းကျ တိုက်ခိုက်နေ၏။

ချင်ဟူဖေးက တိုက်ပွဲရှိရာသို့ ပြေးသွားမည်ပြုပြီးမှ ကိုယ်ရှိန် ပြန်သပ်လိုက်၏။

အကြောင်းမှာ တိုက်ပွဲအနီးတွင် အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူလေးဦး တန်းစီရပ်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။

ကြည့်ရသည်မှာ ထိုလေးယောက်သည် ခရမ်းရောင်ဝတ်စုံနှင့် အဘိုးအို၏ကိုယ်ရံတော်များ ဖြစ်ကြဟန်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



စုစုသည် မိန်းကလေးတစ်ယောက်ဖြစ်ပြီး သူမကိုင်သော လက်နက်က သူမနှင့် လုံးဝမလိုက်ဖက်ပါ။

သူမသည် ပုဆိန်ကို ကိုင်ဆောင်ထား၏။ သူမ၏ပုဆိန်သည် သာမန်ပုဆိန်များနှင့် မတူပါ။ လက်ကိုင်သည် မြွေတစ်ကောင်ပုံ ထွင်းထား၏။ ချိတ်တစ်ခုနှင့်လည်း တူ၏။

ပုဆိန်သွားသည် နေရောင်တွင် တလက်လက်နှင့် တောက်ပနေ၏။ ထူးဆန်းပြီး ထက်မြက်သော လက်နက်ကောင်းတစ်ခုဖြစ်ကြောင်း မြင်ရုံနှင့် သိသာ၏။

စုစုသည် ပုဆိန်ကို ဝှေ့ယမ်းကာ အဘိုးအိုအား ပြင်းထန်စွာ တိုက်ခိုက်နေ၏။

အဘိုးအိုကား စုစု၏တိုက်ခိုက်မှုကို အလွယ်တကူပင် ရှောင်တိမ်းရင်း လက်ဝါးနှစ်ဖက်ဖြင့် တုံ့ပြန်တိုက်ခိုက်နေ၏။

မကြာမီ အချိန်အတွင်း စုစု ရှုံးနိမ့်သွားနိုင်သည်ဟု ချင်ဟူဖေး တွေးမိလိုက်ပြီး စုစုအား ကူညီရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ... အဘိုးအိုသည် လက်ဝါးသုံးချက်တိတိ ဆင့်၍ ရိုက်ထုတ် လိုက်သည်။

သူ၏လက်ဝါးသည် စုစု၏ပုဆိန်လက်ကိုင်အနီးသို့အရောက်တွင် ရွှန်ကုတ်သဏ္ဌာန် ပြောင်းသွားပြီး ဖမ်းဆုပ်လိုက်၏။



ဘယ်လက်ဝါးက စုစု၏ပခုံးကို ရိုက်ချလိုက်၏။ လှပသေသပ်သော သိုင်းကွက်ဖြစ်၏။ စုစုမှာ နောက်သို့ ယိုင်ထွက်သွား၏။

ပုဆိန်က အဘိုးအို၏လက်တွင်း ရောက်ရှိသွားလေသည်။

ချင်ဟူဖေး တွေဝေမနေနိုင်တော့ပါ။

ချက်ချင်းပင် တိုက်ပွဲအတွင်း ခုန်ဝင်ကာ အဘိုးအို လုယူသွားသော ပုဆိန်ကို ပြန်ယူလိုက်၏။ အဘိုးအို ရင်ထိတ်သွား၏။

သူသည် ပုဆိန်ကိုလွှတ်ချလိုက်ပြီး ချင်ဟူဖေး၏ရင်ဝသို့ လက်သီးတစ်ချက် ထိုးချလိုက်၏။ ချင်ဟူဖေးကလည်း လက်ဝါးဖြင့် ရိုက်ချလိုက်ပြီး အဘိုးအို ၏လက်သီးသိုင်းကွက်ကို ချေဖျက်လိုက်၏။

'ဝုန်း'

အဘိုးအိုမှာ ချင်ဟူဖေးလို ငယ်ရွယ်သော လူငယ်တစ်ယောက်က ဤမျှလျင်မြန်စွာ တိုက်ခိုက်လာနိုင်မည်ဟု မျှော်လင့်မထားပါ။ ထို့ကြောင့် ... အငိုက်မိသွားရပြန်၏။

ချင်ဟူဖေး၏လက်ဝါးအရှိန်ကြောင့် နောက်သို့ ယိမ်းယိုင်သွားလေသည်။

ဤကဲ့သို့ ဟန်ချက်ပျက်သွားသည့် အခြေအနေတွင် ချင်ဟူဖေးကသာ ဆက်လက်တိုက်ခိုက်ပါလျှင် လက်ဝါးတစ်ချက်လောက်သာ ထပ်မံရိုက်ချလိုက်ပါလျှင် ထိခိုက်မည်မှာ သေချာလှ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... ချင်ဟူဖေးက ဆက်၍ မတိုက်ခိုက်ပါ။

သူသည် မြေပေါ်ကျနေသော စုစု၏ပုဆိန်ကိုသာ ကောက်ယူလိုက်၏။ စုစု၏လက်နက်ကို မဆုံးရှုံးစေလိုသော ဆန္ဒကြောင့်ဖြစ်သည်။

ထိုစဉ်မှာပင် ... ဝတ်စုံနက်ဝတ်ထားသူ လူလေးယောက်သည် ရုတ်ခြည်းပင် ရှေ့တိုးလာ၏။

'ခြွမ် ... ခြွမ် ... ခြွမ်'

သူတို့သည် ဓားကိုယ်စီဆွဲထုတ်ကာ ချင်ဟူဖေးဟာ ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

ထိုလေးယောက်၏တိုက်ခိုက်မှုက လျှင်မြန်၏။

ချင်ဟူဖေး မတုံ့ပြန်နိုင်မီ အသေသတ်လိုက်ခြင်းပင် ဖြစ်သည်။ ချင်ဟူဖေးလည်း ထိတ်လန့်သွား၏။

သူသည် လက်ထဲကောက်ကိုင်ထားပြီဖြစ်သည့် ပုဆိန်နှင့် ဝှေ့ယမ်းကာ ဓားချက်များကို ကာကွယ်ခုခံလိုက်လေသည်။

'ခြွမ် ... ခြွမ်'

'ဒန် ... ဒလံ'

ပုဆိန်နှင့်ဓားလေးလက် ထိခိုက်မိသံများ ဆူညံစွာ ထွက်ပေါ်လာ၏။



မီးပွင့်ကလေးများ ဖြာထွက်သွား၏။ စုစု၏ပုဆိန်ကား တကယ်ပင် ကောင်းမွန်လှ၏။

ပုဆိန်သွားကလည်း ထက်မြက်လှ၏။

တစ်ဖန် ... ချင်ဟူဖေးက မထင်မှတ်ဘဲနှင့် အတွင်းအားကို အပြည့်အဝ အသုံးပြုဝှေ့ယမ်းလိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် ... ဝတ်စုံနက်များ၏ဓားရှည်သည် ချင်ဟူဖေး ပုဆိန်ချက်ကို မခံနိုင်ကြပြီ ...

တစ်လက်ပြီးတစ်လက် ကျိုးပြတ်သွားလေသည်။ ဝတ်စုံနက်များ ထိတ်လန့်သွား၏။ နောက်သို့ ချက်ချင်းပင် ဆုတ်ခွာသွားကြ၏။

ချင်ဟူဖေးက မဲ့လိုက်ပြီး ဆက်လက်တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။ ထိုစဉ် ... အေးစက်သော စကားသံက ထွက်ပေါ်လာလေသည်။

"ဟေ့ကောင်လေး ... ရပ်လိုက်စမ်း၊ မရပ်ရင် ဒီကောင်မလေး ဒုက္ခရောက်သွားမယ်"

ချင်ဟူဖေးက ချာခနဲလှည့်ကြည့်လိုက်၏။

စုစုတစ်ယောက် ခရမ်းရောင်အဘိုးအို၏လက်တွင်း ဖမ်းချုပ်ထားခြင်း ခံရသည်ကို တွေ့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ချင်ဟူဖေး၏ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။ စုစုအတွက် အလွန်ပင် စိုးရိမ်ပူပန်သွားမိ၏။

သူနှင့်စုစု တွေ့ဆုံရချိန်က သိပ်မကြာသေးပါ။

တစ်ညတာကာလသာ ရှိသေး၏။

သို့သော် ... သူသည် စုစုအပေါ် မသိစိတ်က သံယောဇဉ် တွယ်နေမိပြီ ဖြစ်၏။ စုစု ဒုက္ခရောက်မည်ကို မမြင်ရက်ပါ။

ယခု သူ ဘာတတ်နိုင်တော့မည်နည်း။ အဘိုးအို၏စကား ကို လိုက်နာရန်သာ ရှိတော့သည်။ ချင်ဟူဖေး ရပ်တန့်လိုက်၏။

ဝတ်စုံနက်များမှာလည်း လက်နက်မဲ့နေပြီး ချင်ဟူဖေးအား မတိုက်ခိုက်ရဲတော့ပါ။ ငိုင်းရုံသာ စိုင်းထားကြ၏။

ချင်ဟူဖေးက ခရမ်းရောင်အဘိုးအိုအား စိုက်ကြည့်လိုက် သည်။

"ခင်ဗျားက မိန်းကလေးတစ်ယောက်ကို ဓားစာခံလုပ်ပြီး တော့ အနိုင်ယူချင်တာကိုး"

ဟု မပြောသာပြောသာ ပြောလိုက်၏။ ခရမ်းရောင်ဝတ် စုံနှင့် အဘိုးအိုမှာ မျက်နှာနီရဲသွား၏။

အဘိုးအိုက ဒေါသတကြီးနှင့် တုံ့ပြန်လိုက်၏။

"ဟောကောင်လေး ... မင်းစကားကို ကြည့်ပြောစမ်း၊ ကျုပ်



ဒီလိုလူစား မဟုတ်ဘူးကွ"

ချင်ဟူဖေးက မဲ့လိုက်ပြီး ...

"အခုပြောကတာခြား လက်တွေ့တခြားပဲ"

အဘိုးအိုက ငေါက်ငမ်းလိုက်၏။

"မင်းပါးစပ်ပိတ်ထားစမ်း၊ မိန်းကလေးကို ငါ ပြန်လွှတ်ပေး မယ်၊ ဒါပေမဲ့ မင်းနဲ့ကျုပ် ကိစ္စရှိတယ်"

"ဘာကိစ္စလဲ"

အဘိုးအိုက ချင်ဟူဖေးအား စူးစိုက်ကြည့်လိုက်ပြီး ...

"ဒီမှာ ကျုပ် အသက်ခြောက်ဆယ်ရှိပြီ၊ သိုင်းလောကထဲမှာ ကျင်လည်ကျက်စားခဲ့တာလည်း နှစ်ပေါင်း သုံးဆယ်ကျော်ပြီကွ"

ချင်ဟူဖေးက အဘိုးအိုအား နားမလည်သလို ကြည့်လိုက် သည်။ အဘိုးအိုကို ဒေါသတကြီးနှင့် ဆက်ပြောနေ၏။

"ငါဟာ တိုက်ပွဲပေါင်းများစွာ တိုက်ခိုက်ခဲ့ဖူးတယ်၊ နိုင်ပွဲ တွေ မရေတွက်နိုင်ခဲ့သလို ရှုံးပွဲတွေလည်း ရှိတာပဲ၊ ဒါပေမဲ့ မင်းလို သိုင်းသမားပေါက်စလေး တစ်ယောက်က ငါ့ရဲ့လက်ထဲကလက်နက် ကို သိုင်းတစ်ကွက်တည်းနဲ့ တိုက်ခိုက်ပြီး ပြန်လုယူသွားတာ ငါ အခံ ပြင်းဆုံးပါပဲ"

ချင်ဟူဖေးက ရေးရေးမျှ သဘောပေါက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက စကားဆက်လိုက်၏။

"မင်းလို ဘာမဟုတ်တဲ့ သိုင်းသမားပေါက်စတစ်ယောက် ဆိုပြီး အထင်သေးခဲ့လို့ ငါ ရှုံးခဲ့ရတာ၊ ဒီတော့ မင်းနဲ့ငါ တစ်ပွဲတစ်လမ်းလောက် ယှဉ်ပြိုင်ကြည့်ချင်တယ်၊ မင်း သဘောတူရင် ဟောဒီ ကောင်မလေးကို ချက်ချင်း လွှတ်ပေးမယ်"

ချင်ဟူဖေးက ...

"ကောင်းပြီ၊ ယှဉ်ပြိုင်တဲ့အခါ တစ်ယောက်ချင်းလား၊ ခင်ဗျားတို့အားလုံးပေါင်းပြီး တိုက်ခိုက်မှာလား"

အဘိုးအိုက နှာခေါင်းရှုံ့လိုက်ပြီး ...

"ဟေ့ ... မင်းလိုလူငယ်တစ်ယောက်ကို ကျုပ်က လူအများနဲ့ ဝိုင်းတိုက်မတဲ့လား၊ စဉ်းစားပါဦး"

"ဒါဆို တစ်ယောက်ချင်းပေါ့"

"ကျုပ် သဘောတူတယ်၊ သူ့ကို လွှတ်လိုက်ပါ"

အဘိုးအိုက လက်ကာပြလိုက်ပြီး ...

"နေဦး၊ ငါ့ ပြောစရာ ကျန်သေးတယ်"

ချင်ဟူဖေးက ...

"ဘာကျန်သေးလို့လဲဗျ"

အဘိုးအိုက ...



"သိုင်းပညာ ယှဉ်ပြိုင်တယ်ဆိုတာ ဒီအတိုင်းဆိုရင် ဘယ်စိတ်ဝင်စားစရာ ကောင်းမှာလဲ"

ချင်ဟူဖေးက မျက်မှောင်ကုတ်သွားပြီး ...

"ခင်ဗျားစကားက ဘယ်လိုလဲဗျ"

"ရှင်းပါတယ်၊ အလောင်းအစားပေါ့၊ ဆုကြေးပေါ့၊ ဒါ တစ်ခုခုရှိမှ သိုင်းယှဉ်ပြိုင်လို့ကောင်းတာပေါ့"

"ခင်ဗျားက ဘယ်လိုလောင်းချင်တာလဲ"

အဘိုးအိုက ကျေနပ်စွာ ပြုံးလိုက်ပြီး ...

"ကျုပ်ရှုံးရင် ဒီနေရာက အေးအေးဆေးဆေး ထွက်သွားမယ်၊ အဲ ... တကယ်လို့ မင်းရှုံးရင်တော့ မင်းလက်ထဲက ပုဆိန်ကို ကျုပ် ယူသွားမယ်"

ချင်ဟူဖေး စဉ်းစားလိုက်၏။ ထိုစဉ် ... အဘိုးအို၏လက်တွင်းမှ စုစုက လှမ်းအော်လိုက်၏။

"မတရားဘူး၊ သူပြောတာကို လက်မခံနဲ့"

အဘိုးအိုက ...

"ဘာမတရားလို့လဲ၊ သိုင်းပညာချင်း ယှဉ်ပြိုင်ကြတယ်၊ ရှုံးတဲ့လူဟာ နိုင်တဲ့လူရဲ့ဆန္ဒကို ဖြည့်စွမ်းပေးရမယ်၊ ဒါဟာ ထုံးစံပဲ"

စုစုက ခေါင်းခါယမ်းလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပြောတာ မှန်တယ်၊ ဒါပေမဲ့ တစ်ဖက်သတ်ဆန်တယ်၊ ကျွန်မတို့ရှုံးရင် ကျွန်မနဲ့ပုဆိန်ကို ပေးရမှာ၊ ရှင်ပြောပုံက နိုင်ရင် အမြတ် ရှုံးရင်အရင်းဆိုတာမျိုး ဖြစ်နေပြီရှင့်"

အဘိုးအိုက မဲ့လိုက်ပြီး ...

"ဒီမှာမိန်းကလေး ... လက်နက်ကောင်းတစ်ခုဟာ အရည်အချင်းမပြည့်ဝတဲ့လူနဲ့ မထိုက်တန်ဘူး၊ အရည်အချင်းမရှိဘဲ လက်နက်ကောင်းကိုင်တာဟာ ရယ်ဖွယ်အတိပဲ၊ ကျုပ်တောင်မှ အဲဒီပုဆိန်ကို ကိုင်ဆွဲဖို့ မရည်ရွယ်ဘူး၊ ကျုပ်ရဲ့ဆရာလက်ထဲ ဆက်သဖို့ ရည်ရွယ်ထားတယ်"

ထိုစကား ကြားလိုက်ရသောအခါ ချင်ဟူဖေး ခံပြင်းသွား၏။

"ကောင်းပြီ၊ ကျုပ် သဘောတူတယ်"

စုစုက ...

"အစ်ကို"

ချင်ဟူဖေးက လက်ကာပြလိုက်ပြီး ...

"ညီမရဲ့ပုဆိန်ကို ကျုပ်သေမှ သူရမှာပါ"

ဟု နှစ်သိမ့်လိုက်၏။ ချင်ဟူဖေးက ...

"ကျုပ်တို့ ဘယ်လိုယှဉ်မလဲ၊ လက်နက်ချင်းလား၊ လက်နက်မဲ့ ယှဉ်ပြိုင်ကြမလား"



သူက ပြန်၍စိန်ခေါ်ပစ်လိုက်၏။ အဘိုးအိုက စဉ်းစားလိုက်၏။ လက်နက်ချင်း ယှဉ်ပါက ချင်ဟူဖေးက လက်တွင်းမှ ပုဆိန်ကို ယှဉ်နိုင်သောလက်နက် သူ့တွင်မရှိပါ။

အဘိုးအိုက ပြုံးလိုက်ပြီး ...

"သိုင်းပညာ ယှဉ်ပြိုင်တာပဲလေ ကျုပ်တို့လက်နက်မဲ့ပဲ ယှဉ်ပြိုင်ကြတာပေါ့"

"ကောင်းပါတယ်"

ချင်ဟူဖေးကလည်း မငြင်းပါ။ လက်ထဲမှပုဆိန်အား စုစုထံ ကမ်းပေးလိုက်၏။ ချင်ဟူဖေး ရှေ့သို့ တိုးထွက်လိုက်၏။

အဘိုးအိုကလည်း ချင်ဟူဖေးအား တိုက်ခိုက်ရန်အသင့်ပြင်လိုက်လေတော့သည်။

❐

တိုက်ပွဲကား စတင်လာပြီဖြစ်၏။

အဘိုးအိုသည် လက်ဝါးနှစ်ဖက်ကို အသုံးပြုကာ စတင်တိုက်ခိုက်လာ၏။ သူသည် အသက်အရွယ်နှင့် မလိုက်အောင်ပင် လှုပ်ရှားမှုက လျင်မြန်လှ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ချင်ဟူဖေးသည် အဘိုးအို၏ပြင်းထန်သွက်လက်သော တိုက်ခိုက်မှုများကြောင့် နောက်သို့ဆုတ်ပေးနေရ၏။

သူသည် တိုက်ပွဲအတွေ့အကြုံ မရှိပါ။

ထို့ကြောင့် … ရန်သူက တရကြမ်းဖိ၍ တိုက်ခိုက်လာသော အခါ မည်သို့ ဟန့်တားပြီး ပြန်လည်တိုက်ခိုက်ရမည်ကို စဉ်းစားမရဘဲ ရှိနေသည်။

ထို့ကြောင့် … သူသည် အဘိုးအိုအား လုံးဝတိုက်ခိုက်ခြင်း မရှိသေးဘဲ အဘိုးအို၏တိုက်ခိုက်မှုများကိုသာ ရှောင်တိမ်းနေရလေ သည်။ အဘိုးအိုကား အတွေ့အကြုံ ပြည့်ဝလှ၏။

ထို့ကြောင့် … သူသည် ရလာသောအခွင့်အရေးကို လက် လွှတ်မခံပါ။ သူသည် ချင်ဟူဖေး ပြန်လည်တိုက်ခိုက်ခွင့် မရအောင် ဖိ၍ တိုက်ခိုက်ထားပြီး ပွဲသိမ်းပစ်ရန် ကြံရွယ်ထား၏။

သိုင်းကွက်နှစ်ဆယ်ခန့်အထိ ရောက်ရှိလာခဲ့ပြီ ဖြစ်၏။

အနေအထားအရ အဘိုးအိုက အသာစီး လုံးဝရရှိနေ၏။

သို့သော် … သူ၏တိုက်ခိုက်မှုများသည် ချင်ဟူဖေး၏ အကျီစကိုပင် ထိမှန်ခြင်း မရှိသေးပါချေ။

ချင်ဟူဖေး၏ရှောင်တိမ်းမှုက လျင်မြန်လွန်းလှ၏။

အဘိုးအိုမှာ တစ်ဖက်သတ် တိုက်ခိုက်ခွင့်ရခဲ့ပြီး ယခုအထိ



ချင်ဟူဖေးအား ထိအောင်မတိုက်ခိုက်နိုင်သဖြင့် ဒေါသဘွက်လာ၏။

သူသည် ချက်ချင်းပင် ချင်ဟူဖေးအား လှုပ်ရှားခွင့်မရ အောင် ဝိတ်ဆို့ထားလိုက်လေသည်။

ပြီးမှ သူ့ကျားလက်ဝါးသိုင်းကွက်ဖြင့် ချင်ဟူဖေး၏ရင်ဝကို အားကုန်ရိုက်ချလိုက်လေသည်။

အဘိုးအိုက အပိုင်တွက်ဆ တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

သူ၏တွက်ဆမှုလည်း မလွဲပါ။

သူ၏လက်ဝါးသည် ချင်ဟူဖေး၏ရင်ဝသို့ တိုးဝင်သွားလေ သည်။ ချင်ဟူဖေး ထိတ်လန့်သွား၏။ သူရှောင်တိမ်း၍လည်း မရ တော့ပါ။

ချင်ဟူဖေးမှာ အထိတ်တလန့်နှင့် အဘိုးအို၏လက်ဝါးအား သူ၏လက်ဝါးဖြင့် ခုခံပေးလိုက်လေသည်။

လက်ဝါးနှစ်ဖက်ကား တည့်တည့်မတ်မတ် ရိုက်ချမိသွား ကြ၏။

'ဝုန်း'

ချင်ဟူဖေးကား မားမားရပ်လျက် ရှိ၏။ အဘိုးအိုကား နောက်သို့ယိုင်ထွက်သွား၏။ ဤအထိ ချင်ဟူဖေး၏အတွင်းအား လှိုင်းက ရိုက်ခတ်လာသဖြင့် တစ်ပတ်ကျွမ်းပစ်ကာ ရှောင်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ရင်ဝမှာလည်း နာကျင်သွား၏။ တိုက်ပွဲကား အဖြေထွက်သွားပြီဖြစ်၏။

ပုံမှန်ဆိုလျှင် ယှဉ်ပြိုင်မှုသည် ဤနေရာတွင် ပြီးဆုံးသွားပြီဖြစ်၏။ ချင်ဟူဖေး အနိုင်ရခဲ့ပြီး အဘိုးအို ရှုံးသွားပြီဖြစ်သည်။

သို့သော် ... အဘိုးအိုကား အရှုံးမပေးပါ။

သူသည် ချင်ဟူဖေးလို လူငယ်သိုင်းသမားတစ်ဦးအား သိုင်းတစ်ကွက်နှင့် အရှုံးပေးလိုက်ရလျှင် မဟာအရှက်တော် ကွဲရချေမည်။

အဘိုးအိုကား ဒေါသချောင်းချောင်း ထွက်နေ၏။

မျက်နှာတစ်ခုလုံးလည်း နီရဲနေ၏။

သူသည် တိုက်ပွဲရပ်တန့်ရန် စိတ်မကူးပါ။

ချက်ချင်း ပြန်လည်တိုက်ခိုက်ရန် ပြင်လိုက်၏။

ဤတစ်ကြိမ်တွင် သူက ချင်ဟူဖေးအား အသေသတ်ပစ်ရန်အထိ ဆုံးဖြတ်လိုက်လေသည်။ ထိုစဉ်မှာပင် ...

"ဖူးစန် ... ရပ်လိုက်"

'ဟူသော ဟန့်တားသံ ထွက်ပေါ်လာလေသည်။

ခရမ်းရောင်ဝတ်စုံနှင့်အဘိုးအိုမှာ တိုက်ခိုက်ရန် ဟန်ပြင်နေရာမှ ဟန့်တားသံကြောင့် ရပ်တန့်သွား၏။

ဟန့်တားသူအား လှည့်ကြည့်လိုက်၏။



အားလုံးကလည်း အသံထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်ကြလေသည်။

❒

လမ်းကလေးပေါ်တွင် အဘိုးအိုတစ်ယောက် တည်ငြိမ်စွာ ရပ်နေ၏။ ထိုအဘိုးအိုသည် အသက်ခြောက်ဆယ်ခန့်ရှိ၏။

ခရမ်းရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထား၏။

ဖူးစန်ဟူသောအဘိုးအိုနှင့် ဝတ်ရုံချင်း အတူတူပင် ဖြစ်၏။ သို့သော် ... ယခုအဘိုးအိုက ဖူးစန်လို အရုပ်မဖြင့်ပါ။

သူ့အရုပ်မှာ ငါးပေပင်ပြည့်ဟန်မတူပါ။

ထို့ကြောင့် ... ခန္ဓာကိုယ်ဝဝနှင့် သူ့ပုံမှာ ဘောလုံးတစ်လုံးနှင့် တူလှ၏။

ထူးခြားသည်က ထိုအဘိုးအို၏ မုတ်ဆိတ်ဖြူများသည် ရင်ညွန့်တိုင်အောင်ပင် ရှည်လျားနေပေသည်။ ထိုအဘိုးအိုမှာ ပြုံး၍ အားလုံးကိုကြည့်နေ၏။

ဖူးစန်မှာ ထိုပုပုဝဝအဘိုးအိုအား တွေ့သောအခါ ...

"ဖူးအော့ ... ခင်ဗျားလမ်း ခင်ဗျားသွားတော့ ကိုယ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



မဆိုင်ဝဲ့ကိစ္စထဲ ဝင်မပါချင်ပါနဲ့"

ဟု ဒေါ်သတကြီး လှမ်းပြောလိုက်၏။ ဖူးအော့က ...

"ဟေ ... ကိုယ်နဲ့မဆိုင် ဟုတ်လား။ ကျုပ်က ရှုပ်မလို့မဟုတ်ဘူး။ ဆရာက ခင်ဖျားအတွက် အမိန့်ချမှတ်ထားတာရှိလို့ လာပြောတာ"

သူ့အသံကလည်း ဖူးစန့်ထက် မလျော့ဘဲ မာတင်းနေ၏။

ဖူးစန် နှာခေါင်းရှုံ့လိုက်ပြီး ...

"ဆရာ့အမိန့်နဲ့ ကျုပ်ကို လာပြီးခြိမ်းခြောက်နေတာလား"

ဖူးအော့က ...

"ခက်ပါလား။ မင်းက လုပ်ချင်ရာလုပ်ပြီး တွေ့ရာလျှောက်ပြောနေတယ်၊ မင်း မယုံရင် ဒီမှာကြည့်"

သူက အင်္ကျီအိတ်ထဲမှာ တြိဂံအလံတစ်လက်ကို ထုတ်ကာ ဝှေ့ယမ်းလိုက်၏။

ထိုတြိဂံအလံလေးမှာလည်း ခရမ်းရောင်ပင်ဖြစ်သည်။

ဖူးစန်သည် ထိုအလံကိုတွေ့သောအခါ မျက်နှာထားပြောင်းသွား၏။ သူသည် အလံအား အရိုအသေပြုလိုက်ပြီး ...

"အမိန့်က ဘာတဲ့လဲ"

ဟု လေသံပျော့ပျော့ဖြင့် ပြန်မေးလိုက်၏။



ဖူးအော့က ...

"ဆရာက အမိန့်ချမှတ်လိုက်တယ်၊ သန်ဘက်ခါ နေမဝင်ခင် လိုရန်မြို့ကို အရောက်လာခဲ့ရမယ်တဲ့"

"ဘာကိစ္စလဲ"

"ကျုပ်တို့တစ်တွေ လှုပ်ရှားနေတဲ့ အဖိုးတန်လက်နက် လိုရန်မြို့မှာ ပေါ်ထွက်လာမယ်ဆိုတဲ့သတင်း ရထားတယ်၊ ဒီတော့ လိုရန်မြို့ကိုရောက်ရင် 'တစ်' တည်းခိုခန်းမှာ တည်းခိုနေပါတဲ့၊ အချိန်မီရောက်မလာခဲ့ရင် ကြီးလေးတဲ့ ပြစ်ဒဏ်ချမှတ်ခံရမယ်လို့လည်း မှာလိုက်တယ်၊ ခင်ဖျားက လမ်းမှာ ဟိုလူနဲ့တိုက်ခိုက်၊ ဒီလူနဲ့တိုက်ခိုက် လုပ်နေရင် အချိန်မီရောက်မလာမှာစိုးလို့ ကျုပ်လာပြောတာ၊ ကျုပ်တာဝန်ပြီးပြီ၊ ကဲ ... အချိန်မီလာဖို့က ခင်ဖျားတာဝန်ပဲ၊ ကျုပ်သွားမယ်"

ဖူးအော့သည် စကားဆုံးသည်နှင့် တြိဂံအလံငယ်လေးကို ပြန်လည်သိမ်းဆည်းလိုက်၏။

ထို့နောက် ...

အားလုံးကို တစ်ချက်ဝေ့ကြည့်ပြီးနောက် ချာခနဲလှည့်ကာ ခြေလှမ်းသွက်သွက်ဖြင့် ထွက်သွားလေသည်။

"တောက် ... လူပါးဝလွန်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖူးစန်သည် ဖူးအောင့်အား မကျေမနပ်နှင့်ကြည့်ကာ ရေရွတ်လိုက်၏။

ဖူးအောင့်သည် သူ့ထက် တစ်ဆင့်မြင့်၏။

သူနှင့်ဖူးအောင့် မည်သည့်အခါမှ မျက်နှာချင်းဆိုင်၍ မရပါ။

ဖူးစန်သည် စုစု၏လက်တွင်းမှ ပုဆိန်ကို နှမြောတသဟန်ဖြင့် တစ်ချက်လှမ်းကြည့်လိုက်၏။

သူသည် ထိုပုဆိန်ကို အရယူလို၏။

သို့သော် ...

သူသည် ချင်ဟူဖေးအား သိုင်းကွက်မည်မျှတိုက်ခိုက်ပြီးမှ အနိုင်ရမည်ကို မခန့်မှန်းနိုင်ပါ။

ချင်ဟူဖေး၏အတွင်းအားမှာ အလွန်ကောင်းလှသည်ကို သူ သိထား၏။

လိုရှန့်မြို့သို့လည်း အချိန်မီ သွားရဦးမည်။

"တောက် ... နောက်မှတွေ့ကြသေးတာပေါ့"

သူသည် မကျေမချမ်းနှင့် ပြောပြီးနောက် သူ၏လူများကို ခေါ်ကာ လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

❒



ဖူးစန်တို့လူစု ထွက်ခွာသွားပြီဖြစ်၏။

ချင်ဟူဖေးသည် ဖူးစန်၏နောက်ကျောအား ငေးကြည့်နေ၏။

"ဖူးစန်ဆိုတဲ့ အဘိုးကြီးရဲ့သိုင်းပညာဟာ အတော်ကောင်းတာပဲ၊ ဖူးအောင့်ကလည်း သိုင်းပညာကောင်းမှာ သေချာတယ်၊ သူတို့နှစ်ယောက်ရဲ့သိုင်းပညာ ဒီလောက် ကောင်းနေတော့ သူတို့ရဲ့ဆရာဆိုရင်တော့ အထွတ်အထိပ်ကို ရောက်နေမှာ သေချာတယ်၊ သူတို့ဟာ ဘယ်လိုလူစားတွေလဲ၊ လူကောင်းတွေလား၊ ဖူးအောင့်နဲ့ဖူးစန်တို့ဟာ သိပ်ပြီးတည့်ပုံမရဘူး"

ချင်ဟူဖေးကား စိတ်ထဲမှတွေးနေ၏။ စုစုက ငေးငိုင်နေသော ချင်ဟူဖေးအနီးသို့ လျှောက်သွားပြီး ...

"ရှင် ဘာတွေစဉ်းစားနေတာလဲ"

ချင်ဟူဖေးက ပြုံးပြလိုက်ပြီး ...

"စောစောက အဘိုးကြီးနှစ်ယောက်အကြောင်း စဉ်းစားနေတာပါ၊ သူတို့ပြောသွားတဲ့ အဖိုးတန် လက်နက်ဆိုတာ ကျုပ်ရဲ့ဓားရှည် ဖြစ်နေမလားမသိဘူး၊ ကျုပ်တို့ လိုရှန့်မြို့ကို လိုက်သွားကြရင် ကောင်းမလား"

www.burmeseclassic.com

www.burmeseclassic.com



စုစု တွေဝေသွား၏။ ခဏကြာမှ သူမက ...

"ရှင်တွေးတာ မဆိုးဘူး၊ ဖြစ်နိုင်တယ်၊ ကျွန်မတို့ လိုရန်မြို့ကို သွားကြတာပေါ့၊ ဒါပေမဲ့ ... ကျွန်မကတော့ မေ့ဆေးမယ်တော် ချူးချူးကို မြန်မြန်မတွေ့ချင်ဘူး"

ချင်ဟူဖေး မျက်မှောင်ကုတ်သွားပြီး ...

"ဘာဖြစ်လို့လဲ"

စုစုက ...

"ရှင်နဲ့သူ တွေ့ရင် ရှင်က သူ့ဆီက ရှင့်ဓားကို ပြန်အရယူမယ်၊ ကိစ္စပြီးရင် ရှင့်လမ်း ရှင်သွားတော့မယ်၊ ကျွန်မတို့ လမ်းခွဲကြရမယ် မဟုတ်လားဟင်"

သူမစကားက ပွင့်လင်းလှ၏။ ချင်ဟူဖေး၏ရင်ထဲ နွေးထွေးသွား၏။

သူကလည်း စုစုအပေါ် မသိမသာ သံယောဇဉ်တွယ်မိသလို စုစုကလည်း သူ့အပေါ် သံယောဇဉ်တွယ်နေခဲ့ပြီ မဟုတ်ပါလား။

ချင်ဟူဖေးက စုစုအား စိုက်ကြည့်လိုက်၏။

စုစုကလည်း သူ့အား ရွှန်းလဲ့တောက်ပသော မျက်လုံးအစုံနှင့် စိုက်ကြည့်နေလေသည်။

ချင်ဟူဖေးက သက်ပြင်းချလိုက်ပြီး ...



စကားလမ်းကြောင်း ပြောင်းလိုက်၏။

"ဖူးစန်ဆိုတဲ့ အဘိုးကြီးဟာ သိုင်းပညာအလွန်ကောင်းတယ်၊ လိုရန်မြို့မှာ သူတို့နဲ့ထပ်ပြီး ရင်ဆိုင်ရမယ်ဆိုရင် သိပ်တော့ မလွယ်ဘူး"

စုစုက ...

"ဒီအဘိုးကြီးတွေ သိုင်းပညာကောင်းတာတော့ အမှန်ပဲ၊ ဒါပေမဲ့ သူတို့ဟာ ရှင့်ကိုကော့ မယှဉ်နိုင်ပါဘူး၊ အရေးအရာလုပ်ပြီး တွေးပူမနေပါနဲ့ရှင်"

လှပချောမောသော မိန်းကလေးတစ်ယောက်၏အထင်တကြီးနှင့် ချီးမွမ်းပြောဆိုမှုကို ခံလိုက်ရသောအခါ ချင်ဟူဖေးမှာ ပီတိဖြာသွား၏။

သို့သော် ... သူက ...

"ညီမက ကျုပ်ကို မြှောက်နေတာကိုး၊ ဖူးစန်ရဲ့တိုက်ခိုက်မှုကို ကျုပ် မနည်းရှောင်တိမ်းခဲ့ရတာ ညီမလည်း အမြင်ပဲ မဟုတ်လား"

စုစုက ခေါင်းခါယမ်းလိုက်ပြီး ...

"ဒါကတော့ ရှင်ဟာ သူ့ထက် သိုင်းပညာမှာ အများကြီးသာလွန်ပေမယ့် တိုက်ပွဲအတွေ့အကြုံကျတော့ မရှိဘူး၊ ရှင့်သူကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုတိုက်ခိုက်ရမယ်ဆိုတာ မသိဘူး။ ရှင်ကသာ ဘာမှတွေးမနေဘဲနဲ့ တုံ့ပြန်တိုက်ခိုက်ခဲ့ရင် သိုင်းကွက်ဆယ်ကွက်မပြည့်ခင် ရှင်ဟာ သူ့ကို အနိုင်ယူနိုင်တာ ကျွန်မ သိနေတယ်ရှင့်"

စုစု၏စကားများက ချင်ဟူဖေး၏အသိဉာဏ်ကို ဖွင့်ဟသွားလေသည်။

မိမိ၏ပျော့ကွက်ဟာကွက်ကိုလည်း ချက်ချင်းပင် နားလည်သဘောပေါက်သွား၏။

တကယ်တော့ ဖူးစန်နှင့်တိုက်ခိုက်ခြင်းသည် ချင်ဟူဖေးအတွက် ပထမဆုံးအကြိမ် အဆင့်မြင့်သိုင်းသမားတစ်ယောက်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရခြင်း ဖြစ်၏။

ဤတိုက်ပွဲမှာ အဖိုးမဖြတ်နိုင်သော တိုက်ပွဲအတွေ့အကြုံနှင့် သင်ခန်းစာကို ရရှိခဲ့ပြီဖြစ်သည်။ ချင်ဟူဖေးက စုစုအား ကျေးဇူးတင်စကား ပြောလိုက် သည်။

"ကျုပ်ရဲ့ပျော့ကွက်ကို ထောက်ပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

စုစုလည်း ကျေနပ်သွား၏။

သူမစကားကို ချင်ဟူဖေးက အလေးအနက်ထားသည် မဟုတ်ပါလား။



သူမသည် ချင်ဟူဖေးအား ရိုးသားပွင့်လင်းစွာ ဆက်ဆံသင့်၏။ သူမ သက်ပြင်းကို မသိမသာ ချလိုက်၏။

ချင်ဟူဖေးက ...

"ညီမ ... ကျုပ်တို့ ဘာဆက်လုပ်မလဲ၊ လိုရန်ကိုပဲ သွားမလား"

စုစုက ...

"သွားတာပေါ့၊ ရှေ့က မြို့ကလေးရောက်မှ ရှေ့ဆက်ခရီးအတွက် ပြင်ဆင်ကြမယ်၊ မနက်စာအမီ မြို့ကလေးရောက်အောင် အရင်သွားကြတာပေါ့"

ချင်ဟူဖေးက သဘောတူလိုက်၏။ စုစုသည် သူ့ထက် လမ်းခရီးကျွမ်းကျင်၏။

သိုင်းလောကအကြောင်း ပိုသိထားသည် မဟုတ်ပါလား။

သူတို့နှစ်ယောက်သည် သွက်လက်သော ခြေလှမ်းများဖြင့် ခရီးဆက်သွားကြလေတော့သည်။

❒

ချင်ဟူဖေးနှင့်စုစုတို့သည် မြို့ကလေးသို့ ရောက်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်တစ်ခုတွင်ဝင်၍ စားသောက်လိုက်၏။

ခရီးအတူသွားလာရင်း တစ်ဦးနှင့်တစ်ဦး ပို၍ရင်းနှီးလာကြ၏။ စားသောက်ရင်း စကားပြောရင်း ချင်ဟူဖေးက သတိရကာ မေးလိုက်၏။

"ညီမက ဘယ်လိုလုပ် ဖူးစန်နဲ့ တိုက်မိုက်ရတာလဲ၊ အရင်ကကော ရန်ငြိုးရှိခဲ့သလား"

စုစုက ခေါင်းခါပြမ်းလိုက်၏။

"ညီမက အစ်ကို့ဆီကိုအလာ လမ်းမှာသူတို့နဲ့တွေ့တာ၊ ဒီအဘိုးကြီးဟာ ညီမရဲ့ပုဆိန်ကိုမြင်တော့ အတင်းဝင်လုခဲ့တာပဲ၊ ညီမလည်း အတတ်နိုင်ဆုံး ပြန်ခုခံရတာပေါ့၊ နောက်တော့ အစ်ကိုရောက်လာတာပါပဲ"

ချင်ဟူဖေးက ...

"ညီမရဲ့ပုဆိန်ကို သူက ဘာကြောင့်လိုချင်တာလဲ"

"သူတို့ဟာ လက်နက်ကောင်းတွေ စုဆောင်းနေတယ်၊ ညီမနဲ့ဒီလက်နက် မထိုက်တန်ဘူးဆိုပြီး လုယူတာပဲ"

"ညီမရဲ့ပုဆိန်က ကောင်းတာလည်း အမှန်ပဲ၊ ညီမ ဒီပုဆိန်ကို ဘယ်ကရခဲ့တာလဲ"

စုစုက ပြုံးလိုက်ပြီး ...



"ညီမတို့ ဘိုးဘွားလက်ထက်ကတည်းက တစ်ဆင့်ပြီး တစ်ဆင့် လက်ဆင့်ကမ်းလာခဲ့တာ၊ ကျွန်မလက်ထဲ ရောက်တဲ့အထိပေါ့"

"ဪ"

စုစုက ...

"ဒါထက် ကျွန်မတို့ လိုရန်မြို့ကိုသွားရင် ဒီအတိုင်း သွားလို့မဖြစ်ဘူးနဲ့တူတယ်"

"ညီမ ဘာအကြံရှိသလဲ"

"ကျွန်မတို့ ရုပ်ဖျက်သွားရင် ကောင်းမလားလို့"

ချင်ဟူဖေးက စုစု၏အကြံကို သဘောကျသွား၏။

"ကောင်းတယ်၊ အဲ ..."

"ဘာဖြစ်လို့လဲ"

"ကျုပ်က ရုပ်ဖျက်ပညာ မတတ်ဘူးဗျ"

စုစုက ရယ်မောလိုက်ပြီး ...

"ကျွန်မ အနည်းအကျဉ်း တတ်ပါတယ်"

သူမက စားသောက်ဆိုင်မှ အခန်းတစ်ခန်းကို ခေတ္တငှားရမ်းလိုက်၏။ ထို့နောက် ... ချင်ဟူဖေးအား ရုပ်ဖျက်ပေးလိုက်လေသည်။

ချင်ဟူဖေးကား သူမ၏ပြုသမျှ လက်ခံနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



စုစုမှာ ချင်ဟူဖေးအား လိမ်ညာနေမိသည်ကို တွေးရင်း စိတ်မကောင်းဖြစ်မိ၏။

သူမအပေါ် ချင်ဟူဖေးက ရိုးသားပွင့်လင်းသလောက် သူမကလည်း ချင်ဟူဖေးအပေါ် ရိုးသားပွင့်လင်းသင့်၏။

သူမ အမှန်အတိုင်း ပြောပြချင်၏။ ထိုအခါ ... ချင်ဟူဖေး မည်သို့ သဘောထားမည်နည်း။ သူမက ထိုအထိ မတွေးရဲပါ။

အမှန်ကိုဖွင့်မပြောသေးဘဲ အခြေအနေနှင့် အချိန်အခါကို စောင့်ဦးမည်ဟု ဆုံးဖြတ်လိုက်၏။

တစ်ခဏအတွင်းပင် ချင်ဟူဖေးသည် မြင်းလှည်းသမားတစ်ယောက်အသွင် ပြောင်းသွား၏။

သူမကိုယ်တိုင်လည်း ကျေးတောသူမတစ်ယောက်အဖြစ် ပြောင်းလိုက်၏။

ထို့နောက် စားပွဲထိုးတစ်ဦးအား မြင်းလှည်းတစ်စီး ငယ်ခိုင်းလိုက်၏။

မြင်းလှည်းရောက်သောအခါ သူမတို့က လိုရန်မြို့သို့ ဦးတည်ကာ ခရီးဆက်လာခဲ့ကြလေတော့သည်။

❒



စုစုသည် ချင်ဟူဖေးအား စတင်တွေ့မြင်သည့်အချိန်မှစ၍ စိတ်ဝင်စားခဲ့မိပြီး ချင်ဟူဖေးနောက်သို့ ခြေရာခံကာ လိုက်လာခဲ့၏။

ရွှေလုံတပ်ဖွဲ့သို့ မန်ချူးများ စီးနင်းတိုက်ခိုက်လာသောအခါတွင် ချင်ဟူဖေးအား လွတ်မြောက်အောင် သူမက မေ့ဆေးမှုန့်များဖြင့် မန်ချူးရဲမက်များကို တိုက်ခိုက်ပေးခဲ့၏။

ထို့နောက် သူမသည် ချင်ဟူဖေး ကြယ်တံခွန်အဖွဲ့ တည်ရှိရာသို့ ဝင်သွားသဖြင့် ပြန်ထွက်အလာကို စောင့်နေခဲ့၏။

ချင်ဟူဖေး ကြယ်တံခွန်အဖွဲ့မှ ပြန်ထွက်လာသောအခါ သူမ မုဆိုးတစ်ဦးအသွင်နှင့် ကြိုတင်စောင့်ဆိုင်းကာ ချင်ဟူဖေးအား အကူအညီပေးခဲ့ပြန်၏။

သို့သော် ... သူမက အရိပ်ပမာလိုက်နေခြင်းသည် ချင်ဟူဖေးနှင့် ရင်း နှီးခွင့်ရှိမည်မဟုတ်ဟု တွေးမိ၏။

ချင်ဟူဖေးနှင့်အတူ သွားလာခွင့်ရအောင် အကြံထုတ်ခဲ့သည်။

ထိုအခါ ... ချင်ဟူဖေးတွင် အလွန်ကောင်းမွန်သော ဓားတစ်လက်ရှိနေသည်ကို သူမ သိထား၏။

ထိုဓားကို ခိုးယူရန် ကြံစည်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် မေ့ဆေးမယ်တော် ချူးချူးဟန်ဆောင်ကာ ချင်ဟူဖေးအား တိုက်ခိုက်ပြီး ဓားကို လုယူခဲ့၏။

တစ်ဖန် သူမ၏အမည်ရင်း ရုပ်အမှန်ဖြင့် ချင်ဟူဖေးအား ကယ်တင်ခဲ့၏။

ချင်ဟူဖေး၏ဓားကို ကူညီရှာဖွေပေးမည့် အနေအထားမျိုးဖြင့် ချင်ဟူဖေးအား ရင်းနှီးအောင် ကြိုးဆောင်ခဲ့၏။

သို့သော် ... သူမသည် ချင်ဟူဖေး၏မြင့်မြတ်သော စိတ်ထားကို သိလာရလေ၏။

ချင်ဟူဖေးအား လိမ်ညာထားရသည်ကို မလုံမလဲဖြစ်လာလေ၏။ သူမသည် ရန်နိုင်ဓားကို ပြန်ပေးချင်၏။

ပြန်ပေးလျှင် သူမ လိမ်ညာထားသမျှ ပေါ်ကုန်မည်။

ထိုအခါ ... ချင်ဟူဖေးက သူမအား အထင်သေး မုန်းတီးသွားနိုင်ပေသည်။

ချင်ဟူဖေး၏အထင်သေးမှု၊ မုန်းတီးမှုတို့အား သူမ မခံယူရဲပါ။ ထို့ကြောင့်လည်း လိုရန်မြို့၌ ရန်နိုင်ဓားမရှိကြောင်း အသေအချာသိသော်လည်း ရှိသယောင် ဟန်ဆောင်လိုက်ပါခဲ့ရ၏။

တစ်နေ့နေ့တွင်မူ ချင်ဟူဖေးအား ရန်နိုင်ဓား ပြန်ပေးရမည်။



သူမ မည်သို့ပြန်ပေးရမည်ကိုလည်း အကြံထုတ်နေခဲ့လေတော့သည်။

❒

မြင်းလှည်းသည် လမ်းအတိုင်း ခပ်သွက်သွက်မောင်းနှင်နေ၏။ ချင်ဟူဖေးသည် မြင်းလှည်းကို ဂရုတစိုက် မောင်းနှင်နေရာ စုစုအား စကားမပြောနိုင်အားပါ။

စုစုကလည်း သူ့အတွေးနှင့်သူ ငြိမ်နေ၏။

ထို့ကြောင့် ... မြင်းခွာသံများမှအပ ပကတိ တိတ်ဆိတ်နေ၏။ တဖြည်းဖြည်းနှင့် လိုရန်မြို့သို့သွားသော လမ်းမကြီးပေါ်သို့ ရောက်ရှိလာပေသည်။

ထိုအခါ ... လမ်းမကြီးပေါ်တွင် ခရီးသွား အတော်များပြားသည်ကို တွေ့လာရ၏။

ခရီးသွားများသည် လိုရန်မြို့ဘက်သို့သာ ဦးတည်သွားနေကြခြင်း ဖြစ်၏။

ထိုခရီးသွားများတွင် သိုင်းသမားများ အများအပြား ပါဝင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားများတွင်လည်း နာမည်ကျော် သိုင်းသမားများ အများဆုံး ပါဝင်နေသည်ကို တွေ့ရသောအခါ စုစုမှာ အတော်ပင် အံ့ဩမိလေသည်။

လိုရန်မြို့တွင် သိုင်းလောကအတွက် အရေးပါသည့် အကြောင်းကိစ္စတစ်ခု ပေါ်ပေါက်လာနိုင်သည်ဟု တွေးလိုက်၏။

သူတို့နှစ်ဦး မြင်းလှည်းဖြင့် ခရီးဆက်လာရာ မှောင်စပျိုးချိန်မှာပင် လိုရန်မြို့မရောက်မီ မြို့ကလေးတစ်မြို့သို့ ရောက်လာကြ၏။

ထိုမြို့ကလေးတွင် တစ်ညနားခိုပြီး မနက်မှ ခရီးဆက်ရန် ဆုံးဖြတ်လိုက်၏။ ထို့နောက် ... လမ်းမပေါ်တွင်ရှိသော တည်းခိုခန်းတစ်ခုတွင် ဝင်ရောက်တည်းခိုလိုက်ကြလေသည်။

ညစာစားပြီးနောက် ကိုယ့်အခန်းကိုယ်ဝင်ကာ အနားယူလိုက်ကြလေသည်။ ချင်ဟူဖေးမှာ မအိပ်ချင်သေးပါ။

အခြားလုပ်စရာကိစ္စလည်း မရှိသောကြောင့် မဟာစွမ်းအား အတွင်းအားကို လေ့ကျင့်ခန်း ပြုလုပ်နေလိုက်လေသည်။

သူ၏အာရုံတစ်ခုလုံးသည် မဟာစွမ်းအား အတွင်းအားကျင့်စဉ်တွင်သာ စူးနစ်နေ၏။

ပတ်ဝန်းကျင်ကို လုံးဝမေ့လျော့သွား၏။



ထို့ကြောင့်လည်း သူ၏အခန်းတွင်းသို့ စုစုဝင်လာသည်ကို မသိလိုက်ပါချေ။

စုစုမှာ ပျင်းရိသဖြင့် ချင်ဟူဖေးနှင့်စကားပြောရန် လာခဲ့ခြင်းဖြစ်၏။

အခန်းထဲရောက်မှ ချင်ဟူဖေး အတွင်းအားလေ့ကျင့်နေသည်ကို တွေ့သောအခါ ကိုယ်ရှိန်သတ်လိုက်၏။

သူမက သက်ပြင်းတစ်ချက် မသိမသာ ချလိုက်၏။

"အစ်ကိုချင်ဟူဖေးဟာ သိုင်းပညာအဆင့်မြင့်မားသလောက် အတွေ့အကြုံကတော့ တကယ်နုနယ်တာပါလား၊ ဒီလိုအချိန်မျိုးမှာ အတွင်းအား လေ့ကျင့်မှုထဲ စိတ်ရော ကိုယ်ပါ နစ်မြုပ်မထားသင့်ဘူး၊ မတော်တဆ ရန်သူရောက်လာခဲ့ရင် ကိုယ်ပဲ ဒုက္ခရောက်ရမယ်၊ ခက်တာပဲ"

မှန်သည်။ ယခုအချိန်သည် လမ်းခရီးတွင် သိုင်းသမားများစွာ လှုပ်ရှားနေကြချိန်ဖြစ်၏။

သိုင်းသမားကောင်းများ ပါသလို သိုင်းသမားဆိုးများလည်း ပါရှိ၏။ ယခုလိုအချိန်မျိုးတွင် သတိအပြည့်ရှိမှ တန်ရုံကျ၏။

အတွင်းအားလေ့ကျင့်သည်မှာလည်း စိတ်မပျံ့လွင့်ဘဲ သမာဓိပြည့်ဝရန် အရေးကြီး၏။

www.burmeseclassic.com

www.burmeseclassic.com



စိတ်တည်ငြိမ်မှုရှိပြီး သမာဓိအား ကောင်းလာလျှင်လည်း အတွင်းအားကို ကောင်းစွာ လေ့ကျင့်နိုင်၏။

သို့သော် ... ပတ်ဝန်းကျင်ကို လုံးဝသတိလွတ်သွားရသည်။

သိုင်းပညာအဆင့်မြင့်သူများသည် ယခုလို အတွင်းအား လေ့ကျင့်မှု ပြုတော့မည်ဆိုလျှင် လုံခြုံရာ၌သာ လေ့ကျင့်တတ်ကြ၏။

လုံခြုံရာမရှိလျှင်လည်း လုံခြုံရေးအတွက် အစောင့်ထားရှိတတ်ကြ၏။ ထိုအချက်ကို ချင်ဟူဖေး သိဟန်မရှိပါ။

သူက အေးအေးဆေးဆေးပင် အတွင်းအား လေ့ကျင့်နေသည် မဟုတ်ပါလား။

စုစုမှ အခန်းတံခါးကို အသာပိတ်၍ အခန်းတစ်နေရာတွင် ထိုင်ကာစောင့်နေလိုက်လေသည်။

ချင်ဟူဖေး၏လုံခြုံရေးအတွက် သူမက စောင့်ဆိုင်းပေးလိုက်ခြင်းပင် ဖြစ်သည်။ အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

ထမင်းတစ်အိုးကျက်မက ကြာသွားပြီးနောက် ချင်ဟူဖေးမှာ အတွင်းအားလေ့ကျင့်မှု ပြီးဆုံးသွားလေသည်။

သူက မျက်စိဖွင့်ကြည့်လိုက်သောအခါ သူ့အနီးတွင် ထိုင်စောင့်နေသော စုစုအား တွေ့လိုက်ရ၍ အံ့အားသင့်သွား၏။

"ဟင် ... ညီမပါလား၊ ဘယ်တုန်းက ရောက်နေတာလဲ"



စုစုက အကျိုးအကြောင်း ပြောမည်ပြုပြီးမှ မပြောတော့ပါ။

"အခုပဲ ရောက်လာတာပါ၊ အိပ်လည်းမပျော်တာနဲ့ စကားပြောမလားလို့ လာခဲ့တာ"

ချင်ဟူဖေးက ...

"အတော်ပဲ အစ်ကိုလည်း မအိပ်ချင်သေးဘူး"

စုစုက ...

"လမ်းမှာ ခရီးသွားတွေများတာ အစ်ကို သတိထားမိရဲ့လား"

ချင်ဟူဖေးက ရယ်မောလိုက်ပြီး ...

"ဒီတစ်ခါတော့ ကျုပ် ကောင်းကောင်း သတိပြုမိပါတယ်၊ ခရီးသွားတွေထဲမှာ သိုင်းသမားတွေ အတော်များများ ပါနေတယ်"

စုစုက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ သိုင်းသမားတွေထဲမှာ နာမည်ကျော်သိုင်းသမားတွေလည်း ပါနေတယ်၊ သူတို့ဟာ လိုရန်မြို့ကို ဦးတည်သွားနေကြတာပဲ၊ ဒီတော့ လိုရန်မြို့မှာ သိုင်းလောကအတွက် အရေးကြီးတဲ့ အကြောင်းကိစ္စတစ်ခု ရှိနေတာတော့ သေချာနေပြီ"

ချင်ဟူဖေး ရင်ထိတ်သွား၏။ ယခုကိစ္စသည် ရန်နှိမ်ဓားနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်နေပြီလော။

"အစ်ကိုရဲ့ဓားကိစ္စများလား"

စုစုက ...

"ကျွန်မလည်း ဘယ်သိနိုင်မှာလဲ၊ ဒါပေမဲ့ လမ်းတစ်လျှောက်မှာ သိုင်းသမားတွေ များနေတော့ ညီမတို့ အနေအထိုင် သတိထားရမယ်၊ ညီမတို့ဟာ သိုင်းလောကနဲ့ မပတ်သက်တဲ့ပုံစံမျိုး ဝိဝိရိရိ နေရမယ်"

"အင်း ... အစ်ကိုသိပြီ"

စုစုက ပြုံးလိုက်ပြီးမှ ...

"ပြီးတော့ ...၊ ညီမကိုလည်း ခဏခဏစိုက်ကြည့်မနေနဲ့၊ စကားကိုလည်း လေးလေးနဲ့မှန်မှန်ပြော၊ ဒါဆို ဘယ်သူမှ ညီမတို့ကို ရိပ်မိမှာ မဟုတ်ဘူး"

ချင်ဟုဖေးမျက်နှာ နီရဲသွား၏။ မှန်သည်။

စုစုမသိဟုထင်ကာ မကြာခဏ ခိုး၍ကြည့်တတ်သည်။

ယခု စုစုသိနေသဖြင့် ရှက်သွားရခြင်း ဖြစ်လေသည်။

□



လိုရန်မြို့သည် မြို့ကြီးတစ်မြို့မဟုတ်ပါ။

သို့သော် ... မြို့ကြီးအတော်များများက မန်ချူးများလက်အောက် ရောက်သွားသောအခါ လိုရန်မြို့သည် အလိုလိုပင် မြို့ကြီးဖြစ်လာ၏။ ယခင်က လိုရန်မြို့တွင် တည်းခိုခန်းနှစ်ခုသာ ရှိ၏။

ယခုမူ တည်းခိုခန်းပေါင်း ဆယ်ခုကျော် ရှိလာခဲ့၏။

ယခုရက်ပိုင်းအတွင်း တည်းခိုခန်းအားလုံးလိုလို အခန်းလွတ်ဟူ၍ မရှိဘဲ ဧည့်သည်များ ပြည့်နေလေသည်။

ချင်ဟုဖေးတို့ ရောက်လာချိန်တွင် တည်းခိုခန်းတစ်ခန်းမျှ မရတော့ဘဲ အားလုံး ပြည့်နေပြီဖြစ်၏။

စုစု၏ကြံဆောင်မှုကြောင့် သူတို့နှစ်ဦးသည် စားသောက်ဆိုင်တစ်ဆိုင်၏အပေါ်ထပ်ခိုးလေးတွင် ခေတ္တတည်းခိုခွင့်ရခဲ့၏။

သူတို့သည် မြင်းလှည်းကို စားသောက်ဆိုင်အနောက်ဘက် ကွက်လပ်တွင်ထားခဲ့ပြီး မြို့တွင်းသို့ လမ်းလျှောက်ကာ စနည်းနာကြ၏။

ထိုအခါ ...

နောက်တစ်နေ့တွင် လိုရန်မြို့ပြင်ဘက် ဆယ်မိုင်ခန့်အကွာရှိ တောင်ကုန်းကလေးတစ်ခုတွင် သိုင်းပြိုင်ပွဲတစ်ခု ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းကို သိရှိလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပြိုင်ပွဲကျင်းပရခြင်းမှာ အလွန်ပင် ထူးခြားတန်ဖိုးရှိသော လက်နက်တစ်ခု ပိုင်ဆိုင်နိုင်ရေးအတွက်ပင် ဖြစ်သည်။

ထိုအထဲတွင် ပထမဆုအဖြစ် ဓားတစ်လက်ကို သတ်မှတ်ထား၏။ ထိုဓားမှာ ရန်နှိမ်ဓားပင် ဖြစ်သည်ကိုပါ အလွယ်တကူ စုံစမ်းသိရှိလိုက်ရလေသည်။

ထိုသတင်းကြားရသောအခါ စုစု အတော်ပင် အံ့အားသင့်သွား၏။ တွေးရလည်း ခက်သွား၏။

ရန်နှိမ်ဓားသည် သိုင်းလောကတွင် တစ်လက်သာရှိ၏။

ထိုတစ်လက်ကိုလည်း သူမက ချင်ဟူဖေးထံမှ ခိုးကာ သိမ်းထား၏။ ယခုအထိ သူမကိုယ်နှင့်မကွာ ထားရှိခဲ့၏။

ထိုပြိုင်ပွဲတွင် ပေးအပ်မည့်ဓားသည် မည်သို့ရန်နှိမ်ဓား ဖြစ်နိုင်ပါမည်နည်း။

လိမ်ညာမှုတစ်ရပ်သာ ဖြစ်မည်ဟု ဆင်ခြင်မိ၏။

ချင်ဟူဖေးက သူမနှင့်ဆန့်ကျင်ဘက် ဖြစ်သည်။

ပထမက သိုင်းပြိုင်ပွဲကို ကြည့်ရှုလိုစိတ်သာ ရှိခဲ့၏။

သို့သော် ...

ချီးမြှင့်မည့်သူမှာ 'ရန်နှိမ်ဓား' ဖြစ်ကြောင်း သိလိုက်ရသောအခါ သူ ပါဝင်၍ယှဉ်ပြိုင်စိတ်အား ထက်သန်လာ၏။



သူသည် စုစုအား တိုက်ပွဲအတွေ့အကြုံပရိယာယ်နှင့် ရန်သူအား မည်သို့ရင်ဆိုင်ရမည် စသည်တို့ကို စေ့စေ့စပ်စပ်မေးလာလေတော့သည်။

စုစု သက်ပြင်းချလိုက်၏။ ဟန့်တားၡ၍လည်း မရတော့ပါ။

ချင်ဟူဖေးအား ဟန့်တားလိုလျှင် သူမ ဝှက်ထားသော ဓားကို ပြန်ပေးရုံသာ ရှိတော့၏။

ထို့ကြောင့် ... သူမက ချင်ဟူဖေးအား ရန်သူနှင့်ရင်ဆိုင်ရလျှင် မည်သို့မည်ပုံ တိုက်ခိုက်သင့်ကြောင်း အကြံပေးလိုက်ရလေတော့သည်။

❒

ချင်ဟူဖေးကား ဉာဏ်ကောင်း၏။ တစ်ထွာပြလျှင် တစ်လံမြင်တတ်၏။ သူသည် သိုင်းပညာမြင့်မား၏။ အတွင်းအားကလည်း အထွတ်အထိပ်သို့ ရောက်နေ၏။

စုစုကား သိုင်းပညာမဆိုးပါ။ တိုက်ပွဲအတွေ့အကြုံကား အတော်ပင် များပြားခဲ့၏။ မိမိထက် သိုင်းပညာသာသူကိုပင် ပရိယာယ်နှင့် တိုက်ခိုက်လိုက်နိုင်၏။ အလွတ်ရုန်းထွက်နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း စုစုက သေချာစွာပြောပြသောအခါ ချင်ဟူဖေး သည် သင်ခန်းစာ ရလာခဲ့၏။ စုစုက သတိပေးစကား ဆိုလိုက်၏။

“ရှင့်အနေနဲ့ သိုင်းပြိုင်ပွဲကို ပါဝင်ဖို့ ဆုံးဖြတ်ထားပြီးပြီလား”

ချင်ဟူဖေးက ခေါင်းညိတ်လိုက်၏။

“ဟုတ်တယ်၊ အစ်ကိုရန်နှိမ်ဘားကို အရပြန်ယူမယ်”

“ဒါဆို အစ်ကို့အနေနဲ့ အချိန်ကိုစောင့်ရမယ်”

ချင်ဟူဖေးက မျက်မှောင်ကုတ်သွား၏။

“ဘယ်လိုအချိန်စောင့်ရမှာလဲ”

စုစုက ရှင်းပြလိုက်၏။

“အစ်ကို တိုက်ပွဲကို အရင်မဝင်ပါနဲ့၊ သူများတကာ တိုက်ခိုက်တာကို ကြည့်ရှုမှတ်သားလေ့လာပါ၊ ဒါမှ အစ်ကို့အတွက် တိုက်ခိုက်တဲ့ နည်းပရိယာယ်တွေကို သိရှိလာမယ်၊ ကိုယ်က နောက်ပိုင်းမှ ဝင်ပြိုင်တဲ့အတွက် ယှဉ်ပြိုင်မှုတော့ လျော့နည်းမယ်၊ အားအင်သက်သာမယ်”

ချင်ဟူဖေးက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

“ညီမလေးရဲ့ အကြံ သိပ်ကောင်းတယ်”

❐



လိုရုန်မြို့၏မင်းလမ်းမပေါ်တွင် ခမ်းနားသော အဆောက်အအုံတစ်ခု ရှိ၏။ ထိုအဆောက်အအုံ၏ပိုင်ရှင်မှာ ကုန်သည်တစ်ဦး ဖြစ်၏။ လူတိုင်းက သူ့အား ကုန်သည်တစ်ဦးဟုသာ သိကြ၏။

စင်စစ် ထိုလူသည် မန်ချူးလူမျိုးတစ်ဦးသာ ဖြစ်၏။

ထိုအဆောက်အအုံသည် မန်ချူးများက ဝယ်ပေးထားခြင်း ဖြစ်၏။ ထို့အတူ သူ၏ကုန်သွယ်မှုလုပ်ငန်းအားလုံးမှာလည်း မန်ချူးများက အရင်းအနှီးထုတ်ပေးထားခြင်း ဖြစ်သည်။

သူ၏တာဝန်က ဟန်ရဲမက်တို့၏ စစ်ရေးသတင်းများကို ထောက်လှမ်းပေးပို့ဖို့သာ ဖြစ်၏။

သို့သော် ... လိုရုန်မြို့သည် စစ်ဘေးဒဏ်ကင်းလွတ်ရာ နယ်မြေတစ်ခု ဖြစ်နေသည့်အတွက် သူ့အနေနှင့် သတင်းပို့စရာ ဘာမှုမရှိပါ။

သူ မန်ချူးသစ္စာခံခဲ့ပြီး ငါးနှစ်အတွင်း သုံးကြိမ်မျှသာ သတင်းပို့ခဲ့ရဖူးပေသည်။

ကျန်သည့်အချိန်များတွင် သူသည် သူဌေးတစ်ဦးကဲ့သို့ပင် အေးအေးဆေးဆေး ပျော်ပျော်ပါးပါးနေထိုင်နိုင်ခဲ့၏။ သုံးဖြုန်းနိုင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အမည်မှာ အိုက်ရှမ်းဖြစ်သည်။ သူသည် တစ်ချိန်က လမ်းဘေးပြတစ်ဦးသာဖြစ်ပြီး လူရာမဝင်ခဲ့ပါ။

ယခုတော့ သူသည် လိုရန်မြို့တွင် မျက်နှာဖုံးတစ်ဦး ဖြစ်နေခဲ့၏။ ထင်ပေါ်ကျော်ကြားသူတစ်ဦးတည်း ဖြစ်နေခဲ့ချေပြီ။

ထို့ကြောင့် အိုက်ရှမ်းမှာ သူ့ဘဝကို သူ အလွန်ပင် ကျေနပ်နေခဲ့လေသည်။ ယခု သူ့အိမ်တွင် ဧည့်သည်နှစ်ယောက်ရောက်ရှိနေ၏။ ထိုဧည့်သည်နှစ်ယောက်အား သူက အကောင်းဆုံး ပြုစုဧည့်ခံနေရ၏။ မပြုစု၍လည်း မရပါ။

ထိုဧည့်သည်နှစ်ယောက်အနက် တစ်ယောက်သည် သူ့အား ယခုလိုဘဝရောက်အောင် ဆောင်ကျဉ်းပေးခဲ့သူဖြစ်နေသည် မဟုတ်ပါလား။

❒

အိုက်ရှမ်းသည် သီးသန့်ခန်းအတွင်းသို့ ခပ်ယို့ယို့ဝင်လာ၏။ အခန်းတွင်း ခြေချမိသည်နှင့် အခန်းတွင်းမှ စကားသံ မာဆတ်ဆတ်ထွက်ပေါ်လာ၏။

"ဘာကိစ္စလဲ အိုက်ရှမ်း"



အိုက်ရှမ်းက ဦးညွှတ်အရိုအသေပြုလိုက်ပြီး ...

"သခင်ကြီး စုံစမ်းခိုင်းတဲ့ကိစ္စပါ"

"ပြောစမ်း"

"ဒီကနေ့ညနေအထိ လိုရန်မြို့ကို သိုင်းသမားလေးရာ သုံးဆယ့်ငါးယောက် ရောက်လာကြပါတယ်"

"ကောင်းတယ်၊ နာမည်ကျော်တွေကော ပါရဲ့လား"

အိုက်ရှမ်းက ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ကဲ့ ... နာမည်ကျော်သိုင်းသမားတစ်ရာနီးပါးရောက်လာပါတယ်၊ အတော်ကို လူစုံတက်စုံရှိတယ်လို့ ဆိုနိုင်ပါတယ် သခင်ကြီး"

သခင်ကြီးဆိုသူ၏မျက်နှာ ဝင်းလက်သွား၏။

"ပြိုင်ပွဲဝင်တဲ့လူ ဘယ်လောက်ရှိမလဲ အိုက်ရှမ်း"

အိုက်ရှမ်းက ...

"အတိအကျမသိပါဘူး။ ကျွန်တော့်ထင်မြင်ချက်ကို ပြောရမလား"

"အေး ... ပြောပါဦး"

"အခုရောက်လာတဲ့ သိုင်းသမားတွေထဲမှာ နာမည်ကျော်တွေ ပါလာတဲ့အတွက် တော်ရုံသိုင်းသမားတွေဟာ မယှဉ်တော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ပွဲကြည့်ပရိသတ်ဖြစ်သွားနိုင်ပါတယ်၊ ဒါကြောင့် ပြိုင်ပွဲဝင်မယ့်လူဟာ ငါးဆယ်လောက်ပဲ ရှိနိုင်ပါတယ်"

"ကိစ္စမရှိဘူး၊ နည်းလေ ကောင်းလေပဲ၊ ဒါပေမဲ့ ပရိသတ်ကတော့ များဖို့လိုတယ်"

"စိတ်ချပါ သခင်ကြီး၊ ပွဲကြည့်ပရိသတ်ဟာ တစ်ထောင်မက ရောက်ရှိမှာပါ"

"ကောင်းတယ်၊ ကောင်းတယ်"

"ကျွန်တော် ဘာများဆောင်ရွက်ပေးရဦးမလဲ သခင်ကြီး"

"မလိုဘူး ... သွားနိုင်ပြီ"

အိုက်ရှမ်းက ခပ်ယို့ယို့ကလေး အခန်းထဲမှ ထွက်ခွာသွားလေသည်။

သခင်ကြီးဆိုသူက ညာဘက်သို့ လှည့်လိုက်၏။

သူ၏ညာဘက်ကုလားထိုင်တွင် အေးတိအေးစက်မျက်နှာနှင့် လူငယ်တစ်ယောက် ထိုင်နေ၏။

သခင်ကြီးဆိုသူက ညာဘက်သို့ လှည့်လိုက်၏။

သူ၏ညာဘက်ကုလားထိုင်တွင် အေးတိအေးစက်မျက်နှာနှင့် လူငယ်တစ်ယောက် ထိုင်နေ၏။

သခင်ကြီးဆိုသူက ...



"တူတော်မောင်ရဲ့အစွမ်းကို ပြခွင့်ရတော့မယ်"

"စိတ်ချပါ ဦးလေး၊ ဒီပွဲမှာ ကျွန်တော် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ပါ့မယ်"

"ကျုပ် ယုံကြည်ပါတယ်၊ ပထမဆုဟာ ငါ့တူအတွက်ပဲ ဖြစ်စေရမယ်၊ မင်း ကြိုးစားပါ"

"ဟုတ်ကဲ့ ဦးလေး ... ကျွန်တော့်ကို ခွင့်ပြုပါဦး၊ သိုင်းလေ့ကျင့်မှုပြုချင်လို့ပါ"

လူငယ်က သခင်ကြီးဆိုသူအား ဦးညွတ်ဂါရဝပြုပြီး သီးသန့်ခန်း၏အတွင်းပေါက်သို့ ဝင်သွားလေသည်။

သခင်ကြီးဆိုသူ၏မျက်နှာက ပြုံးနေ၏။

"ဟား ... ဟား ... ဟား ... ကျုပ်အစီအစဉ်တွေအားလုံး ချောမောအောင်မြင်တော့မယ်၊ ဟား ... ဟား ... ဟား"

ထိုသခင်ကြီးဆိုသူကား စွမ်းထိုင်ပင် ဖြစ်ပေသည်။

❒

စုစုသည် အိပ်ရာထက်တွင် လဲလျောင်းနေ၏။

မနက်ဖြန်တွင် ချင်ဟူဖေးသည် ပြိုင်ပွဲဝင်တော့မည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ချင်ဟူဖေးအား ရန်နီ့မ်စား ပြန်ပေးရပေမည်။

မည်သို့ပြန်ပေးရမည်နည်း။

"ဘယ်လိုပြန်ပေးရမလဲ၊ စုစု ညည်းစဉ်းစားစမ်း"

သူမသည် အကြံထုတ်နေ၏။ နောက်ဆုံးတွင် သူမသည် ချင်ဟူဖေးအား မေ့ဆေးမယ်တော်ချူးချူး၏သတင်းရပြီဟု ပြောရမည်။ ချူးချူးအား သွားရောက်တိုက်ခိုက်ရမည်။

လိုရန်မြို့စွန်တွင် အိမ်ပျက်တစ်လုံးရှိ၏။ ထိုအိပ်ပျက်သို့ ညာခေါ်သွားမည်။ သူမက အရင်အိမ်ပျက်ထဲဝင်ကာ တိုက်ခိုက်သံ ပေးရမည်။

ပြီးမှ မေ့ဆေးမယ်တော်ချူးချူး ထွက်ပြေးသွားပြီး ရန်နီ့မ်စား ပြန်ရခဲ့သည်ဟု ပြောရမည်။

သို့မှသာ မနက်ဖြန် ပြိုင်ပွဲတွင်ပေးမည်ဆိုသော ရန်နီ့မ်စားသည် အတုဖြစ်ကြောင်း ချင်ဟူဖေး သိသွားမည်။

ပြိုင်ပွဲ၏အကြံအစည်ကို ဖော်ထုတ်နိုင်ပေမည်။

စုစု သူမ စိတ်ကူးကို သူမ သဘောကျသွားပြီး ...

ချက်ချင်းပင် ချင်ဟူဖေးဘက်သို့ ကူးသွားပြီး ...

"အစ်ကို ... ညီမ မေ့ဆေးမယ်တော် ချူးချူးရဲ့သတင်းရခဲ့ပြီ"



ဟု တိုးတိုးပြောလိုက်၏။

ချင်ဟူဖေး အံ့အားသင့်သွား၏။

"ဟင် ... ညီမက ဒီသတင်း ဘယ်လိုရလိုက်တာလဲ"

"ဆိုင်က စားပွဲထိုးလေးကို ငွေပေးပြီး စုံစမ်းခိုင်းထားတာ၊ အခုပဲ လာသတင်းပို့သွားတယ်"

"ဟုတ်လား ... မေ့ဆေးမယ်တော်ချူးချူး ဘယ်မှာလဲ"

"အစ်ကို လိုရန်မြို့ထဲဝင်လာတုန်းက မြို့စွန်က အိပ်ပျက်ကြီးကို သတိထားမိလား"

"သတိထားမိတယ်၊ သူက အဲဒီမှာလား"

စုစုက ခေါင်းညိတ်လိုက်၏။

ချင်ဟူဖေးက ဆတ်ခနဲ ထရပ်လိုက်၏။

"ဒါဖြင့် အစ်ကို အဲဒီကိုလိုက်သွားမယ်"

"ညီမလည်း လိုက်မှာပေါ့"

❒

ချင်ဟူဖေးနှင့်စုစုတို့သည် မကြာမီ မြို့စွန်ရှိ အိမ်ပျက်ကြီး အနီးသို့ ရောက်ရှိလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ညအမှောင်ဝယ် အိမ်ပျက်ကြီးကား တိတ်ဆိတ်ငြိမ်သက်နေ၏။ စုစုက အကြံဉာဏ်ရှိသူပီပီ ...

"အစ်ကို သတိထား၊ ညီမရှေ့က ဝင်မယ်၊ ပြီးမှ အစ်ကို လိုက်ဝင်လာခဲ့"

ချင်ဟူဖေးက ဟန့်တားလိုက်၏။

"ဒါ အစ်ကို့ကိစ္စပဲ၊ ညီမ အပြင်က စောင့်နေပါ"

"မဟုတ်တာပဲ၊ ညီမ အရင်ဝင်မယ်"

သူမက ချင်ဟူဖေး၏စကားအပြန်ကို မစောင့်တော့ဘဲ အိမ်ပျက်ကြီးဆီသို့ ပြေးသွား၏။

သို့သော် ... ချင်ဟူဖေး၏လှုပ်ရှားမှုက သူမထက်များစွာ လျင်မြန်၏။

အိမ်ပျက်ကြီးထဲသို့ ချင်ဟူဖေးက သူမထက် ဦးစွာပင် ရောက်ရှိသွား၏။

အိမ်ပျက်ကြီးထဲ ခြေချမိသည်နှင့် ...

"ဘယ်သူလဲ"

ဝေါက်သံနှင့်အတူ မီးလင်းလာသည်ကို တွေ့ရ၏။

ချင်ဟူဖေးနှင့်စုစုတို့ ထိတ်လန့်သွားကြ၏။

သူတို့က အသံလာရာသို့ ကြည့်လိုက်၏။



ထိုအခါ အိမ်ပျက်ကြီးတွင် ရှိနေသူမှာ သူမတို့လမ်းတွင် တွေ့ခဲ့သော ဖူးအော့ဆိုသော အဘိုးအိုဖြစ်နေသည်ကို တွေ့လိုက်ရ၏။

"ဪ ... လူရှိနေတာကိုး၊ ကျွန်မတို့ကို ခွင့်ပြုပါဦးရှင်"

စုစုက တောင်းပန်လိုက်၏။

ဖူးအော့ကလည်း ချင်ဟူဖေး နှင့်စုစုတို့အား မှတ်မိသွားသည်။

"မင်းတို့ကိုး၊ ဘာကိစ္စရှိလို့လဲ"

ချင်ဟူဖေး မပြောမီ စုစုက ပြောလိုက်၏။

"ဒီမှာ မေ့ဆေးမယ်တော် ချူးချူး ရောက်တယ်ကြားလို့ လာခဲ့တာပါ"

"ဟင် ... မင်းတို့က ချူးချူးရဲ့မိတ်ဆွေတွေလား"

စုစုက ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ပါဘူး၊ ချူးချူးနဲ့ စာရင်းရှင်းစရာကိစ္စလေးတစ်ခု ရှိလို့ လာခဲ့တာပါ"

"ဪ ... ဪ"

ချင်ဟူဖေးက ...

"ဘာဘာ ချူးချူးကို တွေ့မိလား"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အနံ့ရှာတာနဲ့ ချူးချူးက ခွေးပြေးဝက်ပြေး ပြေးလောက်ပြီ"

စုစုက ...

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မတို့ အနေ့ခင်းအယှက်ပေးမိတာကို ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်၊ ကျွန်မတို့ကို ခွင့်ပြုပါဦး"

ဖူးအော့က ဟန့်တားလိုက်၏။

"နေဦး"

စုစု စိတ်မသက်မသာဖြစ်သွား၏။

"ဘာဘက ဘာများကိစ္စရှိသေးလို့"

"ကျုပ် မေးစရာတစ်ခုရှိလို့"

"ဟုတ်ကဲ့ မေးပါရှင်"

"မင်းတို့ မနက်ဖြန် သိုင်းပြိုင်ပွဲဝင်ကြမှာလား"

ဤတစ်ကြိမ်တွင် ချင်ဟူဖေးက စုစုထက် ဦးအောင်အဖြေပေးလိုက်၏။

"ဟုတ်ကဲ့ ဝင်ပြိုင်ဖို့ ဆုံးဖြတ်ထားပါတယ်"

ဖူးအော့ မဲ့လိုက်ပြီး ...

"မင်းတို့လူငယ်တွေဟာ ပွဲကြည့်ပရိသတ်အဆင့်နဲ့ပဲ လိုက်တယ်၊ ဒါကြောင့် ကျုပ်စကားနားထောင်ပါ၊ ပြိုင်ပွဲမဝင်နဲ့"



ချင်ဟူဖေးက ပြန်ပြောမည်ပြုရာတွင် စုစုက တံတောင်နှင့်တွတ်ကာ ဟန့်တားလိုက်သည်။

"ဘာဘရဲ့စေတနာကို နားလည်ပါတယ်၊ ကျွန်မတို့က အတွေ့အကြုံရှာဖွေဖို့အတွက်သာ ပြိုင်ပွဲဝင်ဖို့ စိတ်ကူးထားပါတယ်၊ ကဲ ခွင့်ပြုပါဦးရှင်"

သူမက ဖူးအော့၏စကားကို စောင့်မနေတော့ဘဲ ...

ချင်ဟူဖေး၏လက်ကိုဆွဲကာ အိမ်ပျက်ကြီးထဲမှ ပြန်ထွက်လာလေတော့၏။

❒

လထွက်လာပြီဖြစ်၏။

ယနေ့ည လထွက်နောက်ကျသည်ဟု ဆိုရပေမည်။

လရောင်ထွက်လာသည်နှင့် အမှောင်ထုသည် လျော့ပါးသွား၏။

အေးမြသောလရောင်သည် ပတ်ဝန်းကျင်ကို အတော်ပင်ထင်ရှားစွာ တွေ့မြင်ရအောင် ဖွမ်းဆောင်ပေးနေ၏။

ကောင်းကင်တွင် တိမ်မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



ကြယ်ကလေးများလည်း စုံလင်စွာ ထွက်ပေါ်နေ၏။

အေးချမ်းသာယာသော ညတစ်ညပင် ဖြစ်ပါတော့သည်။

လိုရန်မြို့၏အနောက်ဘက်တံခါးမှ ထွက်လာခဲ့လျှင် ဆယ်မိုင်ခန့်အရောက်တွင် တောင်ကုန်းတစ်ခုသို့ ရောက်လာမည်ဖြစ်၏။

တောင်ကုန်းဆိုသည်ထက် ကုန်းမြင့်တစ်ခုဟုဆိုက ပို၍မှန်ပေမည်။

ကုန်းမြင့်သည် အတော်ပင် ကျယ်ပေသည်။

ထိုကုန်းမြင့်ပေါ်တွင် လူအများက နတ်ရေကန်ဟု ခေါ်ဆိုကြသော ရေကန်ငယ်တစ်ခုရှိ၏။

ရေကန်ကလေးမှာ ပေသုံးဆယ်မျှသာ ကျယ်ဝန်း၏။

ကုန်းမြင့်ပေါ်တည့်ရှိသော ရေကန်ဖြစ်သော်လည်း မည်သည့်အခါမှ ရေမခန်းတတ်ပါ။

နွေနွေ၊ မိုးမိုး၊ ဆောင်းဆောင်း ထိုရေကန်တွင် ရေက အစဉ်ရှိ၏။

ထို့အပြင် ရေကန်သည် တစ်ကြိမ်မှ နောက်ကျိမနေဘဲ အမြဲပင်စိမ်းကာ ကြည်လင်နေ၏။

ထို့ကြောင့်လည်း လူအများက နတ်ရေကန်ဟု ခေါ်ကြခြင်းဖြစ်၏။



ထွက်ပေါ်လာစ လရောင်အောက်ဝယ် ကန်ရေပြင်မှာ တစ်မျိုးတစ်ဖုံ လှပနေ၏။

စိမ်းလဲ့သော ကန်ရေပြင်ထက်တွင် လေညင်းက တသုန်သုန်တိုက်ခတ်နေသောကြောင့် လှိုင်းကြက်ခွပ်ကလေးများက တငြိမ့်ငြိမ့် ဖြစ်ပေါ်နေ၏။

ထိုကန်ကလေး၏တောင်ဘက် ကွက်လပ်ကျယ်ထဲတွင် နှစ်ပေခန့်အမြင့်ရှိပြီး ပေနှစ်ဆယ်မျှ ကျယ်ဝန်းသော စင်မြင့်တစ်ခု ဆောက်လုပ်ထား၏။

ဤစင်မြင့်မှာ မနက်ဖြန် သိုင်းပြိုင်ပွဲကျင်းပမည့် စင်မြင့်ပင် ဖြစ်ပါသည်။

ကုန်းမြင့်ကလေး၏ရှုခင်းမှာ လှပပြီး အေးအေးဆေးဆေး ကဗျာသီကုံးခြင်း၊ ပန်းချီဆွဲခြင်းတို့သာ ပြုသင့်၏။

သိုင်းယှဉ်ပြိုင်ပွဲကျင်းပရန် မအပ်စပ်သလိုပင်။

တကယ်တော့ ... ဤနေရာသည် လမ်းပန်းဆက်သွယ်မှု မရှိပါ။ လမ်းမနှင့် တခြားစီဖြစ်၏။

ထို့ကြောင့် ... တစ်ခါတစ်ရံ စာပေသမားအချို့ လာရောက်တတ်သည်မှလွဲ၍ မည်သူမှမလာတတ်ကြပါ။

ခေါင်သောနေရာဟု ဆိုရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်ဘက်၌ပင် လူတစ်ယောက် ရောက်လာသောနေ့ နည်းပါး၏။

ညဘက်ဆိုလျှင် ပြောဖွယ်ရာမရှိတော့ပါ။

သို့သော် ... ယနေ့ကား အားလုံးပြောင်းပြန်ဖြစ်ပေါ်နေ၏။

လိုရန်မြို့တွင် တစ်ကြိမ်မှ မဖြစ်ပေါ်ခဲ့ဖူးသော တည်းခိုခန်း အားလုံး ပြည့်သည့်ဖြစ်ရပ်ပေါ်ပေါက်ခဲ့သလို ဤလူသူကင်းမဲ့သော ကုန်းမြင့်တွင်လည်း လူစည်ကားလျက် ရှိသည်ကို တွေ့ရမည်ဖြစ်၏။

နောက်ကျပြီးမှ ရောက်လာသော သိုင်းသမားများသည် လိုရန်မြို့တွင်း၌ တည်းခိုရာနေရာ မရတော့ပါ။

ထိုအခါ သိုင်းပြိုင်ပွဲကျင်းပမည့် တောင်ကုန်းသို့သာ လာခဲ့ကြ၏။

ညတစ်ဝက်ခန့်ရောက်သောအခါ ထိုကုန်းမြင့်တွင် သိုင်းသမားများ သုံးရာကျော်ခန့်အထိပင် ရောက်ရှိနေခဲ့ပြီဖြစ်၏။

ရောက်လာသော သိုင်းသမားများသည် တစ်ကိုယ်တော်များ ပါဝင်သလို ဂိုဏ်းအဖွဲ့အစည်းများလည်း ပါဝင်၏။

အစုအဖွဲ့နှင့် လာကြသူများသည် ကိုယ့်အစုနှင့်ကိုယ် နေရာယူထားကြ၏။

အချို့သိုင်းအဖွဲ့များတွင် နာမည်ကျော်များ ပါလာကြ၏။



ထိုနာမည်ကျော်များအတွက် ကျန်အဖွဲ့သားများက ယာယီတဲများ ထိုးပေးကြ၏။

ကုန်းမြင့်ပေါ်တွင် ရွက်ထည်တဲဆယ်လုံးမက ရှိနေ၏။ မည်သူမျှ အိပ်မနေကြပါ။

ကိုယ့်အစုနှင့်ကိုယ် စကားစမြည် ပြောနေကြ၏။

ထို့ကြောင့် ... ညအချိန်ပင် ဖြစ်သော်လည်း ကုန်းမြင့်ကလေးသည် အသက်ဝင်လှုပ်ရှားနေသည်ဟု ဆိုရပေမည်။

❐

အရုဏ်ဦးအလင်းရောင် ထွက်ပေါ်လာပြီ ဖြစ်၏။

ကုန်းမြင့်ကလေးသည် ပို၍အသက်ဝင် လှုပ်ရှားလာ၏။

ပို၍စည်ကားလာ၏။

လူများလည်း တစ်စထက်တစ်စ များပြားလာလေသည်။

နေမထွက်မီမှာပင် ကုန်းမြင့်ပေါ်သို့ လူတစ်ထောင်ကျော်မက ရောက်ရှိနေကြပြီ ဖြစ်သည်။

ထိုလူများထဲတွင် သိုင်းလောကသားများက အများဆုံးပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်ဟူဖေးနှင့်စုစုတို့လည်း ကုန်းမြင့်ပေါ်သို့ ရောက်ရှိနေခဲ့ကြပြီ ဖြစ်ပါသည်။

သူတို့နှစ်ယောက်သည် သိုင်းပြိုင်ပွဲကျင်းပမည့် စင်မြင့်နှင့် အနီးဆုံးနေရာသို့ရောက်အောင် သွားရောက်နေရာယူထားခဲ့၏။

စင်မြင့်ရှေ့တည့်တည့်တွင် လူတစ်စု နေရာယူထား၏။

ထိုလူစုမှာ ဖူးစန်နှင့်ဖူးအော့ကို့လူစုပင် ဖြစ်ပါသည်။

ဖူးစန်နှင့်ဖူးအော့တို့သည် သူတို့ကဲ့သို့ပင် ခရမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူတစ်ဦး၏ဝဲယာတွင် ခြံရံကာ ထိုင်နေသည်။

ထိုလူသည် သူတို့နှစ်ဦးထက် အသက်ငယ်၏။

ယခုမှ ငါးဆယ်ကျော်ခန့်သာ ရှိမည်ဟု ခန့်မှန်းရ၏။

သို့သော် ... နေရာယူထားပုံအရ ထိုလူသည် ဖူးစန်နှင့် ဖူးအော့တို့၏ဆရာပင်ဖြစ်ရမည်ဟု ချင်ဟူဖေး တွက်ဆမိ၏။

ရုပ်ရည်က နုပျိုနေခြင်းသာ ဖြစ်ရမည်ဟုလည်း ခန့်မှန်းလိုက်မိလေသည်။

ကုန်းမြင့်ပေါ်တွင် လူများစွာတို့သည် ကိုယ့်အချင်းချင်း စကားပြောနေကြ၏။

ထို့ကြောင့် ... စကားသံများသည် ပွက်လောရိုက်ကာ ဆူညံနေလေသည်။ ချင်ဟူဖေးမှာ စိတ်လှုပ်ရှားနေ၏။



ထို့ကြောင့် စိတ်ကိုတည်ငြိမ်အောင် ကြိုးစားနေရ၏။

စုစုကလည်း အနီးမှနေ၍ ချင်ဟူဖေးအား သတိပေးနေသည်။ ချင်ဟူဖေးမှာ စုစုအား အလွန်ကျေးဇူးတင်၏။

စုစုသည် သူ၏လိုအပ်ချက်များစွာကို နံဘေးမှနေ၍ ဖြည့်စွမ်းပေးနိုင်သည် မဟုတ်ပါလား။

စုစုသာ ဤကဲ့သို့ ထာဝရ အနီးတွင်ရှိမည်ဆိုလျှင် အလွန်ကောင်းပေစွဟု တောင့်တမိ၏။

သို့သော် ... သူ၏ဆန္ဒကို ဖွင့်မပြောဝံ့ပါချေ။

❒

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာ၏။

အလင်းရောင် ထွက်ပေါ်လာ၏။

ထိုမှတစ်ဆင့် နေရောင်စတင်ထွက်ပေါ်လာလေသည်။

ထိုအချိန်တွင် ခမ်းနားသော မြင်းလှည်းနှစ်စီးသည် ကုန်းမြင့်ပေါ်သို့ တက်ရောက်လာပြီး စင်မြင့်အနောက်ဘက်တွင် ရပ်လိုက်၏။ အားလုံးသောလူများက ထိုမြင်းလှည်းနှစ်စီးအား စိတ်ဝင်စားစွာဖြင့် ကြည့်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

ဆူညံနေသောစကားသံတို့ပင် အနည်းငယ်တိုးတိတ်သွားလေသည်။

မကြာမီ ... မြင်းလှည်းတွင်းမှ လူသုံးယောက် ထွက်လာ၏။

တစ်ဦးမှာ အသက်လေးဆယ်ခန့် ရှိ၏။

ပိုးထည်ဝတ်စုံ ဝတ်ဆင်ထား၏။

ထိုလူသည် စင်မြင့်ပေါ်ရောက်သည်နှင့် လက်တစ်ဖက် မြှောက်ယမ်းလိုက်၏။

"မိတ်ဆွေတို့"

ဟုလည်း ကျယ်လောင်စွာ ပြောလိုက်၏။

ဆူညံနေသော စကားသံတို့သည် မီးကို ရေနှင့် ငြိမ်းသတ်လိုက်သည့်အလား ချက်ချင်းပင် တိတ်ဆိတ်သွားလေသည်။

ထိုလူက ကျယ်လောင်သောအသံနှင့် ဆက်ပြောလိုက်၏။

"အခုအချိန်ကစပြီးတော့ သိုင်းပညာစွမ်းရည်ယှဉ်ပြိုင်ပွဲကို စတင်ကျင်းပပါမယ်၊ ဒီပြိုင်ပွဲတွေမှာ ဆုအဖြစ် ထူးခြားတဲ့ လက်နက်တွေကို ချီးမြှင့်ဖို့လည်း ဆုံးဖြတ်ထားပါတယ်"

သူ့အသံက ကျယ်လောင်လွန်းလှသဖြင့် ကုန်းမြင့်ပေါ်ရောက်ရှိနေသည့် လူအားလုံး ကောင်းစွာကြားနိုင်၏။



ထိုလူက ဆက်ပြောလိုက်ပြန်၏။

"ပထမဆုကတော့ ထန်ကျားကျေးရွာရဲ့ ခရေလက်နက်ပုန်းပဲ ဖြစ်ပါတယ်ခင်ဗျာ၊ ယှဉ်ပြိုင်ပွဲ စပါပြီ၊ ခရေလက်နက်ပုန်းအတွက် ယှဉ်ပြိုင်မယ့်ပုဂ္ဂိုလ်များကို စင်မြင့်ပေါ် ကြွပါလို့ ဖိတ်ခေါ်အပ်ပါတယ်"

ထိုလူ၏ဖိတ်ခေါ်သံ ဆုံးသည်နှင့် စင်မြင့်အောက်ရှိ ပရိသတ်များကြားမှ လူရိပ်နှစ်ရိပ်က စင်မြင့်ပေါ် လျင်မြန်စွာ ခုန်တက်သွား၏။

စင်မြင့်ပေါ် တက်သွားသူနှစ်ယောက်ကား ဆန့်ကျင်ဘက်ဖြစ်နေ၏။ တစ်ယောက်မှာ အသက်သုံးဆယ့်ကျော်ခန့် အမျိုးသမီးတစ်ဦးဖြစ်၏။

မျက်နှာက လှပသလို ခန္ဓာကိုယ်ကလည်း အလွန်လှပ၏။

သူမက ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားရာ သူမ၏ခန္ဓာကိုယ်အချိုးအစားကို ပကတိအတိုင်း ဖော်ပြထားသလို ရှိနေ၏။

နောက်တစ်ယောက်မှာ အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်ပင် ဖြစ်သည်။ သူ၏လက်နှစ်ဖက်တွင် ဝင်းလက်တောက်ပသော ကျောက်မျက်ရတနာများ စီခြယ်ထားသည့် လက်စွပ်များ ဝတ်ဆင်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသည်က သူ၏အရပ်မှာ လွန်စွာပုနေခြင်းဖြစ်၏။

သူ၏အရပ်သည် အမျိုးသမီး၏ရင်ညွန့်ခန့်သာ ရှိပေသည်။

ပြိုင်ပွဲကျင်းပသူက ...

"ဟုတ်ကဲ့ ... ပထမဦးဆုံး ရောက်လာသူများကတော့ နတ်မိမယ်ဝှားဝှားနဲ့ လူပုခုံလင်တို့ပဲ ဖြစ်ပါတယ်"

ဟု ကြေညာပေးလိုက်လေသည်။

နတ်မိမယ်ဝှားဝှားက လူပုခုံလင်အား ပြုံးစစနှင့် ကြည့်လိုက်ပြီး ...

"ရှင့်အရပ်က ကျွန်မထက်ပုတော့ ကျွန်မက ရှင့်ကို သိုင်းကွက် သုံးကွက် အသာပေးပါတယ်ရှင်"

ဟု လှောင်ပြောင် ပြောလိုက်လေသည်။

လူပုံခုံလင်သည် အရပ်ပုသလောက် စိတ်တို၏။

သူ၏ပုသောအရပ်ကို ထိခိုက်လာလျှင် ပို၍စိတ်ဆိုး၏။

ယခုလည်း သူက ဒေါသခြောင်းခြောင်း ထွက်သွားပြီး ...

"မင်းလိုမိန်းကလေးမျိုးကို တိုက်ခိုက်ရမှာ သနားတယ်၊ မင်းကလှပတော့ မင်းကိုဇနီးအဖြစ်ပဲ သိမ်းပိုက်ချင်တယ်"

ဟု ချက်ချင်းပင် ပြန်ပြောလိုက်လေတော့သည်။

ဝှားဝှားမှာလည်း ပြန်ပြောလိုက်လေတော့သည်။



"ရှင်လို ပေမမီ ထောင့်မမီတဲ့ လူတစ်ယောက်ကို ကျွန်မက ခြေဆေးဖို့ပဲ ခွင့်ပြုနိုင်မယ်ရှင့်"

လူပုံခုံလင်က ...

"တယ်အပြောကြီးတဲ့မိန်းမ၊ ကျုပ်က ခင်ဗျားသိုင်းကွက် အသာပေးတာကို လက်ခံပါတယ်၊ ခင်ဗျား ဘယ်လောက်စွမ်းသလဲ ကြည့်ရတာပေါ့"

❒

ဟု စကားကို ချည်နှောင်ကာ ပြောလိုက်၏။

စင်စစ် သူသည် ဤသို့ သိုင်းကွက်အသာမယူသင့်ပါ။

ယခုမူ သူက ကောက်ကျစ်စွာဖြင့် သိုင်းကွက်အသာပေးမှုအား သိက္ခာအကျခံကာ ယူလိုက်ခြင်း ဖြစ်သည်။

ထိုရထားသော သိုင်းကွက်သုံးကွက်အတွင်း နတ်မိမယ်ဝှားဝှားကို အနိုင်ယူရန်လည်း ဆုံးဖြတ်ထား၏။

လူပုံခုံလင်က ...

"ကျုပ် တိုက်ခိုက်တော့မယ်၊ သတိထား"

စင်စစ် သူ၏သတိပေးစကားက နောက်ကျ၏။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်မှုပြုပြီးမှ သတိပေးလိုက်ခြင်းသာ ဖြစ်သည်။

သူ၏လက် မသိမသာအငွေ့မှာ သူ၏လက်စွပ်ထဲမှ အဆိပ်လက်နက်ပုန်းအပ်ကလေးသုံးချောင်းက နတ်မိမယ်ဗွားဗွားထံ ပစ်လွှင့်ခဲ့ပြီး ဖြစ်လေသည်။

တစ်ဆက်တည်းမှာပင် သူ၏လက်ဝါးကလည်း နတ်မိမယ်ဗွားဗွား၏ဝမ်းဗိုက်သို့ ရိုက်ချလိုက်၏။

လက်နက်ပုန်းပစ်ခတ်မှုနှင့် လက်ဝါးရိုက်ချက်တို့ကို တစ်ပြိုင်တည်း ပြုလုပ်လိုက်ခြင်းဖြစ်သည့်အတွက်ကြောင့် တိုက်ခိုက်မှုစွမ်းအားအရှိန်အဟုန်မှာ ကျယ်ပြန့်မြင့်မားသည်ဟု ဆိုရမည်ဖြစ်သည်။

ဤတိုက်ကွက်ကိုကြည့်လိုက်သည်နှင့် လူပုခုံလင်သည် မည်သို့သောလူစားမျိုးဖြစ်သည်ကို သိရှိနိုင်ပေသည်။

သို့သော် နတ်မိမယ်ဗွားဗွားကမူ ထိတ်လန့်တုန်လှုပ်သည့် အမူအရာမရှိပါ။

အေးအေးဆေးဆေးပင် ခန္ဓာကိုယ်ကို ယိမ်းလှုပ်နွဲ့ရှားလိုက်ရာ ခုံလင်၏တိုက်ခိုက်မှုအောက်မှ လွတ်ထွက်သွား၏။

"တစ်ကွက်ပြီးပြီ"

ခုံလင်၏မျက်နှာ နီရဲသွား၏။



သူသည် သိုင်းကွက်အသာရယူထားသည့်အပြင် မထင်မှတ်ချိန်တွင် တိုက်ခိုက်ခြင်းဖြင့် လက်ဦးမှုကိုပါ ရယူခဲ့ခြင်း ဖြစ်၏။

ထိုတစ်ကွက်နှင့်ပင် ဗွားဗွား လဲကျသွားလိမ့်မည်ဟုလည်း ယုံကြည်မျှော်လင့်ထားပေသည်။

သို့သော် ... ဗွားဗွား၏လှုပ်ရှားမှုက မြန်ဆန်လှ၏။

သူ၏တိုက်ခိုက်မှုအောက်မှ မည်သို့ရှောင်ထွက်သွားမှန်းပင် မသိလိုက်ရပါ။ ခုံလင် ဒေါသပိုထွက်သွား၏။

သူသည် ရုတ်ခြည်းပင် ရှေ့သို့ လှမ်းခနဲခုန်တက်ကာ ဘယ်ညာလက်ဝါးနှစ်ဖက် ပြိုင်တူရိုက်ချလိုက်၏။

သူ၏ညာခြေထောက်ကိုလည်း ဆတ်ခနဲခါလိုက်၏။

ဖိနပ်ဦးမှ အဆိပ်မြားတို့ တစ်စင်းက ဗွားဗွား၏ဒူးခေါင်းအရှိန်နှင့် ပြေးဝင်သွား၏။

သိုင်းတစ်ကွက်တည်းမှာပင် ယုတ်မာသောနည်းနှင့် ပူးပေါင်းကာ တိုက်ခိုက်လိုက်ခြင်းပင် ဖြစ်လေသည်။

နတ်မိမယ်ဗွားဗွားက ရုတ်ခြည်း ကျွမ်းပစ်ရှောင်တိမ်းသွားရာ ...

ခုံလင်၏တိုက်ခိုက်မှုများအားလုံး သဲထဲရေသွန်ဖြစ်သွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝှားဝှားက လှပစွာပင် ပြန်ရပ်လိုက်ပြီး …

"နှစ်ကွက်ပြီးသွားပြီ"

ခုံလင်၏မျက်နှာကား မည်းမှောင်သွား၏။

သူ့ရင်ထဲ၌ ဒေါသမီးများ ဟုန်းဟုန်းတောက်လောင်နေ၏။

သူသည် ဝှားဝှားအား စိုက်ကြည့်လိုက်၏။

သူ အသာရထားသော သိုင်းကွက်သုံးကွက်မှ နောက်ဆုံးတစ်ကွက်သာ ကျန်တော့၏။

ဤတစ်ကွက်တွင် ဝှားဝှား သေဆုံးသွားမှဖြစ်ပေမည်။

ထို့ကြောင့် … အပိုင်နိုင်ဆုံး တိုက်ခိုက်ရန် ချိန်ဆနေခြင်းဖြစ်၏။

ခုံလင်၏မျက်နှာပေါ်တွင် ကောက်ကျစ်သော အရိပ်အယောင်များ ပေါ်ထွက်လာလေသည်။

သူသည် ချက်ချင်းပင်ခုန်ကာ ဘယ်ခြေဖြင့် ဝှားဝှား၏ပခုံးကို ကန်ကျောက်လိုက်၏။

လက်ဝါးအစုံကိုလည်း ရှေ့သို့ တွန်းထုတ်လိုက်၏။

သူ၏လက်ဝါးအရှိန်ထဲတွင် အဆိပ်မှုန့်များကိုပါ ထည့်၍သုံးလိုက်ခြင်းဖြစ်၏။

အလွန်ပင်ကောက်ကျစ်ယုတ်မာသော တိုက်ခိုက်မှုဖြစ်၏။



ဝှားဝှားကား ရုတ်ခြည်းပင် ဘေးတိုက်ရွှေ့လျားသွားပြီး ရှေ့တက်လိုက်၏။

ထိုအခါ … သူမသည် ခုံလင်၏အနောက်သို့ ရောက်ရှိသွား၏။

ခုံလင်၏အဆိပ်တိုက်ခိုက်မှုစက်ကွင်းမှလည်း ကင်းလွတ်သွား၏။ ပညာသားပါလှသော ရှောင်တိမ်းမှုဖြစ်၏။

နတ်မိမယ်ဝှားဝှားက ပြုံးစေ့စေ့ဖြင့် ပြောလိုက်၏။

"ကဲ … သုံးကွက်ပြည့်သွားပါပြီ၊ ကျွန်မအလှည့်လာတော့မယ်၊ သတိထား"

သူမက စကားဆုံးသွားသည်နှင့် လက်ဝါးနှစ်ဖက်ကို ဝှေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေသည်။

လက်ဝါးချက်များက လျှင်မြန်သလို ပြင်းထန်၏။

ခုံလင် ရင်ထိတ်သွား၏။

လှပသော အမျိုးသမီးတစ်ယောက်တွင် ရက်စက်ကြမ်းကြုတ်သော သိုင်းကွက်များ ရှိနေပေသည်။

ဝှားဝှား၏တိုက်ကွက်များသည် ခုံလင်ကဲ့သို့ပင် လူကိုသေစေရန်သာ အဓိကထားပေသည်။

ခုံလင်မှာ ထိတ်လန့်တကြားနှင့် ရှောင်တိမ်းခုခံနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... သူသည် တိုက်စစ် လုံးဝမထုတ်တော့ဘဲ ဗုားဗုား၏တိုက်ကွက်အောက်တွင်သာ အလူးအလဲ ခံနေရ၏။

ခံယင် အလွန်ပင် ထိတ်လန့်သွား၏။

သူ အစွမ်းကုန် ခုခံနေသော်လည်း ဗုားဗုား၏လက်ဝါးတို့က သူ့ထံ တစ်စထက်တစ်စ တိုးဝင်လာသလို ခံစားနေရ၏။

သူသည် ဗုားဗုားအား မည်သို့မျှ မယှဉ်နိုင်ကြောင်း သဘောပေါက်လိုက်၏။

ဤတိုက်ပွဲကို ဆက်လက်တိုက်ခိုက်နေလျှင် သူသည် အသက်မသေဆုံးလျှင်သော်မှ ပြင်းထန်စွာ ဒဏ်ရာရရှိမည်ဟုလည်း ကြိုတင်သိလိုက်၏။

ဗုားဗုားလို အမျိုးသမီးတစ်ယောက်အား ရှုံးနိမ့်ခြင်းသည် ရှက်စရာကောင်း၏။

သို့သော် ... လူပုခုံလင်သည် အရှက်ကြီးသူ မဟုတ်ပါ။

သူသည် ကျယ်လောင်စွာ အော်ဟစ်လိုက်၏။

"ရပ်လိုက် ... ကျုပ် အရှုံးပေးပါပြီ"

လူပုခုံလင်က အရှုံးပေးပြီဟု အရှက်မဲ့စွာ အော်ပြောလာသောအခါ ဆက်လက်၍ မတိုက်ခိုက်နိုင်တော့ပါ။

ဗုားဗုားမှာ မကျေမနပ်နှင့် ရပ်လိုက်ရ၏။



လူပုခုံလင်မှာ ဗုားဗုားတိုက်ခိုက်မှု ရပ်တန့်သည်နှင့် စင်မြင့်အောက်သို့ ပြန်၍ခုန်ဆင်းသွားလေသည်။

လူပုခုံလင် ဆင်းသွားပြီးနောက်ဝယ် နတ်မိမယ်ဗုားဗုားအား သိုင်းသမားသုံးဦးခန့် တစ်ယောက်ပြီးတစ်ယောက် တက်၍ ယှဉ်ပြိုင်ကြ၏။

သို့သော် ... အားလုံးကို နတ်မိမယ်ဗုားဗုားက လွယ်လွယ်ပင် အနိုင်ယူလိုက်၏။

ထို့နောက် ... နတ်မိမယ်ဗုားဗုားနှင့် ယှဉ်ပြိုင်မည့်သူ ပေါ်မလာတော့သဖြင့် ...

ပြိုင်ပွဲကြီးကြပ်သူသည် ခရေလက်နက်ပုန်းအား နတ်မိမယ် ဗုားဗုားကို ပေးအပ်လိုက်လေတော့သည်။

❐

ပြိုင်ပွဲကား တစ်ပွဲပြီးတစ်ပွဲ ဆက်လက်ကျင်းပနေ၏။

ဆုအဖြစ် သိုင်းလောကသားတို့ စိတ်ဝင်စားသော လက်နက်ဆန်းများကို ချီးမြှင့်နေပေသည်။

ချင်ဟူဖေးသည် ယှဉ်ပြိုင်ပွဲတိုင်းကို မျက်တောင်မခတ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



လေ့လာမှတ်သားနေ၏။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာ၏။

နေ့မွန်းတည့်ချိန်သို့ ရောက်ရှိလာ၏။

ပြိုင်ပွဲကို ခေတ္တရပ်ပြီး ... နောက်ထပ် တစ်နာရီခန့် ကြာသောအခါ ပြိုင်ပွဲကို ပြန်လည် ကျင်းပ၏။

ယခုပြိုင်ပွဲကား နောက်ဆုံးပြိုင်ပွဲဖြစ်သလို အများက စောင့်မျှော်နေကြသော ရန်နို့မ်ဓားကို ဆုအဖြစ် ပေးအပ်ချီးမြှင့်မည့် ပြိုင်ပွဲလည်း ဖြစ်လေတော့သည်။

❒

"ယခု အငြိမ်းသတ်နဲ့ နောက်ဆုံးယှဉ်ပြိုင်ပွဲကို စတင်ကျင်းပတော့မှာ ဖြစ်ပါတယ်၊ ဒီပြိုင်ပွဲမှာ ရန်နို့မ်ဓားကို ဆုအဖြစ် ပေးအပ်ချီးမြှင့်မှာ ဖြစ်ပါတယ်"

လက်ခုပ်ဩဘာသံများ လျှံထွက်သွားလေသည်။

ထိုပြိုင်ပွဲကို အားလုံးက စောင့်မျှော်ကြည့်နေကြသည် မဟုတ်ပါလား။

ပြိုင်ပွဲကြီးကြပ်သူက ...



"ရန်နို့မ်ဓားဟာ သိုင်းလောကသားအားလုံး အထွတ်အမြတ်ထားရာ ဓားတစ်လက်ဖြစ်ပါတယ်၊ ကျုပ်တို့ဟာ ဒီရန်နို့မ်ဓားကို ရရှိထားပေမယ့် သိမ်းဆည်းမထားလိုပါဘူး၊ ထိုက်တန်တဲ့ အရည်အချင်းရှိတဲ့ သိုင်းသမားလက်ထဲကိုသာ အပ်လိုပါတယ်၊ ဒါကြောင့်လည်း အခုပြိုင်ပွဲကို ကျင်းပတာ ဖြစ်ပါတယ်"

သူ၏စကားက အလွန်ပင် လေးစားဖွယ်ကောင်းလှ၏။

ထိုလူက ဆက်၍ ပြောလိုက်ပြန်၏။

"ရန်နို့မ်ဓားကို ရရှိတဲ့လူဟာ သိုင်းပညာ ပြိုင်စံရှားပါပဲ၊ သိုင်းလောကရဲ့ ပထမဓားသမားအဖြစ် သတ်မှတ်ပါတယ်၊ ဒါကြောင့် မိတ်ဆွေတို့ ရန်နို့မ်ဓားကိုကိုင်စွဲပြီး ပထမဓားသမားဘွဲ့ ရရှိအောင် ကြိုးစားကြပါလို့ တိုက်တွန်းပါတယ်"

လက်ခုပ်သံများ ဆူညံသွားပြန်၏။

ပြိုင်ပွဲကြီးကြပ်သူက စကားဆက်လိုက်၏။

"ပထမဆုံးပြိုင်ပွဲ မစတင်မီ ရန်နို့မ်ဓားကို ရောက်ရှိလာတဲ့ ပရိသတ်အပေါင်း မြင်ဘူးတွေ့ဘူးရလေအောင် ပြသဖို့ ဆုံးဖြတ်ထားပါတယ်"

သူ၏စကားအဆုံးတွင် ဖူးအော့နှင့်ဖူးစန် အကြားတွင် ထိုင်နေသောလူကြီးသည် စင်မြင့်ပေါ်သို့ လွှားခနဲ ခုန်တက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်ထဲတွင် ဟောင်းနွမ်းသော ဓားအိမ်နှင့်ဓားတစ်လက် ကိုင်ဆောင်ထား၏။

ချင်ဟူဖေး၏မျက်လုံးများက ထိုဓားပေါ်မှ ခွာမရအောင်ဖြစ်သွား၏။ ရင်များ တဒိတ်ဒိတ်ခုန်လာ၏။

ထိုခရမ်းရောင်ဝတ်စုံနှင့်လူကြီးက ဓားကို လက်နှစ်ဖက်ဖြင့် အပေါ်သို့ မြှောက်ကိုင်လိုက်၏။

ထို့နောက် ... ဓားအိမ်မှ တဖြည်းဖြည်းချင်း ဆွဲထုတ်လိုက်လေသည်။

သူ ရာထောင်ချီ၍ ရှိနေသော်လည်း အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်သွားလေသည်။

အားလုံးသော လူများ၏အကြည့်တို့သည် ဓားပေါ်သို့သာ စုပြုံကျရောက်သွားလေသည်။

ဓားသည် ဓားအိမ်ထဲမှ တဖြည်းဖြည်း ထွက်လာ၏။

မွန်းတည့်နေရောင်အောက်ဝယ် ဓားသည် ဝင်းလက်သွား၏။

လူအများ တအံ့တသြ ရေရွတ်လိုက်သံများ ဝေါခနဲ ထွက်ပေါ်လာ၏။

ထိုစဉ် ...



ခရမ်းရောင်ဝတ်စုံနှင့်လူကြီးက ဓားကို ပြန်ရုပ်သိမ်းကာ စင်မြင့်အောက်သို့ ပေါ့ပါးစွာ ပြန်ဆင်းသွားလေသည်။

ချင်ဟူဖေး ငေးငိုင်နေ၏။ ရန်နှိမ်ဓားသည် မည်သို့ ဖူးစန်ဆရာ၏လက်တွင်း ရောက်ရှိသွားရပါသနည်း။

သူ တွေးမရပါ။ ဓားကား ရန်နှိမ်ဓားအစစ်ဟု ထင်မိ၏။

သူ့ ဓား၏ပုံသဏ္ဌာန်ကို ကောင်းစွာမှတ်မိနေသည် မဟုတ်ပါလော။

ထိုစဉ် ပြိုင်ပွဲကြီးကြပ်သူ၏အသံက ဆူညံနေသော အသံအားလုံးကိုကျော်ကာ ထွက်ပေါ်လာ၏။

"ပြိုင်ပွဲစတင်ကျင်းပပါမယ်၊ ကျုပ်တို့က အိမ်ရှင်အဖြစ် တစ်ယောက်ရွေးထားပါတယ်၊ သူနဲ့ ယှဉ်ပြိုင်လိုသူ ကြွခဲ့ပါလို့ ဖိတ်ခေါ်ပါတယ်"

ကြီးကြပ်သူ၏စကားအဆုံးတွင် ဖူးစန်က စင်မြင့်ပေါ်တက်လာ၏။

"ကျုပ်က အိမ်ရှင်ဘက်က သိုင်းပညာယှဉ်ပြိုင်မယ်၊ ကျုပ်နဲ့ ယှဉ်ပြိုင်ဝံ့တဲ့လူ ထွက်လာခဲ့ပါ"

သူသည် ထိုစကားကို အတွင်းအား အသုံးပြုကာ ပြောလိုက်ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆူညံနေသော ပရိသတ်များအားလုံး ငြိမ်ကျသွား၏။

ချင်ဟူဖေးက စုစုအား တီးတိုးပြောလိုက်၏။

"ညီမ ... အစ်ကိုသွားယှဉ်ပြိုင်မယ်"

"ခဏအခြေအနေကြည့်ပါဦး"

သူမ စကားမဆုံးလိုက်ပါ။

စင်မြင့်ပေါ်သို့ လူတစ်ယောက် ခုန်တက်သွား၏။

"လူယန်က ပိုက်ကျူးကွ"

ပရိသတ်များ အော်ဟစ်အားပေးလိုက်၏။

ဖူးစန့်သည် ပိုက်ကျူးစင်မြင့်ပေါ်ရောက်သည်နှင့် စတင်တိုက်ခိုက်လိုက်၏။

တိုက်ပွဲကား မြန်လွန်းလှသည်။ တစ်ခဏအတွင်း ရှုံးနိမ့်သွား၏။

ပိုက်ကျူးရှုံးနိမ့်သွားပြီးနောက် သိုင်းလောကမှ နာမည်ကျော်သိုင်းသမားငါးဦးခန့် တစ်ဦးပြီးတစ်ဦး တက်၍ ယှဉ်ပြိုင်ကြ၏။

သို့သော် ...

မည်သူမျှ ဖူးစန်အား မယှဉ်နိုင်ခဲ့ပါချေ။

နောက်ထပ်တက်လာမည့်သူလည်း မရှိတော့သဖြင့် ...

"အစ်ကို သွားသင့်ပြီထင်တယ်"



ချင်ဟူဖေးက ပြောလိုက်သည်။

စုစုက ...

"သတိထားပါ အစ်ကို"

သူမ၏စေတနာစကားက ချင်ဟူဖေး၏ရင်ကို နွေးထွေးသွားစေ၏။

"ညီမက အစ်ကို့အတွက် စိုးရိမ်နေသလား"

စုစုက မဆိုင်းမတွပင် ခေါင်းညိတ်လိုက်၏။

ချင်ဟူဖေးသည် စုစု၏လက်ကို ဆုပ်ကိုင်လိုက်ပြီး ...

"အစ်ကို့အတွက် ဆုတောင်းပေးနော်"

သူသည် စကားဆုံးသည်နှင့် စုစု၏လက်ကိုလွှတ်ကာ စင်မြင့်ဘက်သို့ တစ်လှမ်းချင်း လျှောက်သွားလေတော့သည်။

❒

ပရိသတ်အားလုံးသည် စင်မြင့်ဆီသို့ လျှောက်သွားနေသော ချင်ဟူဖေးကို ကြည့်နေကြ၏။

ပြိုင်ပွဲဝင်သိုင်းသမားတိုင်းက စင်မြင့်ပေါ်သို့ ခုန်ပျံကာတက်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခု ချင်ဟူဖေးက တစ်လှမ်းချင်း လျှောက်သွားနေသည့်အတွက် မြင်ကွင်းက ထူးဆန်းသလို ဖြစ်နေ၏။

ချင်ဟူဖေးမှာ စင်မြင့်ပေါ်တက်သည့် လှေကားအတိုင်း တစ်လှမ်းချင်း တတ်သွားပြီးနောက် ပရိသတ်ကို ဂါရဝပြုလိုက်၏။

"ကျုပ်က ရန်နှိမ်ဓားအတွက် ဖူးစန်နဲ့ယှဉ်ပြိုင်ပါ့မယ်"

သူသည် ရုပ်ဖျက်ထားသည်ကို သတိရပြီး အမည်ကို ထုတ်ဖော်မပြောဘဲ ထားလိုက်၏။

ဖူးစန်သည် ချင်ဟူဖေးလာစဉ်ကတည်းက အကဲခတ်နေ၏။

သူ၏စူးရှသောမျက်လုံးများက ချင်ဟူဖေးသည် ရုပ်ဖျက်ထားသူတစ်ဦးဖြစ်ကြောင်း သိလိုက်၏။

သူနှင့်တစ်ခါက ယှဉ်ပြိုင်ခဲ့ဖူးသော လူငယ်ဖြစ်ကြောင်းကိုမူ မသိခဲ့ပါချေ။ အခြားသိုင်းသမားတစ်ယောက်ဟု ထင်မှတ်ခဲ့၏။

ချင်ဟူဖေးသည် တစ်လှမ်းချင်း လျှောက်လာသော်လည်း သိုင်းပညာအဆင့်မြင့်မားသူတစ်ယောက်ဟု ဖူးစန်ရိပ်မိ၏။

ထို့ကြောင့် သူက ...

"ကျုပ်တို့ ပညာအပြည့်အဝ ပြိုင်ကြရင်ကောင်းမယ်"

ဟု လှမ်းပြောလိုက်၏။

ချင်ဟူဖေးမှာ စိတ်လှုပ်ရှားနေ၏။



သူ ယခုအချိန်စကားပြောလျှင် အသံက တုန်သွားနိုင်၏။

ထို့ကြောင့် စကားမပြောဘဲ ခေါင်းညိတ်ပြလိုက်၏။

ဖူးစန်က ယခု ပရိသတ်ထဲတွင် သူခြောက်ပွဲတိတိ အနိုင်ရခဲ့ပြီဖြစ်၏။

ယခုတစ်ပွဲသည် ပညာကုန်ပြကာ အနိုင်ယူပြလိုက်လျှင် မည်သူမျှယှဉ်ပြိုင်ရန် ထွက်လာဝံ့တော့မည် မဟုတ်ဟု တွေးထား၏။

ထို့ကြောင့် ... သူက ပညာကုန်ပြသနိုင်မည့်အစီအစဉ်ကို ပြောလိုက်၏။

"ပထမဆုံး ကျုပ်တို့ လက်နက်ပုန်းပြိုင်ကြမယ်၊ ဒီစင်ပေါ်ကနေ ဟောဟိုးနားမှာရှိတဲ့ ချယ်ရီပင်ကို ဟောဒီ ခဲလုံးလေးသုံးလုံးနဲ့ ချယ်ရီကိုင်းတစ်ကိုင်း ကျိုးပြတ်သွားအောင် ပစ်ရမယ်"

ချင်ဟူဖေးက ခေါင်းညိတ်လိုက်၏။

ဖူးစန်က ခဲလုံးငယ်သုံးလုံးစီ ခွဲဝေပေးလိုက်ပြီး ...

"ကဲ ... ဘယ်သူအရင် စမလဲ"

ဟု မေးလိုက်၏။

ချင်ဟူဖေးက စိတ်တည်ငြိမ်သွားပြီဖြစ်၏။

ထို့ကြောင့် ... လေအေးအေးနှင့်ပင် ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပဲ အရင်စပါ"

ဖူးစန်က ပြုံးလိုက်၏။

"ကောင်းပြီ၊ ခဲလုံးသုံးလုံးကို တစ်ပြိုင်တည်း တစ်ကြိမ်တည်း ပစ်လွှတ်ရမယ်၊ ဟုတ်ပြီလား"

"ကောင်းပါပြီဗျာ၊ ကျုပ် သဘောတူပါတယ်"

ဖူးစန်က အသက်ကို ဝအောင်ရှူလိုက်၏။

စိတ်ကို ထင်းရှူးပင်တွင် ထားရှိလိုက်၏။

ထို့နောက် ... ခဲသုံးလုံးကို ပစ်လွှတ်လိုက်၏။

သူသည် တစ်ကြိမ်တည်းမှာပင် ခဲလုံးသုံးလုံးကို ရှေ့ဆင့်နောက်ဆင့်ဖြစ်အောင် ပစ်လွှတ်လိုက်ခြင်းဖြစ်၏။

ဦးတည်ပစ်မှတ် တစ်ခုစီသို့ဖြစ်၏။

ခဲသုံးလုံးသည် အရှိန်ပြင်းစွာဖြင့် ချယ်ရီပင်ဆီသို့ ပစ်လွှင့်ဝင်ရောက်သွား၏။

'ဖြောင်း'

'ဖြောင်း'

'ဖြောင်း'

ခဲသုံးလုံးသည် ချယ်ရီကိုင်းသုံးကိုင်းကို ကျိုးပြတ်အောင် ပြတ်တောက်ပစ်လိုက်လေသည်။



လက်ခုပ်သံများ ဆူညံသွား၏။

ချင်ဟူဖေးမှာ ဤကဲ့သို့ လက်နက်ပုန်း တစ်ခါမျှ မပစ်ခတ်ခဲ့ဖူးပါ။

သို့သော် ... ဖူးစန် အသုံးပြုပုံကိုကြည့်ရင်း မည်သို့ ပစ်ခတ်ခဲ့သည်ကို နားလည်သွား၏။

အတွင်းအားကောင်းမွန်ပြီး မိမိအတွင်းအားကို အလိုရှိသလို ထိန်းကျောင်းပေးနိုင်ခြင်းသည် အဓိကဖြစ်သည်ကို သူက သဘောပေါက်လိုက်၏။

သူ၏အတွင်းအားသည် သူမတူအောင် မြင့်မားလှကြောင်း သူကောင်းစွာ နားလည်သိရှိထားလေသည်။

ဖူးစန်ပင် ပြုလုပ်နိုင်လျှင် သူက ဖူးစန်ထက် သာလွန်အောင် ပြုလုပ်နိုင်မည်ဟုလည်း ယုံကြည်ထား၏။ ချင်ဟူဖေးက...

"ခဲလုံးသုံးလုံးနဲ့ သစ်ကိုင်းသုံးကိုင်းချိုးတာ ဘာမှမဆန်းကြယ်ပါဘူး"

ဖူးစန်က မဲ့လိုက်ပြီး ...

"ဒါဆို ကျုပ်လိုပဲ ရအောင်ချိုးပြပါဦး"

"ကျုပ်က သစ်ကိုင်းတစ်ကိုင်းတည်းကိုပဲ သုံးပိုင်းပြတ်အောင် ချိုးဖြတ်ပြပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖူးစန် မျက်လုံးပြူးသွား၏။

ချင်ဟူဖေး ပြောသလိုပြုလုပ်ရန်ကား လွန်စွာခက်ခဲ၏။

"ဟွန့် ... တယ်လည်း အကြွားသန်ပါလား၊ ကောင်းတယ် သူပြောသလို မလုပ်နိုင်ရင် သူ အရှက်ကွဲလိမ့်မယ်"

ထိုသို့ တွေးလိုက်မိပြီး ဝမ်းသာသွား၏။

"ကောင်းပြီ ... မင်းပြောသလို သစ်ကိုင်းတစ်ကိုင်းတည်းကိုပဲ သုံးပိုင်းပြတ်အောင် ပစ်ခတ်နိုင်ခဲ့ရင် ဒီပွဲကို ကျုပ်က အရှုံးပေးလိုက်ပါ့မယ်"

ဟု အားလုံးကြားအောင် အော်ပြောလိုက်၏။

ချင့်ဟူဖေးက ခဲလုံးသုံးလုံးကို ကောက်ယူလိုက်၏။

စိတ်ကို တည်ငြိမ်အောင် စုစည်းလိုက်၏။

တစ်ဖန် ... မဟာစွမ်းအား အတွင်းအားများကို လက်သို့ပို့ဆောင်လိုက်ပြီး ချယ်ရီပင်အား ချိန်ရွယ်ကာ ပစ်ခတ်လိုက်၏။

တစ်ကြိမ်တည်း ပစ်လိုက်ခြင်းဖြစ်သော်လည်း အတွင်းအားဖြင့် ခဲသုံးလုံးကို ထိန်းကျောင်းလိုက်ရာ ခဲတစ်လုံးစီ ခွဲထွက်သွား၏။

ပထမဆုံးခဲလုံးသည် ချယ်ရီပင်၏အောက်ဘက်နားရှိ လက်မောင်းလုံးခန့်ရှိသော သစ်ကိုင်းကို ချိုးဖဲ့လိုက်၏။

ထို့နောက် ...



ဒုတိယခဲလုံးက ကျိုးပဲ့သွားသော ချယ်ရီကိုင်းကို ထိမှန်ကာ ထက်ပိုင်းကျိုးသွားစေပြီး အပေါ်သို့ ထောင်တက်သွား၏။

တတိယခဲလုံးက ထိုသစ်ကိုင်းနှစ်ခုကို အချင်းချင်း ထိမှန်စေကာ ထပ်မံ၍ ကျိုးပဲ့သွားစေပြန်၏။

ပြောသည်က သစ်ကိုင်းကို သုံးပိုင်းဖြတ်ပြမည်ဟူ၍ဖြစ်၏။

လက်တွေ့တွင် လေးပိုင်းအထိကျိုးအောင် ဖြတ်တောက်ပစ်ခဲ့လေသည်။

အားလုံး ရင်သပ်ရှုမောဖြစ်သွား၏။ ပရိသတ်များ ငြိမ်ကျသွား၏။ ခဏကြာမှ ဝေါခနဲ ဆူညံသွား၏။

ချင်ဟူဖေးအား ချီးကျူးသံများကလည်း လျှံထွက်သွားလေသည်။ ဖူးစန် မျက်နှာပျက်သွား၏။

သူ၏ပြိုင်ဘက်သည် သူ့ထက်ငယ်သော်လည်း အတွင်းအားနှင့် လက်နက်ပုန်းပစ်ခတ်သောပညာတွင် သူ့ထက်များစွာ သာလွန်နေသည်မှာ ထင်ရှားပေါ်လွင်နေပြီ မဟုတ်ပါလား။

ဖူးစန်မှာ မတတ်သာဘဲ ဝန်ခံလိုက်ရ၏။

"မင်းရဲ့လက်နက်ပုန်းပညာက တကယ်ကောင်းတာပဲ၊ ကျုပ် ဒီတစ်ပွဲ ရှုံးသွားပါပြီ"

ချင်ဟူဖေးက ...

www.burmeseclassic.com

www.burmeseclassic.com



"နောက်ထပ် ဘယ်လိုယှဉ်ပြိုင်ရဦးမလဲ"

ဖူးစန်က တစ်ချက်စဉ်းစားလိုက်ပြီး ...

"ဒီတစ်ကြိမ် ကိုယ်ဖော့ပညာ ပြိုင်ကြမယ်"

"ဘယ်လိုပြိုင်မှာလဲ"

ဖူးစန်က ရေကန်ငယ်အား ညွှန်ပြလိုက်ပြီး ...

"အဲဒီ ရေကန်ကို အလျားလိုက် ကျော်ဖြတ်ရမယ်၊ အကူအညီအဖြစ် ပျဉ်ပြားကိုတစ်ချပ်ပဲ သုံးရမယ်"

"ကောင်းပါပြီ"

ဖူးစန်တို့အဖွဲ့မှ သိုင်းသမားနှစ်ယောက်က တစ်တောင် မရှိတရှိ ပျဉ်ပြားလေးနှစ်ချပ်ကို ရေကန်စပ်တွင် ချပေးလိုက်၏။

ချင်ဟူဖေးနှင့် ဖူးစန်တို့သည် စင်မြင့်ပေါ်မှဆင်းကာ ရေကန်ဆီသို့ လျှောက်သွားလိုက်လေသည်။ ဖူးစန်က ...

"ဒီတစ်ကြိမ်တော့ မင်းရဲ့ အရင်စပါ"

ချင်ဟူဖေးသည် ရေကန်အား ကြည့်လိုက်၏။

ရေကန်ကား သိပ်မကြီးပါ။

ပျဉ်ပြားနှစ်ချပ်ကိုသုံးကာ ဖြတ်သွားရမည်ဖြစ်သည်။

ဤပွဲတွင် ထူးဆန်းစွာ ပညာပြနိုင်မှ ဖြစ်ပေမည်။

သူ မည်သို့ ပညာပြရမည်နည်း။ သူက နည်းလမ်းတစ်ခုကို



စဉ်းစားမိ၏။ အတော်ပင် ခဲယဉ်းမည်မှာ သေချာ၏။

သူ ပိုင်ပိုင်နိုင်နိုင် ပြသနိုင်မှဖြစ်မည်။

ချင်ဟူဖေးက ပျဉ်ပြားနှစ်ခုကို တစ်ခုပြီးတစ်ခု ရေကန်ထဲသို့ ချလိုက်၏။

ပျဉ်ပြားတစ်ချပ်ပေါ်နင်း၍ နောက်တစ်လှမ်း လှမ်းလိုက်၏။ သူသည် ရေကန်ထဲတွင် တစ်လှမ်းချင်း လျှောက်သွားခြင်း ဖြစ်သည်။

ပျဉ်ပြားတို့သည် သူ၏ခြေထောက်အောက်သို့ တစ်ခုပြီး တစ်ခု အလိုက်သင့် ရောက်ရှိလာသလို ရှိ၏။

ထို့ကြောင့် ... ကြည့်ရသည်မှာ ပျဉ်ပြားတံတားပေါ်တွင် ချင်ဟူဖေးက တစ်လှမ်းခြင်း လျှောက်သွားနေသည့်နှယ် ဖြစ်၏။

စင်စစ် ထိုနည်းလမ်းကား အလွန်ပင် ခဲယှဉ်လှ၏။

ကိုယ်ဖော့ပညာ ကောင်းရုံလိုသလို အတွင်းအားလည်း အထွတ်အထိပ်သို့ရောက်မှ ဖြစ်ပေမည်။

ခြေနင်းပြီး ပြန်အကြွတွင် ထိုပျဉ်ပြားက ရှေ့ခြေလှမ်းအောက်သို့ အလိုက်သင့်ရွေ့ကာ ရောက်လာအောင် အတွင်းအားကို အသုံးပြုပြီး ထိန်းကျောင်းရမည်ဖြစ်၏။

ဤကိစ္စမှာ အမာနှင့်အပျော့ နှစ်မျိုးတွဲနေ၏။ ပေါ့ပါးမှုနှင့်

www.burmeseclassic.com

www.burmeseclassic.com



မာကျောမှုတို့လည်း ယှဉ်တွဲနေ၏။

ဆန့်ကျင်ဘက်နှစ်ခုကို အချိုးညီစွာ ပေါင်းစပ်ပြီးမှသာ ဤသို့ ပြုလုပ်နိုင်မည်ဖြစ်သည်။

ဖူးစန်သည် ချင်ဟူဖေးအား မျက်လုံးပြူးကာ ကြည့်နေ၏။

ထိုစဉ် ... ချင်ဟူဖေးသည် ရေကန်တစ်ဖက်သို့ ရောက်သွားကြပြီဖြစ်၏။

ပရိသတ်များကို ဩဘာသံက ဆူညံသွား၏။

ဖူးစန်က သက်ပြင်းချလိုက်၏။

သူက ကန်ရေပြင်တွင် ပျဉ်ပြားတစ်ချပ်ကို လျှပ်တိုက်ပစ်ပြီး ထိုအပေါ်မှ လိုက်ပါဖြတ်ကူးရန် ကြံရွယ်ထား၏။

ပျဉ်ပြားနှစ်ချပ်ထားပေးခြင်းမှာ သူ၏လျှို့ဝှက်သော အကြံဖြစ်၏။

ချင်ဟူဖေးက ပျဉ်ပြားနှစ်ချပ် ပေးထား၍ နှစ်ချပ်စလုံး အသုံးပြုပြီး ကူးပါက သူက တစ်ချက်တည်း အသုံးပြုကူးပြခြင်းဖြင့် လွယ်လင့်တကူ အနိုင်ရမည်ဟု တွက်ဆကာ ထိုပြိုင်ပွဲကို ပြုလုပ်ခြင်းဖြစ်၏။ ယခု ချင်ဟူဖေးက ပညာပြသွား၏။

ချင်ဟူဖေးကဲ့သို့ သူလုပ်နိုင်လျှင်လုပ်၊ မလုပ်နိုင်လျှင် သူ ရှုံးနိမ့်ရပေမည်။ သာလွန်အောင်ကား တွေးလို့ပင် မရပါ။



ချင်ဟူဖေးကဲ့သို့ ဖြတ်ပြရန် သူ ကြံစည်ကြည့်၏။ မလွယ်ပါ။ သူ သွားနိုင်မည် မဟုတ်ပါ။

လမ်းတစ်ဝက်မှ မှားယွင်းလျှင် ရေထဲနစ်မြုပ်ကာ မဟာအရှက်ကွဲရမည်။ ဖူးစန် သက်ပြင်းချလိုက်ပြီး ...

"ဒီတစ်ပွဲ ကျုပ်မယှဉ်တော့ပါဘူး၊ ကျုပ်ရှုံးပါတယ်"

ဟု အောင့်သက်သက်နှင့် ဝန်ခံလိုက်ရလေသည်။

❐

ယှဉ်ပြိုင်မှုနှစ်ခု ပြီးဆုံးသွားပြီဖြစ်၏။

နှစ်ပွဲစလုံးပင် ဖူးစန်က အရေးနိမ့်ခဲ့၏။

ထို့ကြောင့် ... တတိယယှဉ်ပြိုင်ပွဲတွင် သူသေချာပေါက် အနိုင်ရမည့်ယှဉ် ပြိုင်မှုကို ရွေးချယ်ရန် လိုအပ်လာ၏။

လက်နက်ပုန်းပညာ၊ ကိုယ်ဖော့ပညာတို့တွင် ချင်ဟူဖေးက သာလွန်ခဲ့သဖြင့် ယှဉ်ပြိုင်တိုက်ခိုက်မည်ဆိုလျှင်လည်း သူ့ထက် သာလွန်ခြင်းမရှိဟု မပြောနိုင်ပါ။

အသေချာဆုံး အရာတစ်ခုသာ ရှိ၏။

အတွင်းအား ယှဉ်ပြိုင်မှုပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်ဟူဖေးသည် ရုပ်ဖျက်ထားသောကြောင့် အသက်သုံးဆယ့်ငါးနှစ်ခန့်ဟု ထင်ရ၏။

ထိုအသက်အရွယ်ပိုင်း ထားဦးတော့။ အတွင်းအားက သူ့ထက် နိမ့်ကျရပေမည်။

ဖူးစန်ကား အသက်ခြောက်ဆယ်ခန့်ရှိပြီဖြစ်၏။

ချင်ဟူဖေးထက် အတွင်းအားအရာတွင် တစ်ဆခန့်သာရမည်ဟု အပိုင်တွက်ဆလိုက်၏။

ဖူးစန်က စကားစလိုက်၏။

"အင်း … ပညာစွမ်းအား ပြတာလေးတွေ ပြီးသွားတဲ့နောက်မှာ ကျုပ်တို့ တစ်ဦးနဲ့တစ်ဦး ယှဉ်ပြိုင်စမ်းသပ်ကြည့်ဖို့ လိုအပ်လာပြီထင်တယ်၊ လက်တွေ့ယှဉ်ပြိုင်မှုပြုကြရင်ကောင်းမယ်"

ချင်ဟူဖေးက တစ်ကြိမ်မျှ မငြင်းပါ။

"ခင်ဗျား ဘယ်လိုဆန္ဒရှိသလဲ ပြောပါ"

ဖူးစန်က …

"ကျုပ်တို့ အတွင်းအားချင်း ယှဉ်ပြိုင်ကြတာပေါ့"

ချင်ဟူဖေးက သဘောကျစွာ ပြုံးလိုက်၏။

ဖူးစန်က အပိုင်တွက်ကာ အတွင်းအား ယှဉ်ပြိုင်မည်ဟု ဆိုလာခြင်းကို ရိပ်စားမိလိုက်၏။



သို့သော် … သူက လူနံ့လူအ တစ်ယောက်အလားပင် သဘောတူလိုက်၏။

တူရပေမည်ပေါ့။

သူ့တွင် မဟာစွမ်းအား အတွင်းအားပညာက ရှိနေခဲ့ပြီမဟုတ်ပါလော။

"ကောင်းပါပြီဗျာ"

နှစ်ယောက်စလုံး စင်မြင့်ပေါ်သို့ ပြန်တက်သွားကြ၏။

ပရိသတ်အားလုံး ငြိမ်ကျသွား၏။

တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်ရာတွင် အတွင်းအားချင်း ယှဉ်ပြိုင်ခြင်းသည် အလွန်ပင် အန္တရာယ်ကြီးလှ၏။

စိတ်အာရုံများ မပျံ့လွင့်ဖို့လည်း လိုအပ်သည်။

ထို့ကြောင့် … ပရိသတ်များက နားလည်စွာဖြင့် ငြိမ်သက်သွားကြခြင်း ဖြစ်သည်။

စင်မြင့်ပေါ်ရောက်သောအခါ ချင်ဟူဖေးနှင့် ဖူးစန်တို့သည် တစ်ယောက်နှင့်တစ်ယောက် လက်တစ်ကမ်းအကွာတွင် ရပ်လိုက်ကြ၏။ နှစ်ယောက်စလုံး မည်သည့်စကားမျှ မပြောပါ။

စိတ်အာရုံ တည်ငြိမ်အောင် ထိန်းလိုက်ပြီး အတွင်းအားများကို အပြည့်အဝ စုစည်းလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ... နှစ်ယောက်စလုံး ညာလက်ဝါးများ ပြိုင်တူ ရှေ့သို့ ဆန့်ထုတ်လိုက်ကြ၏။

လက်ဝါးနှစ်ဖက် ပူးကပ်သွားလေသည်။

လက်ဝါးနှစ်ဖက် ပူးကပ်သွားသည်နှင့် တစ်ဦး၏အတွင်းအားက တစ်ဦးအပေါ် ဖိလာကြလေသည်။

ဖူးစန်ကား ခေသူတစ်ယောက် မဟုတ်ပါ။

သူသည် သိုင်းလောကတွင် ကျင်လည်ခဲ့သည်မှာ ကြာပြီဖြစ်သလို အတွင်းအားမှာလည်း မြင့်မားသူတစ်ယောက်ဖြစ်၏။

ချင်ဟူဖေးမှာလည်း လေ့ကျင့်မှု မပြုခဲ့ရဘဲ မားကျိုတောက်ထံမှ မဟာစွမ်းအား အတွင်းအားကို ရရှိခဲ့သူဖြစ်သည်။

နှစ်ယောက်စလုံး၏မျက်နှာများ လေးနက်တည်ကြည်လာ၏။ ခန္ဓာကိုယ်တို့သည် ကျောက်ဆစ်ရုပ်များကဲ့သို့ မလှုပ်မယှက်နှင့် မားမားရပ်နေကြ၏။

နှစ်ယောက်စလုံး ပိုင်ဆိုင်ထားသော အတွင်းအားများကို ထုတ်ကာ အသုံးပြုနေကြလေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာ၏။

အတွင်းအားမြင့်မားသူနှစ်ဦး ရင်ဆိုင်ယှဉ်ပြိုင်ကြလျှင် အရှုံးအနိုင်က ချက်ချင်းပေါ်လာမည်မဟုတ်ပါ။



တဖြည်းဖြည်းချင်းသာ ပေါ်လာမည်ပင် ဖြစ်၏။

ယခုလည်း နာရီဝက်ကျော်လာတော့မှ အခြေအနေက ပြောင်းလဲစပြုလာ၏။

ဖူးစန်၏မျက်နှာပေါ်တွင် ချွေးသီးချွေးပေါက်များ ကျလာ၏။ ချင်ဟူဖေးကား တည်ငြိမ်ဆဲပင် ဖြစ်၏။

ဖူးစန် ရင်ထိတ်လာ၏။

ဤအတိုင်းဆိုလျှင် ချင်ဟူဖေးသည် မကြာမီ သူ့အား ကောင်းစွာအနိုင်ယူသွားတော့မည် ဖြစ်သည်။

သူ ဤတစ်ပွဲတွင် အရှုံးမခံနိုင်ပါ။

ရှုံးသူသည် ထိခိုက်မှုပြင်းစွာရရှိမည်မှာ မလွဲကေန်ပင်။

သူ ဉာဏ်ကူရတော့ပေမည်။ ဖူးစန်က ဉာဏ်နီဉာဏ်နက် ထုတ်လိုက်၏။

သူသည် ရုတ်တရက် ပါးစပ်မှလေကို ပြင်းစွာမှုတ်ထုတ်လိုက်၏။ လေလှိုင်းကို ချင်ဟူဖေးနှာခေါင်းဝသို့ ဦးတည်ကာ မှုတ်ထုတ်လိုက်ခြင်း ဖြစ်ပေသည်။

ထိုလေလှိုင်းသည် ချင်ဟူဖေး၏နှာခေါင်းတွင်းသို့ တည့်မတ်စွာပင် တိုးဝင်သွားလေသည်။

နှာခေါင်းဝတွင် ယားကျိကျိ ဖြစ်လာပြီး နှာချေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ... စုစည်းထားသော အတွင်းအားများ လျော့ကျသွားလေသည်။

ထိုအခွင့်အရေးကို စောင့်နေသော ဖူးစန်က ချက်ချင်းပင် အားကုန်သုံးကာ ချင်ဟူဖေးအား အတွင်းအားဖြင့် ဖိလိုက်၏။

ချင်ဟူဖေး ရင်ထိတ်သွား၏။

သူသည် မနည်းပင် အတွင်းအားစုစည်းကာ ပြန်၍ခုခံရ၏။

သူသည် မဟာစွမ်းအား အတွင်းအားတို့ကို ပြန်လည်ထုတ်ဖော်လိုက်သည့်အခါ ...

ဖူးစန်၏အတွင်းအားကို ချေဖျက်ပြီး ပြန်လည်ဖိလာနိုင်ခဲ့၏။ ဖူးစန်မှာ ညာဏ်ဆင်ရပြန်သည်။

သူသည် ချင်ဟူဖေးအား လေနှင့်မှုတ်ထုတ်လိုက်ပြန်၏။

ဤတစ်ကြိမ်တွင် ချင်ဟူဖေးကား သတိရှိနေခဲ့ပြီဖြစ်၏။

သူသည် ဖူးစန် လေနှင့်မှုတ်ထုတ်သောအချိန်မှာပင် အတွင်းအားကို အပြည့်အဝထုတ်၍ အသုံးပြုလိုက်၏။

ဖူးစန်မှာ လေနှင့်မှုတ်ထုတ်ခြင်းအပြုတွင် အတွင်းအားက အနည်းငယ် လျော့ကျသွားလေသည်။

ထိုအခိုက် ... ချင်ဟူဖေး၏လက်ဝါးမှ ကြီးမားသော ဖိအားတစ်ခုက သူ့အား ဖိစီးသွားပြီး ...



'ဝုန်း'

ဖူးစန်မှာ နောက်သို့ လွင့်စဉ်ထွက်သွားလေသည်။

တိုက်ပွဲအဖြေကား ရှင်းသွားပြီဖြစ်ပါသည်

ပရိသတ်ဩဘာသံများကား ဆူညံသွားလေတော့သည်။

❒

ဖူးစန် ရှုံးသွားပြီဖြစ်၏။ ဖူးစန်အား ထမ်း၍ထုတ်သွားရ၏။

သို့သော် ... ဖူးစန်၏ဆရာမှာ ပို၍ပြုံးလာ၏။

သူ့ဘက်ကလူ ရှုံးသည်ကို ဒေါသမဖြစ်ဘဲ ဝမ်းသာနေဟန်ရှိ၏။

"ဒီလူရွယ်ရဲ့ သိုင်းပညာ အတော်ကောင်းပါလား၊ ဖူးစန်ကို အနိုင်ယူနိုင်တာ မဆိုးဘူး၊ အင်း ... ဖူးစန် ရှုံးသွားတာ ပိုကောင်းတယ်၊ ငါ့အစီအစဉ်တွေ ပိုပြီးအဆင်ပြေသွားပြီ၊ ဒါမှ ငါ့ပရိယာယ်ထဲ ဝင်လာမှာ၊ ကောင်းတယ်"

ထိုအချိန်တွင် မြင်းလှည်းတစ်စီးအတွင်း၌ သားရေမျက်နှာဖုံးတပ်ဆင်ထားသော လူငယ်တစ်ဦး ရှိနေပြီး ထိုလူငယ်သည် သိုင်းပြိုင်ပွဲကို အစမှအဆုံးတိုင် စိတ်ဝင်စားစွာ ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူငယ် မြင်းလှည်းတွင်း၌ ရှိနေသည်ကို မည်သူတစ်ဦး တစ်ယောက်မျှ သတိမပြုမိကြပါချေ။

❒

ပြိုင်ပွဲကား ပြီးဆုံးသွားပြီဖြစ်၏။

ပြိုင်ပွဲကြီးကြပ်သူက ရန်နီမိဓားကို ချင်ဟူဖေးအား ပေးအပ်လိုက်၏။

ပရိသတ်များက လက်ခုပ်သြဘာပေးလိုက်ကြ၏။

"အစ်ကို"

ချင်ဟူဖေးက စင်မြင့်အောက်သို့ ခုန်ဆင်းကာ သူ့ထံ ပြေးလာသော စုစုအား ပွေ့ဖက်လိုက်၏။

ထိုစဉ် ... ပရိသတ်များက ချင်ဟူဖေးအား ဝိုင်း၍ နှုတ်ဆက်လိုက်ကြ၏။

စုစုက ချင်ဟူဖေးလက်ထဲမှ ရန်နီမိဓားကို ယူထားလိုက်၏။

ချင်ဟူဖေးက ယခုမှ လက်နှစ်ဖက်ဆုပ်ကာ အားလုံးကို လေးလေးစားစား ပြန်၍နှုတ်ဆက်နိုင်ခဲ့လေသည်။

ထိုစဉ် ... စင်မြင့်ပေါ်မှ စကားသံ ထွက်ပေါ်လာ၏။



"ရန်နီမိဓားရှင်နဲ့ ကျုပ် ယှဉ်ပြိုင်ချင်ပါတယ်"

စကားသံများ တိတ်သွား၏။

ချင်ဟူဖေးလည်း စင်မြင့်ပေါ်သို့ လှမ်းကြည့်လိုက်၏။

စင်မြင့်ပေါ်တွင် သားရေမျက်နှာဖုံးတပ်ထားသော လူရွယ်တစ်ဦး ရောက်ရှိနေသည်ကို တွေ့လိုက်ရ၏။

ချင်ဟူဖေးက ...

"မိတ်ဆွေက ရန်နီမိဓားအတွက် ယှဉ်ပြိုင်မလို့လား"

"မဟုတ်ဘူး၊ ကျုပ်က ရန်နီမိဓားရှင်နဲ့သာ ယှဉ်ပြိုင်ကြည့်ချင်တာပါ"

သူ့စကားက ရှင်းလင်းပြတ်သား၏။

ရန်နီမိဓားအား ကိုင်စွဲ၍ သူနှင့်ယှဉ်ပြိုင်ရန် စိန်ခေါ်လိုက်ခြင်း ဖြစ်၏။

ရန်နီမိဓားအား လုံးဝမမှုဟူသောသဘောလည်း သက်ရောက်၏။

ပြိုင်ပွဲကြီးကြပ်သူက ဝင်ပြောလိုက်၏။

"ဒါဟာ ကျုပ်တို့ကျင်းပတဲ့ပွဲနဲ့ မပတ်သက်တော့ပါဘူး၊ ဒါကြောင့် ကာယကံရှင်များ သဘောအတိုင်းပါပဲ"

မျက်နှာဖုံးနှင့်သိုင်းသမားက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကတော့ စိန်ခေါ်ရတယ်၊ ရန်နှိမ်တားရှင်က ဘာကြောင့် လက်မခံရဲရမှာလဲ၊ လက်မခံဝံ့ရင် သူဟာ ပထမတားသမားဆိုတဲ့ဘွဲ့ကို မယူထိုက်ပါဘူး"

အံဖြေကား ရှင်းလာ၏။

မျက်နှာဖုံးနှင့်သိုင်းသမားသည် ပထမတားဘွဲ့အတွက် စိန်ခေါ်လာခြင်းပင် ဖြစ်ပါတော့သည်။ ချင်ဟူဖေးက သက်ပြင်းချလိုက်၏။ စိန်ခေါ်မှုကို သူ လက်မခံ၍မရတော့ပါ။

"ကောင်းပြီ ... ကျုပ် လက်ခံတယ်"

❐

ခရမ်းရောင်ဝတ်စုံနှင့်လူကား သဘောကျစွာ ပြုံးနေ၏။

ထိုလူကား အခြားသူမဟုတ်ပါ။

အမျိုးသားသဏ္ဍာဖောက် စွမ်းထိုင်ပင် ဖြစ်ပါသည်။

စွမ်းထိုင်သည် ရန်နှိမ်တားကို မရရအောင် ရှာဖွေခဲ့သော်လည်း မည်သို့မျှ ရှာမတွေ့ခဲ့ပါ။

သူသည် ရန်နှိမ်တားကို မြင်ဖူးခဲ့သူဖြစ်သည့်အလျောက် ရန်နှိမ်တားအသွင်အတိုင်း တားတစ်လက်ပြုလုပ်ခဲ့၏။



ထို့နောက် ...

သူ၏လူများကို နယ်အနှံ့ဖြန့်ကာ သိုင်းပြိုင်ပွဲ ကျင်းပမည့်သတင်းနှင့် ဆုကြေးအဖြစ် ရန်နှိမ်တား ပေးအပ်မည့် သတင်းကို ဖြန့်ခိုင်း၏။

ရန်နှိမ်တားရရှိသူအား သိုင်းသမားအားလုံးက ပထမတားဟု တညီတညွတ်တည်း လက်ခံကြမည်ကို သူ သိထား၏။

သူက ပြိုင်ပွဲပြု၍ အနိုင်ရသူအား ရန်နှိမ်တားအတုကို ချီးမြှင့်မည်။

ပြီးလျှင် သူ၏တပည့်က ထိုလူအား စိန်ခေါ်တိုက်ခိုက်မည်။

သူ၏တပည့်ဆိုသည်ကိုလည်း မည်သူမျှ မရိပ်မိအောင် ဝှက်ထား၏။

သူ့တပည့်က ရန်နှိမ်တားရှင်ကို အလွယ်တကူ အနိုင်ရအောင်လည်း စီမံထား၏။

ထိုစီမံချက်မှာ အခြားမဟုတ်ပါ။

ရန်နှိမ်တားအတုတွင် အဆိပ်များ သုတ်လိမ်းထားခြင်း ဖြစ်၏။ သူ့တပည့်ဆိုသူကား တခြားသူမဟုတ်ပါ။

ရဲမာန်သိုင်းအဖွဲ့ဝင်ဖြစ်သော ချိုထင်းပင် ဖြစ်၏။

ချိုထင်းမှာ ရန်နှိမ်တားရှင်ကို အနိုင်ရမည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ သူက ချိုထင်းအား စိန်ခေါ်ကာ ရှင်းလင်းပစ်မည်။ သိုင်းသမားအားလုံး သိရှိချိန်တွင် သူသည် ရန်နှိမ်ဓားရှင် ဖြစ်ချေပြီ။

အားလုံးသောသိုင်းသမားများသည် သူ့အား ပထမဓားဘွဲ့နှင့် ရန်နှိမ်ဓားရှင်ဘွဲ့ကို မပေး၍မရတော့ပါ။

အသိအမှတ်ပြုခြင်း ခံရမည်သာဖြစ်၏။ သူ့အကြံကား ပိုင်လှ၏။

ရန်နှိမ်ဓားအတုကို အသုံးပြုကာ လှည့်စားလိုက်ခြင်း ဖြစ်၏။ ယခု သူ့အစီအစဉ်အတိုင်း ကွက်တိဖြစ်လာခဲ့၏။

ချိုထင်းသည် သိုင်းလောကသားတစ်ဦးအသွင်ဖြင့် စိန်ခေါ်လာပြီဖြစ်၏။

သူသည် ချိုထင်းအား နှမြောစွာကြည့်လိုက်၏။

ချိုထင်းသည် ဉာဏ်ကောင်း၏။ ထက်မြက်၏။

အယုံလွယ်၏။ သူသည် ချိုထင်းအား ရှင်းပစ်ရမည်သာဖြစ်၏။ ရဲမာန်အဖွဲ့ဝင်တိုင်း သူ့ရန်သူဖြစ်နေသည် မဟုတ်ပါလော။

❒



စင်မြင့်ပေါ်တွင် ချိုထင်းနှင့်ချင်ဟူဖေးတို့ မျက်နှာချင်းဆိုင်ကာ ရပ်တန့်လိုက်ကြ၏။

ချိုထင်းကလည်း မျက်နှာကို ဖုံးကွယ်ထားသလို ချင်ဟူဖေးကလည်း ရုပ်ဖျက်ထားလေသည်။

ထို့ကြောင့် ... တစ်ဦးကိုတစ်ဦး မမှတ်မိကြပါ။

သူတို့သည် ပညာသင်ဘက်များဖြစ်ပြီး ယခုလိုတိုက်ခိုက်ရတော့မည်မှာ ရင်နာစရာကောင်းလှ၏။ ချိုထင်းက ...

"ဓားထုတ်ပါ"

ချင်ဟူဖေးက ဘာမှမပြောဘဲ ဓားကိုဆွဲထုတ်လိုက်၏။

ဓား သူ့လက်ထဲရောက်လာသည်နှင့် ချင်ဟူဖေး၏စိတ်ဓာတ်များ တက်ကြွလာလေသည်။

"ကဲ ... တိုက်ခိုက်နိုင်ပြီ"

ချိုထင်းက ရှတ်ခြည်းပင် ကျောပေါ်မှ ဓားနှစ်လက်ကို ဆွဲထုတ်ကာ ချင်ဟူဖေးအား တိုက်ခိုက်လိုက်၏။

သူ၏ဓားချက်များက လျှင်မြန်လှ၏။

သူသည် စွမ်းထိုင်ထံမှ အဆင့်မြင့်ဓားကွက်များ သင်ကြားတတ်မြောက်ထားခဲ့ပြီး ဖြစ်၏။

ချင်ဟူဖေးကလည်း ရန်နှိမ်ဓားကို ဝှေ့ယမ်းခုခံလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး၏ဓားချက်က မုန်တိုင်းသဖွယ် ပြင်းထန်သလို တစ်ဦး၏ဓားကွက်ကလည်း ကျောက်တောင်သဖွယ် တည်ငြိမ်ခိုင်ခံ့လှ၏။

ချိုထင်း၏မုန်တိုင်းဆန်သော ဓားကွက်သည် ကျောက်ဆောင်နှင့်တူသော ချင်ဟူဖေး၏ဓားကွက်အား မထိုးမဖောက်နိုင်ပါ။

သိုင်းကွက်နှစ်ဆယ်ခန့် ယှဉ်ပြိုင်မိခဲ့ကြ၏။

ချင်ဟူဖေး မျက်မှောင်ကုတ်သွား၏။

မျက်နှာဖုံးရှင်၏ဓားကွက်များက ရဲမာန်ဓားကွက်များနှင့် တူလှ၏။

ထိုစဉ် ... ချိုထင်းသည် ချင်ဟူဖေးအား အလွယ်တကူ အနိုင်မရနိုင်မှန်းသိသဖြင့် ကျောင်းဆင်းပွဲတွင် အသုံးပြုခဲ့သော ဓားကွက်ကို အသုံးပြုကာ တိုက်ခိုက်လိုက်၏။

ချင်ဟူဖေး ထိတ်လန့်သွား၏။

ထိုဓားကွက်ကို သူကောင်းစွာ သိသလို အသုံးပြုသူကိုလည်း ချက်ချင်း အမှတ်ရလိုက်၏။

"အစ်ကိုချိုထင်း"

ချင်ဟူဖေးမှာ ရှောင်ရန်မလွယ်သဖြင့် ဓားနှင့်သာ ခံပေးလိုက်ရ၏။

'ခြွမ်း'



'ခြွမ်း'

မမျှော်လင့်ဘဲ ချိုထင်း၏ဓားနှစ်လက်သည် ချင်ဟူဖေးဓားနှင့် ထိတွေ့ပြီး ကျိုးပြတ်သွား၏။

ချိုထင်းမှာ ဓားကျိုးကိုကိုင်ကာ ငိုင်သွား၏။

သူသည် ချင်ဟူဖေး၏အသံကို ကောင်းစွာမှတ်မိလိုက်၏။

"ချင်ဟူဖေး"

ချင်ဟူဖေးက ရုပ်ဖျက်ထားသည်များ ခွာချလိုက်ပြီး ...

"ဟုတ်တယ်၊ အစ်ကိုက ချိုထင်းပဲ မဟုတ်လား"

ချိုထင်းက ခေါင်းညိတ်ပြီး မျက်နှာဖုံးကို ခွာချလိုက်၏။

သူ ဘာဆက်လုပ်ရမှန်း မသိတော့ပါ။

သူ့ဆရာ၏အမိန့်မှာ ရန်နှိမ်ဓားရှင်အား သုတ်သင်ပြီး ရန်နှိမ်ဓားကို ရအောင်ယူရန်ပင် ဖြစ်သည်။

သို့မှသာ ... သူက ဆရာထံမှ နောက်ထပ်အဆင့်မြင့်ဓားပညာတို့ သင်ကြားခွင့် ရရှိမည်ဖြစ်သည်။

ယခုမူ ယှဉ်ရမည့်သူက ညီအရင်းလို ချစ်ခင်ရသော ချင်ဟူဖေး ဖြစ်နေလေတော့သည်။

❒



www.burmeseclassic.com

www.burmeseclassic.com



စွမ်းထိုင်သည် တိုက်ပွဲကိုကြည့်နေသည်။

ချင်ဟူဖေး မကြာမီ အဆိပ်မိတော့မည်ဟု ယုံကြည်၏။

သို့သော် ... ချင်ဟူဖေးမှာ အဆိပ်မိသည့်လက္ခဏာ မတွေ့ရပါ။

ထို့အပြင် ... ချင်ဟူဖေးက ရန်နှိမ်ဓားအတုဖြင့် ချိုထင်း၏ ဓားနှစ်လက်စလုံးကိုပင် ဖြတ်တောက်ပစ်လိုက်၏။

စွမ်းထိုင် အံ့အားသင့်သွား၏။

ချင်ဟူဖေး ကိုင်ထားသည်မှာ ရန်နှိမ်ဓားအစစ်ပင်လောဟုပင် ဇဝေဇဝါဖြစ်သွား၏။

တကယ်လည်း ချင်ဟူဖေး ကိုင်ထားသည်က ရန်နှိမ်ဓား အစစ်ဖြစ်သည်။

စင်မြင့်အောက်၌ အများ၏ချီးကျူးမှု၊ နှုတ်ဆက်မှုကို ခံယူနေစဉ် စုစုက သူမထံတွင် ရှိနေသော ရန်နှိမ်ဓားအစစ်နှင့် လဲလှယ်ကာ ချင်ဟူဖေးကို ပြန်ပေးလိုက်ခြင်းဖြစ်၏။

စုစုအတွက်လည်း ရန်နှိမ်ဓား ပြန်ပေးရန် အခွင့်ကောင်း ရသွားခဲ့ခြင်း ဖြစ်ပေသည်။

စွမ်းထိုင် ဒေါသထွက်သွား၏။



ချိုထင်း ... သူ့တပည့် ချိုထင်းသည် ရန်နှိမ်ဓားရှင်နှင့် သိက္ခမ်းနေ၏။

ဆက်၍လည်း တိုက်ခိုက်မည့်ပုံ မရတော့ပါ။

စွမ်းထိုင်က စင်မြင့်ပေါ်သို့ လွှားခနဲ ခုန်တက်လာ၏။

ချင်ဟူဖေး ရင်ထိတ်သွား၏။

"ခင်ဗျား ဘယ်သူလဲ"

စွမ်းထိုင်က ...

"ငါဟာ ပထမဓားဘွဲ့ခံမယ့် စွမ်းထိုင်ပဲ၊ မင်းကို ငါ့တပည့်က အနိုင်ရယူနိုင်တော့ ငါကပဲ အနိုင်ယူရမှာပေါ့"

ချင်ဟူဖေးက ...

"ခင်ဗျားလို အမျိုးသားသစ္စာဖောက်၊ ရဲမာန်အဖွဲ့ရဲ့သစ္စာဖောက်က ရန်နှိမ်ဓားရှင် မဖြစ်ပါဘူး၊ ပထမဘွဲ့လည်း မရပါဘူး၊ ခင်ဗျားကို ကျုပ်က ရဲမာန်အဖွဲ့ကိုယ်စား အပြစ်ပေးဆုံးမရမယ်"

ချိုထင်း အံ့ဩသွား၏။

"ညီလေး ... သူဟာ ကျုပ်တို့ရဲမာန်အဖွဲ့က ပြောပြောနေတဲ့ သစ္စာဖောက်ဟုတ်လား"

"သိပ်ဟုတ်တာပေါ့၊ သိုင်းပညာအားကိုးနဲ့ ထင်ရာစိုင်းနေတဲ့လူ၊ သူ့ကို ဆုံးမဖို့ အချိန်ရောက်လာပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ချိုထင်း ရှက်သွား၏။

သူသည် သစ္စာဖောက်ကို ဆရာထင်မိသည် မဟုတ်ပါလော။

ချိုထင်း စင်မြင့်ပေါ်မှခုန်၍ ထွက်ပြေးသွားလေသည်။

စွမ်းထိုင်က ...

"မင်းလို မလောက်လေး မလောက်စားကောင်လေးက ငါ့ကို ဆုံးမမယ်တဲ့၊ ဟား ... ဟား ... ဟား ရယ်စရာကောင်းလိုက်တာ၊ မင်းတို့ဆရာတွေတောင်မှ ငါ့ကို မယှဉ်နိုင်ပါဘူး"

ချင်ဟူဖေး အံကြိတ်လိုက်၏။

သူ၏အဓိကတာဝန်နှစ်ရပ်အနက် စွမ်းထိုင်အား သုတ်သင်ရန်မှာ အဓိကတာဝန်တစ်ရပ်ဖြစ်သည် မဟုတ်ပါလော။

သူ၏သွေးတို့ ဆူပွက်လာ၏။

"စိတ်ချ၊ ကျုပ်နာမည် ချင်ဟူဖေး၊ ရဲမာန်အဖွဲ့ဝင် ခင်ဗျားကို သုတ်သင်မယ့်လူပဲ၊ စွဲစွဲမြဲမြဲမှတ်ထားလိုက်"

စွမ်းထိုင် မျက်လုံးများ တောက်ပသွား၏။

"လက်စသတ်တော့ မင်းကိုး၊ မင်းက ရန်နှိမ်ဓားရသွားတဲ့လူပဲ၊ ကောင်းတယ် ... မင်းဆီက ဓားကို ကျုပ်က ရအောင်ယူရတာပေါ့"



သူသည် စကားဆုံးသည်နှင့် ဓားကို ဆွဲထုတ်ကာ တိုက်ခိုက်လိုက်လေတော့သည်။

❒

တိုက်ပွဲကား ကြည့်ကောင်းလှ၏။

ပရိသတ်အားလုံး ငြိမ်နေ၏။

တိုက်ပွဲကို ရင်တမမနှင့် ကြည့်နေကြ၏။

စုစုမှာလည်း တိုက်ပွဲကိုကြည့်ကာ ရင်ဖိုနေ၏။

စွမ်းထိုင်၏ကြောက်ခမန်းလိလိ ဓားချက်များကြောင့် ချင်ဟူဖေး ရှုံးနိမ့်သွားမည်ကို ပူပင်နေ၏။

ဤတိုက်ပွဲ၏အရှိန်မှာ မြင့်မားလှ၏။

တစ်ကွက်မှားလျှင် ရှုံးမည်။

ရှုံးသူသည် အသက်ပေးရမည်မှာ သေချာ၏။

ချင်ဟူဖေးလည်း ရင်ထိတ်နေ၏။

သူသည် ရဲမာန်ဓားကွက်များ အသုံးမပြုနိုင်ပါ။

အကြောင်းမှာ စွမ်းထိုင်က ထိုဓားကွက်များကို သူ့ထက်ပင် ပို၍ ကျွမ်းကျင်ပြီး အဆင့်မြင့်ဓားကွက်များကိုပါ တတ်မြောက်ထား

www.burmeseclassic.com

www.burmeseclassic.com



သည် မဟုတ်ပါလော။

ထို့ကြောင့် ... သူက လိုဏ်ဂူထဲတွင် သင်ယူတတ်မြောက်ခဲ့သော သိုင်းကွက်ကိုးကွက်ကိုထုတ်၍ အသုံးပြုလိုက်၏။

ဓားရိပ်များ ရှုပ်ထွေးနေ၏။

လှုပ်ရှားမှုက မြန်ဆန်လွန်းလှ၍ ကြည့်ရသူအပေါင်းမှာ ချင်ဟူဖေးနှင့် စွမ်းထိုင်တို့အား ခွဲခြား၍ပင် မတွေ့ရတော့ပါ။

စင်မြင့်ပေါ်ဝယ် လူရိပ်များ လှုပ်ရှားနေသည်ကိုသာ တွေ့မြင်နေရလေသည်။

စွမ်းထိုင် ဒေါသထွက်လာ၏။

သူသည် သိုင်းကွက်သုံးဆယ်ကျော်သည်အထိ ချင်ဟူဖေးအား အသာမရခဲ့ပါ။

ချင်ဟူဖေးသည် သူ့အား လက်ရည်တူယှဉ်နိုင်၏။

ချင်ဟူဖေးသည် တိုက်ခိုက်ရင်းမှ တိုက်ပွဲအတွေ့အကြုံပိုလာရ၏။

မည်သည့်သိုင်းကွက်ကို မည်သည့်အခြေအနေတွင် သုံးရမည်ကို တစ်စထက်တစ်စ နားလည်လာ၏။

ထိုအခါ ...

သူ၏ဓားချက်များက ပရမ်းပတာမဟုတ်တော့ပါ။



စနစ်တကျရှိလာ၏။

ချင်ဟူဖေး၏ဓားကွက်များ စုစည်းပြီး စနစ်ကျလာသည်နှင့် စွမ်းထိုင်အား အပေါ်စီးမှ တိုက်ခိုက်လာနိုင်ခဲ့လေသည်။

စွမ်းထိုင်မှာ အနည်းငယ် အရေးနိမ့်လာသောအခါ လွန်စွာ ခံပြင်းသွား၏။

သိုင်းလောကတွင် သူ့အား ယှဉ်ပြိုင်နိုင်သူတစ်ယောက်မှ မရှိဟု အတွေးဝင်ထား၏။

မိမိကိုယ်မိမိ အထင်ကြီးခဲ့၏။

ယခု ဘာမဟုတ်သောလူငယ်တစ်ဦးကိုပင် ရှုံးရမလို ဖြစ်နေ၏။

စွမ်းထိုင်သည် အတွင်းအားကို အပြည့်အဝ စုစည်းလိုက်၏။

ထို့နောက် ... သူသည် ချင်ဟူဖေးအား တရကြမ်း ပြေးဝင်တိုက်ခိုက်လိုက်၏။

သူ၏တစ်သက်တာတွင် အလျင်မြန်ဆုံးနှင့် အားအပြင်းဆုံးဓားချက်ကို အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ချင်ဟူဖေးမှာလည်း လက်မလျှော့ဝံ့ပါ။

သူသည် မဟာစွမ်းအားအတွင်းအားကို အပြည့်အဝသုံးပြီး သိုင်းကွက်ကိုးကွက်မှ နောက်ဆုံးသိုင်းကွက်ကိုထုတ်၍ ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



တိုက်မိုက်လိုက်၏။

ဓားနှစ်လက် ရင်ဆိုင်တွေ့မိ၏။

ဓားနှစ်လက် ရင်ဆိုင်တွေ့လိုက်သည်နှင့် ...

'ခွမ်း'

စွမ်းထိုင်၏ဓားသည် ရန်နိုင်မိစားအား မခံနိုင်ဘဲ ကျိုးသွား၏။

ချင်ဟူဖေး၏ရန်နိုင်မိစားသည် ရပ်တန့်သွားခြင်းမရှိဘဲ ဆက်၍ တိုးဝင်လာခဲ့ရာ စွမ်းထိုင် အလွန်ပင် ထိတ်လန့်သွား၏။

သူသည် အလျင်အမြန် နောက်ပြန်ဆုတ်လိုက်၏။

သို့သော် ... ရှေ့သို့ အတင်းဝင်တိုးသည့်အရှိန်ကိုထိန်းပြီးမှ ပြန်ဆုတ်ရသဖြင့် နောက်ကျသွား၏။

ချင်ဟူဖေး၏ဓားက စွမ်းထိုင်အား မိမိရရ စုတ်ချမိသွား၏။

"အား"

စွမ်းထိုင်မှာ နာကျင်စွာအော်ဟစ်ရင်း လဲကျသွား၏။

သူသည် ချင်ဟူဖေး၏လက်ထဲမှ ရန်နိုင်မိစားအား ရှုံ့မှုန်းစွာ စိုက်ကြည့်လိုက်ပြီး ...

"မင်း ... ငါ့ကို မနိုင်၊ ဒီ ... ဓားကြောင့် ငါ ... ငါရှုံး"

စကားဆုံးအောင်ပင် မပြောနိုင်တော့ပါ။

BURMESE CLASSIC .com



စွမ်းထိုင်တစ်ယောက် အဓိုက်ဇာတ်သိမ်းသွားပြီဖြစ်သည်။

❒

တိုက်ပွဲပြီးဆုံးသွားပြီဖြစ်၏။

စုစု ယခုမှ သက်ပြင်းချကာ ... လက်ထဲတွင်ရှိသော ရန်နိုင်မိစားအတုကို ရေကန်ထဲ ပစ်ချလိုက်၏။

ထိုစဉ် ... ပရိသတ်များ၏ဩဘာသံများ ညံမစဲအောင် ထွက်ပေါ်လာ၏။

"ရန်နိုင်မိစားရှင်"

"ပထမစား"

"ရန်နိုင်မိစားရှင်တဲ့ဟေ့"

စုစုသည် ပရိသတ်များကြားမှ တိုးဖွေ့ကာ စင်မြင့်ပေါ် တိုးတက်လာခဲ့၏။

"ဝမ်းသာလိုက်တာ အစ်ကို၊ အစ်ကိုဟာ ပထမစားဘွဲ့ခံတဲ့ ရန်နိုင်မိစားရှင် ဖြစ်သွားပြီနော်"

ချင်ဟူဖေးက အသာခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ဒါပေမဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ဘာဖြစ်သလဲ အစ်ကို"

"အစ်ကို့မှာ တာဝန်တွေ မပြီးသေးဘူး"

"ဘာတာဝန်တွေများလဲ"

"အစ်ကိုတို့နိုင်ငံကို ကျူးကျော်နေတဲ့ မန်ချူးတွေကို ခုခံဖို့ တိုက်ပွဲဝင်ရဦးမယ်လေ"

"ညီမလည်း အစ်ကိုနဲ့အတူ တိုက်ပွဲဝင်ဖို့ လိုက်မယ်၊ ခွင့်ပြုနိုင်မလားဟင်"

ချင်ဟွာဖေး ဝမ်းသာသွား၏။

"ညီမ တကယ်ပြောတာလား"

စုစုက ပြုံးပြုံးလေး ခေါင်းညိတ်လိုက်၏။

ချင်ဟွာဖေးက စုစု၏ပခုံးကို အသာသိုင်းဖက်ပြီး ...

စင်မြင့်ပေါ်မှဆင်းကာ လမ်းကလေးအတိုင်း လျှောက်သွားကြလေသည်။

ရှေ့တွင် တိုက်ပွဲပေါင်းမြောက်များစွာကို ရင်ဆိုင်ရဦးမည်မှာ သေချာ၏။

သို့သော် ... သူတို့နှစ်ဦးစလုံးမှာ အင်အားအပြည့်နှင့် တက်ကြွနေလေတော့သည်။

တက္ကသိုလ်နေလင်းအောင်

BURMESE CLASSIC .com

www.burmeseclassic.com